SYNERGY
Publications

# နေကြာပန်းလေး တစ်ပွင့်လိုပြုံးပါ



နှင်းနှင်းစင်နှ

apk 2016

## နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ

နှင့်ကို ပထမဆုံးအကြိမ်တွေ့တော့ နှင် သေးငယ်လိုက်တာလို့ ငါထင်မိတယ်။ တစ်ယောက်တည်း အထီးကျန်ကျန် ချုံပုတ်မြက်ရိုင်းတွေ ကြားမှာ နှင်ရပ်နေခဲ့တယ်။

'နှင့်ကို ဂရုစိုက်မယ့်သူ မရှိဘူးလား' လို့ နှင့်ရှေ့မှာ ငါထိုင်ချပြီး မျက်လုံးလေး မှိတ်တုတ်မှိတ်တုတ်နဲ့ မေးတယ်။

နှင် ဘာမှ ပြန်မပြောဘူး… အသံမထွက်ဘဲ ခေါင်းငုံ့ထားတယ်။

နှင့်ရဲ့ အလျှော့မပေးတဲ့ ရင်ခုန်သံကို ငါကြားမိလိုက်သလိုပဲ။

'အချိန်က နင့်ကို ဖျောက်ဖျက်သွားနိုင်တယ်...သိလား' လို့ ငါပြောလည်း နင့်ဘက်က အသံမထွက်ခဲ့ဘူး။ ခါးကို နင် မတ်မတ်ရပ်ထားတယ်။

သက်ပြင်းတစ်ချက်ချပြီး နေရာကနေ ငါ ထွက်လာခဲ့တယ်။ နင့်ကို ငါ နောက်ထပ်တစ်ခေါက် တွေ့ရမယ်လို့ တော့ မထင်ခဲ့ဘူး။

ဒါပေမဲ့ ငါမှားသွားတယ်... လအနည်းငယ် အကြာမှာ ဒုတိယ အကြိမ် နင့်ကို ငါတွေ့ ပြန်တယ်။ မားမားမတ်မတ်ဖြစ်နေတဲ့ နင့်ကိုတွေ့တော့ ငါအံ့သြသွားတယ်။ နင့်အနား ငါလျှောက်သွားတယ်။ နင့်အရပ်က ငါ့လောက် နီးနီးဖြစ်နေခဲ့ပြီ။

'နင် သန်မာလာလိုက်တာ' လို့ ငါပြောတယ်။

နေရောင်ခြည်ကို နင်မော့ကြည့်တယ်။ ငါ့

ကိုစကားပြန်မပြောဘဲ နှင်ပြုံးတယ်။

နှင့်မျက်နှာပေါ်မှာ ရှင်သန်ခြင်းရဲ့ ဝင့်ကြွားမှုတွေ ထင်ဟပ်နေတယ်။

'ဒါဟာ ငါတွေ့ဖူးသမျှ အပြုံးတွေထဲမှာ အတောက်ပဆုံးပဲ' လို့ ငါပြောတယ်။

နှင် ပိုတောက်တောက်ပပပြုံးတယ်။ အဲဒီအပြုံးထဲမှာ မော်ကြွား ဘဝင်မြင့်ဟန် မပါဘူး။ ရိုးရိုးရှင်းရှင်းလေးပဲ။

'နှင် အသက်ရှင်ခဲ့တာပဲနော်... ကြည့်စမ်း ကျန်းမာလိုက်တဲ့ ရုပ်ခန္ဓာနဲ့ ' လို့ နှင့်ကိုကြည့်ပြီး ငါပြောဖြစ်တယ်။

နှင် ပြုံးမြဲပြုံးနေတယ်။ အချိန်ရဲ့ မတူညီတဲ့ တန်ဖိုးတွေ ငါ့ကို နှင် သက်သေပြနေသလိုပဲ။

'အချိန်က နှင့်ကို မွေးဖွားတယ်။ အချိန်က နှင့်ကို ဖန်တီးတယ်။ အချိန်ကပဲ နှင့်ကိုဖျက်

ဆီးလိမ့်မယ်' လို့ ငါ တည်တည်ငြိမ်ငြိမ်ပြော တယ်။

နင် နှောင်တမရစွာ ပြုံးနေမြဲပဲ။

နင် တစ်ချိန်လုံးကြည့်နေတဲ့ နေရာကို ငါ မော့ကြည့်လိုက်တယ်။ အဲဒီနေရာက နေရောင်ခြည်ဖြာထွက်ရာ နေရာပေါ့။ အချိန်ရဲ့ မျက်မြင် သက်သေ နေမင်းပဲဖြစ်တယ်။

'ဘယ်သူကမှ အချိန်နောက် အမီမလိုက်နိုင်ဘူး'

အဲဒီစကားကို ငါချန်ရစ်ပြီး ညနေဆည်းဆာအချိန်လောကမှာ နင့်ဆီကနေ ငါထွက်လာခဲ့တယ်။

နေရောင်ခြည်နောက် နင် ဖွဲ့မလျှော့စတမ်းလိုက်နေတုန်းပဲ။ နင့်ရင်ထဲက ယုံကြည်ချက်ကို ငါနားမလည်နိုင်တာလည်း ဖြစ်ခဲ့မှာ ပေါ့။

နင်က ငါ့ကို အမြဲအံ့ဩမှုတွေ ပေးတယ်။ နောက်ဆုံးတစ်ကြိမ် နင့်ကိုတွေ့တော့ နင်ဟာ ငါတွေးထင်တာထက် ပိုအိုစာနေခဲ့တယ်။

'ကြည့်ဦးလေ...အချိန်ကို နင်ဘာမှ မတတ်နိုင်ခဲ့ဘူး မဟုတ် လား' လို့ အကူအညီမဲ့စွာ ငါပြောတယ်။

နင့်ခါးတွေ အရင်လို မထောင်မတ်တော့ဘူး။ တစ်ကိုယ်လုံးလည်း အကောင်းပကတိမဟုတ်တော့ဘူး။

နင့်ကို ငါ ဆိတ်ဆိတ်ငြိမ်ငြိမ် ကြည့်နေမိတယ်။

ခေါင်းကို နင်ခက်ခက်ခဲခဲ ထောင်မတ်ထားတယ်။ အသံမထွက်ဘဲ နေမင်းကြီးကို အဲဒီနေရောင်ခြည်ကို မော့ကြည့်နေတုန်းပဲ။ နင့်မျက်ဝန်း အိမ်မှာ တော့ မျက်ရည်တွေ ပြည့်နေခဲ့တယ်။

အဲဒီအချိန်မှာ ပဲ… အဲဒီတစ်ခဏမှာ ပဲ… ငါ တုန်လှုပ်မိတယ်…နင် ပြုံးနေပါလား…။

စိတ်ကျေနပ်မှုအပြည့်၊ စွဲမက်ဖွယ်အကြည့် နဲ့ နင်ထွက်ခွာသွား တဲ့ အချိန်ကို ငါမေ့မရနိုင် ခဲ့ဘူး။

သိပ်မကြာတဲ့ အချိန်မှာ နင် ရှင်သန်ခဲ့တဲ့ နေရာဆီ ငါရောက်လာခဲ့ပြန်တယ်။

နင် ရှင်သန်ခဲ့တဲ့ နေရာကို ငါတွေ့တော့ ငါ အံ့ဩမှ င်တက်သွားမိတယ်။ နင်ရှိ ခဲ့တဲ့ နေရာ မှ ာ နေကြာပန်းတွေတစ်ခင်းလုံး ဖူးပွင့်နေလို က်တာ။ နေရောင် အောက်မှာ ရွှေရောင်တလ က်လက်နဲ့ သူတို့ လန်းဆန်းဝေဖြာနေလိုက် တာ။ ဟိုးအရင်တုန်းက နင့်အတိုင်းပဲ သူတို့ ပြုံးနေလိုက်တာ။

နင်မှန်ပါတယ်… ဘဝရဲ့ အတောမသတ်ခြ င်းက အချိန်အတွက် အကောင်းဆုံးဖြေရှင်းချ

က်ပေ့ါ။ အချိန်ကို ပြောင်းလဲနိုင်သည် ဖြစ်စေ၊ မပြောင်းလဲနိုင်သည် ဖြစ်စေ ရှင်သန်နေချိန်မှ အချိန်ကို တစ်စက္ကန့်၊ တစ်မိနစ် ဖမ်းဆုပ်ပြီး ဘဝအတွက်၊ တောက်ပမှုအတွက် အချိန်နဲ့ အဓိပ္ပာယ်ရှိတဲ့ အလုပ်တွေ လုပ်ဆောင်နေဖို့ ပါပဲ။

နှစ်ပေါင်းများ စွာကြာလို့ ငါအောင်မြင်ထင်ရှားသွားတဲ့ အခါ နင့်ကို ငါ ကျေးဇူးတင် သတိရနေမှာ ပါ။

နင်ဟာ နေကြာပန်းလေးတစ်ပွင့်ဆိုပေမယ့် ငါ့ကို နင့်လို ပြုံးနေ တတ်အောင် နင် သင်ပေးခဲ့လို့ ပါပဲ။

မူရင်းလင့်- http://www.85nian.net/zhihui/27646.html

*

# သစ်ငုတ်တိုမှာ လည်း နွေဦးရာသီရှိတယ်

သစ်ရွက်အတွင်းပိုင်းမှာ ပူးပူးကပ်ကပ် ပုန်းခိုနေတဲ့ ပန်းဖြူဖြူလေး သုံးပွင့်ကို ရုတ်တရက် ကျွန်မမြင်လိုက်မိတယ်။

အဲဒီပန်းလေးတွေက 'ထိခိုက်နာကျင်ခဲ့လည်း ၊ နွေဦးထွက်သွား ပြီဆိုပေမယ့်လည်း … မျှော်လင့်ချက်ရှိနေသရွေ့ ဝမ်းမနည်းပါနဲ့ ' လို့ လူတွေကို ပြောနေသယောင်ပါပဲ။

အဲဒီစာပိုဒ်လေးကို ကျွန်မ ချရေးတဲ့ အချိန်က အင်္ဂလန် Bournemouth နေအိမ်မှာ ကျွန်မ ထိုင်နေတဲ့ အချိန်အခါဖြစ်တယ်။ ထိုင်နေ တဲ့

နေရာကနေ ခေါင်းမော့ကြည့်ရင် ပြတင်းပေါက်အပြင်ဘက်က သစ်ပင် တချို့ကို တွေ့မြင်နိုင်တယ်။ အဲဒီသစ်ပင်တွေထဲမှာ Beech ပင်က ကျွန်မ အကြိုက်ဆုံးအပင်ဖြစ်တယ်။ ငယ်ငယ်တုန်းက အဲဒီသစ်ပင်ရဲ့ သစ်ကိုင်းဟာ ကျွန်မအတွက် အကောင်းဆုံး ထိုင်ခုံနောက်မှီဖြစ်တယ်။ သစ်ကိုင်းကိုမှီပြီး 'တာဇံ' စာအုပ်ကို ကျွန်မဖတ်ခဲ့တယ်။ ကျွန်မလည်း တစ်နေ့နေ့တစ်ချိန် ချိန်မှာ တောအုပ်ထဲနေထိုင်မယ်လို့ စိတ်ကူးယဉ်ခဲ့ဖူးတယ်။

သစ်ပင်က ကျွန်မရဲ့ အကောင်းဆုံးအဖော်ဖြစ်ခဲ့တယ်။ မကြာခဏဆိုသလို သစ်ပင်ထက်မှာ ကျွန်မ နာရီတော်တော်ကြာ နေခဲ့ဖူးတယ်။ ကျွန်မ မှာ ကြိုးရှည်တစ်ချောင်းရှိတယ်။ ကြိုးတစ်စကို သစ်ကိုင်းမှာ ချည်ပြီး ကျန်ကြိုး တစ်စမှာ ခြင်းလေးတစ်လုံးချည်ထားတယ်။ သစ်ပင်ပေါ်မှာ

က်ခင် ခြင်းထဲ မှာ စာအုပ်တစ်အုပ် ဒါမှ မဟု
တ် မစားရက်ဘဲ ထားထားတဲ့ ကိတ်မုန့်တစ်ချ
ပ် ဒါမှ မဟုတ် အိမ်စာလုပ်ရမယ့်စာအုပ်ကို ထ
ည့်ထားတယ်။ သစ်ပင်ပေါ် ရောက်ရင်
အဲဒီကြိုးကို ကျွန်မဆွဲတင်ပါတယ်။

အဲဒီသစ်ပင်ကို အရမ်းခန့်တယ်လို့ ကျွန်မ
ထင်ခဲ့တယ်။ နေ့တိုင်း သူ့နာမည် 'Beech' ကို
ကျွန်မ ခေါ်နေတတ်ခဲ့တယ်။ ကျွန်မရဲ့ လျှို့ဝှက်
ချက်တွေ အဲဒီသစ်ပင်ကို ပြောပြတတ်ခဲ့တယ်။
ကျွန်မရဲ့ ဖောင်းဖောင်းမို့မို့ လက်ကလေးနှစ်ဖ
က်နဲ့ ဒါမှ မဟုတ် ကျွန်မရဲ့ ပါးပြင်နဲ့ သူ့ရဲ့ ကြ
မ်းတမ်း မာကြောတဲ့ သစ်ခေါက်ကို အမြဲပွတ်
နေတတ်ခဲ့တယ်။ နွေညနေခင်းမှာ
သစ်ကိုင်းကြားထဲ လေညင်းတွေ
ဖြတ်သန်းသွားတဲ့ အခါ သူ့ရဲ့ တီးတိုး ရေရွတ်
သံတွေကို ကျွန်မကြားလိုက်မိသလိုပါပဲ။ သစ်
ရွက်လေးတွေက ယိမ်းနွဲ့သီဆိုကခုန်လို့ ... ဒါ

ဟာ ကျွန်မအတွက် သူ ဂရုတစိုက်စီစဉ်ထား တဲ့ ဖျော်ဖြေမှုဖြစ်တယ်။ လေပြင်းတိုက်တဲ့ အခါ သူ့လက်မောင်းကို ကျွန်မ တင်းတင်းဖက်ထားပြီး သူနဲ့ အတူ လေထဲမှာ လှုပ်ယမ်းခဲ့ကြတယ်။

တကယ်လို့ ကျွန်မတို့ ရဲ့ သာမန်မျက်လုံးနဲ့ပဲ မြေကြီးအောက်က အရာတွေကို တွေ့မြင်နိုင်ရင် ဒါဟာ ဘယ်လောက်နှစ်လို့ ဖွယ်ကောင်းလိမ့်မလဲ...။ သစ်ပင်ကြီးတစ်ပင်အောက်မှာ ကျွန်မ လူးလာခေါက်ပြန် မိတဲ့ အခါတိုင်း အဲဒီသစ်ပင်ရဲ့ သစ်ဆစ်၊ သစ်ဖုတွေမှာ နှစ်ကာလရဲ့ သမိုင်း ကြောင်းတွေ ဘယ်လောက်တောင် သိုဝှက်ထားမလဲ၊ လေထဲဆန့်ထုတ်ထား တဲ့ သစ်ကိုင်းတွေဟာ မိုးဒဏ်၊ လေဒဏ် ဘယ်လောက်တောင် သင့်ခဲ့ပြီလဲ၊ ပြီးတော့ ရေတွက်လို့ မကုန်နိုင်တဲ့ သစ်ရွက်တွေမှာ ဆိုညည်းလို့ မကုန်နိုင်တဲ့ သီချင်းတွေ ဘယ်လောက်များ

ရှိနေမလဲလို့ ကျွန်မတအံ့တသြဖြစ်မိတယ်။ ကျွန်မတို့ တွေ့ မြင်နေရတဲ့ မြေကြီးပေါ်က အပိုင်းအစဟာ သစ်ပင်ရဲ့ တစ်ပိုင်းတစ်စသာဖြစ်တယ်။ ဟိုနက်နက်မြေကြီးအောက်မှာ သူ့ရဲ့ အခြေမြစ်တွေနဲ့ မျှော်လင့် တောင့်တမှုတွေကို မြှုပ်နှံသိုဝှက်ထားတယ်။ သစ်ပင်နဲ့ ထိတွေ့ ဆက်ဆံတာ ကြာခဲ့ပြီမို့လားမသိ... သစ်ပင်ရဲ့ ပြောစကားကို ကျွန်မဖတ်ရှုနိုင်သလိုပါပဲ။ လူတွေနဲ့ ကင်းကွာလို့ မရနိုင်တဲ့ သူတို့ ရဲ့ လောကတစ်ခုကို ကျွန်မနားလည် သဘောပေါက်နေသလိုပါပဲ။

'Survivor Tree (သက်ရှင်ကျန်ရစ်နေတဲ့ သစ်ပင်)' လို့ အမည် ပေးထားတဲ့ သစ်ပင်က ၉/၁၁ အကြမ်းဖက်မှုမှာ ရှင်သန်ကျန်ရစ်နေခဲ့တဲ့ Callery Pear အပင်ကြီးပေါ့။ အဲဒီသစ်ပင်ဟာ ၂၀ ရာစု ၇၀ ပြည့်နှစ်ကစ နယူးယော့ခ် World Trade Center အမှတ်(၅)အဆောက်အအုံအနီး

မ ၂၁ စိုက်ပျိုးခဲ့တာဖြစ်တယ်။ နှင်းတွေနဲ့ ဖုံးလွှမ်းထားတဲ့ အေးစက်စက်လောက ကြီးထဲ နွေဦးရာသီရောက် လာပြီဆိုတဲ့ အကြောင်းကို သူ့ရဲ့ အဖြူရောင် ပန်းပွင့်လေးတွေနဲ့ လူတွေကို နှစ်စဉ်နှစ်တိုင်း သတင်းပါးနေခဲ့တယ်။ အကြမ်းဖက်မှုမှာ ခံလိုက်ရတဲ့ အဲဒီအဆောက်အအုံထဲက အရာဝတ္ထု တော်တော်များများ လိုပဲ သူလည်း ပဲ ပြိုကျခဲ့တဲ့ တိုက်ညီနောင်ကြားမှာ အမြှုပ်ခံနေခဲ့ရတယ်။

အချိန်တစ်လအကြာမှာ မှ အဆောက်အအုံပျက်တွေကို ရှင်းလင်း တဲ့ ဝန်ထမ်းတစ်ဦးက သူ့ကိုတွေ့သွားတာဖြစ်တယ်။ အဲဒီတုန်းက သူ့ရဲ့ အကိုင်းအခက်တွေ 'အစိတ်စိတ်ပိုင်းဖြတ်'ခံခဲ့ရပြီ။ ပြိုကျလာတဲ့ အင်္ဂတေ တစ်ချပ်ကြောင့် သူ့ခေါင်းမရှိတော့ဘဲ ငုတ်တိုဖြစ်ခဲ့ပြီ။ ကျန်နေတဲ့ အခက် အလက် တွေကလည်း မီးကျွမ်းနေခဲ့ပြီ။ သစ်မြစ်ကလည်း အပြင်းအထန် ထိခိုက်

ခံ ထားရတယ်။ လူတွေက သူ့ကို နယူးယော့ခ်ပန်းဥယျာဉ်ထဲ သယ်ဆောင်ပြီး ပြုစုပျိုးထောင်ထားလိုက်တယ်။

ဥယျာဉ်အုပ်ချုပ်ရေးမှူးက ကျွန်မကိုပြောပြတယ်... ပထမဆုံး အကြိမ် ဒီသစ်ပင်ငုတ်တိုကို သူတွေ့တုန်းက ဘယ်လိုနည်းနဲ့ မှ ဒီသစ်ပင်ကို ပြန်လည်ရှင်သန်ဖို့ လုပ်နိုင်မှာ မဟုတ်ဘူး လို့ သူထင်ထားခဲ့တယ်။ မီးကျွမ်းထားတဲ့ အပိုင်းကိုဖြတ်ထုတ်ထားတဲ့ သစ်ငုတ်တိုဟာ သူ့ကိုပြန်လည်ပျိုးယူထားတဲ့ မြေကြီးထဲမှာ အမြစ်ပေါက်လာလိမ့်မယ်လို့ သူထင်မထားခဲ့မိဘူး။

ဆန်းကြယ်တဲ့ ဘဝ ကံတရားရဲ့ အစီရင်ကို ခံထားရတဲ့ 'Survivor Tree (သက်ရှင်ကျန်ရစ်နေတဲ့ သစ်ပင်)'ဟာ ၂၀၁၀ ပြည့်နှစ် နွေဦးရာသီမှာ လောင်ကျွမ်းတဲ့ မီးထဲ ပါသွားခဲ့ရပြန်တ

ယ်။ တစ်နာရီ မိုင် ၁၆၀ နှုန်းနဲ့ တိုက်ခတ်တဲ့ မုန်တိုင်းတစ်ခုဟာ 'Survivor Tree' ရှိရာ အရပ်ဆီ ၂၀၁၀ တိုက်ခတ်သွားပြီဆိုတဲ့ အကြောင်း ဥယျာဉ်အုပ်ချုပ်ရေးမှူး သတင်းရလိုက် တယ်။ ကလေးသုံးယောက်နဲ့ 'Survivor Tree' ဆီ အုပ်ချုပ်ရေးမှူးရောက် သွားချိန်မှာ သူ့ရဲ့ အမြစ်တချို့က မြေပြင်ပေါ်ရောက်နေခဲ့ပြီဖြစ်တယ်။ ကလေးတွေအပါအဝင် တခြားလာရောက်ကူညီသူတချို့နဲ့ 'Survivor Tree' ကို ခွဲစိတ်ကုသမှု နောက်ထပ်တစ်ကြိမ် သူတို့ ပြုလုပ်ခဲ့ကြတယ်။

စစချင်းမှာ လှုပ်ရှားမှု ပြင်းပြင်းထန်ထန် သူတို့ မလုပ်ရဲကြဘူး။ သစ်ကိုင်းတချို့ကို မပြီး သစ်ပင်ကို မြေကြီးပေါ်မှာ ထောင်မတ်နိုင်တဲ့ အနေအထားနဲ့ အပင်ရင်းမှာ မြေဩဇာနဲ့ အရာတချို့ ဖုံးအုပ်ရုံပဲ သူတို့ လုပ်ခဲ့တယ်။ ရေတောင် တိုက်ရိုက်မလောင်းရဲဘဲ နေ့တိုင်း ရေ

နည်းနည်း ဖျန်းရုံလောက်ပဲ လုပ်ခဲ့တယ်။

ရက်သတ္တပတ်အနည်းငယ်ကြာတဲ့ အခါ ကရိန်းကားကြီးတစ်စီး က အဲဒီ ၉ မီတာမြင့်တဲ့ သစ်ပင်ကို 'အရိုးတည့်' (မတ်မတ်ထောင်မတ်)ပေးလိုက်တယ်။ 'Survivor Tree' သေရာက ပြန်လည်ရှင်သန်လာ ခဲ့ပြန်တယ်။

၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလမှာ သူ့ကိုတွေ့ရှိခဲ့တဲ့ သူ့နဂိုနေရာဆီ ပြန်ပို့လိုက်ပါတယ်။ သူ့ကို ပြန်ပို့ဖို့ အကြံပေးသူက ၉/၁၁ အထိမ်း အမှတ်ပြတိုက်ကို တာဝန်ယူ ဒီဇိုင်းရေးဆွဲတဲ့ Ron Vega ဖြစ်တယ်။ စစချင်းမှာ သူ့ရဲ့ အကြံပြုချက်ကို လူတချို့က ဆန့်ကျင်ခဲ့ကြတယ်။ အဲဒီနဂို နေရာမှာ အခြားသစ်ပင်အသစ်တွေ စိုက်ပျိုးထားပြီဖြစ်တာက တစ်ကြောင်း၊ 'Survivor Tree' က Callery Pear သစ်ပင်အမျိုးအစားဖြစ်တာကြောင့် သစ်တောရှုခင်းကို ဖျက်ဆီးရာ

ရောက်နိုင်ကြောင်း ဆိုကြတယ်။ တကယ် တမ်း ပြောင်းရွှေ့စိုက်ပျိုးလိုက်ချိန်မှာ သူဟာ အကြမ်းဖက်ခံရချိန် အဲဒီ ဝန်းကျင်မှာ တစ်ဦးတည်းအသက်ရှင်ကျန်ရစ်ခဲ့သူဖြစ်တာကြောင့် လူတွေ ဟာ သူနဲ့ အတူ အမှတ်တရဓာတ်ပုံတွေ ရိုက်ကြတယ်။ ဖဲကြိုးပြာတွေ သူ့ကိုယ်ပေါ်မှာ စည်းနှောင်ကြတယ်။

ဧပြီလရဲ့ အေးချမ်းသာယာတဲ့ မနက်ခင်းတစ်ခုမှာ ရွှေရောင် လက်လက်နဲ့ နေခြည်ဟာ သူ့ကို ပတ်ပတ်လည် ဝန်းရံထားတယ်။ ကျွန်မရဲ့ အကြည့်ထဲမှာ တော့ သူဟာ သရဖူတစ်ခုကို ဆောင်းထားတဲ့ စိတ်ဓာတ် ဝိညာဉ်ရဲ့ ဦးဆောင်သူတစ်ဦးလိုပါပဲ။ သူ့ကို ကာကွယ်ထိန်းသိမ်းထားတဲ့ အကာအရံအပြင်ဘက်မှာ ရပ်ကြည့်နေရင်း ကျွန်မရဲ့ မျက်ရည်တွေက ကျွန်မရဲ့ အမြင်ကို မှုန်ဝါးစေခဲ့တယ်။ ပန်းပွင့်ရာသီကို ကျော်လွန်ခဲ့လို့ သူ့အခက်အလက်တွေ အနည်း

ငယ်ထီးတည်းဖြစ်နေပါတယ်။ သူ့အနားမှာ အချိန်အကြာကြီးရပ်တန့်ပြီး နေရာကနေ ကျွန်မခွာမယ့်ဆဲဆဲမှာ ထူးဆန်း အံ့သြမှုတစ်ခုကဘွားခနဲထွက်ပေါ်လာခဲ့တယ်။

သစ်ရွက်အတွင်းပိုင်းမှာ ပူးပူးကပ်ကပ် ပုန်းခိုနေတဲ့ ပန်းဖြူဖြူလေး သုံးပွင့်ကို ရုတ်တရက် ကျွန်မမြင်လိုက်မိတယ်။

အဲဒီပန်းလေးတွေက 'ထိခိုက်နာကျင်ခဲ့လည်း ၊ နွေဦးထွက်သွားပြီ ဆိုပေမယ့်လည်း ... မျှော်လင့်ချက်ရှိနေသရွေ့ ဝမ်းမနည်းပါနဲ့ ' လို့ လူတွေ ကို ပြောနေသယောင်ပါပဲ။

မူရင်းလင့်- http://www.85nian.net/meiwen/46226.html

*

# ပန်းစကား

## (၁)

ပန်းတချို့က နေ့မှာ ပွင့်ပြီး ညမှာ အိပ်တယ်။

ပန်းတချို့က ညမှာ ပွင့်ပြီး နေ့မှာ အိပ်တယ်။

မတူတဲ့ ပန်းက အိပ်တဲ့ ပုံစံလည်း မတူဘူး။ အိပ်ချိန်လည်း မတူဘူး။ အိပ်ချိန် အတိုအရှည်လည်း မတူဘူး။ ပန်းတချို့က အိပ်နေရင်း ညင်ညင် သာသာ ဟောက်တတ်တယ်။

ပန်းတွေလည်း အိပ်တတ်ပါသလား...

တစ်နေ့က ကလေးမလေးတစ်ယောက်နဲ့ သူ့မေမေရဲ့ စကား သံတချို့ကို ကျွန်မကြားလိုက်မိတယ်။

'ပန်းကြွေတယ်ဆိုတာ ပန်းအိပ်ပျော်သွားတာလား မေမေ'

'ဟုတ်တယ်... ပန်း အိပ်ပျော်သွားတာ'

'ဒီလိုဆိုရင် သူ ဘယ်အချိန် နိုးလာမှာ လဲ'

'နောက်နှစ် နွေဦးမှာ ပေါ့'

'ဒီလောက်အချိန်အကြာကြီး သူအိပ်သွားတယ်ပေါ့...'

တကယ်တော့ ပန်းအိပ်ရင် နွေဦးလည်း အိပ်သွားတယ်။

ပန်းနိုးတော့ နွေဦးလည်း နိုးလာတယ်။

နွေဦးက ပန်းကို နှိုးလိုက်တာလား... ပန်းက နွေဦးကို နှိုးလိုက် တာလား...။

(၂)

ကြာပန်းက ကမ္ဘာမြေကြီးပေါ်မှာ နှစ်သန်းပေါင်းတစ်သန်းကျော်ကတည်းက ရှိနေခဲ့တယ်။ အဲဒီတုန်းက လူတွေ မမွေးဖွားသေးဘူး။

မနက်ခင်းတိုင်းက ကြာပန်းပွင့်တဲ့ အချိန်ဖြစ်တယ်။ တကယ်လို့ ကြာပန်းတစ်ပွင့်ဟာ မနက်ခင်းပိုင်းမှာ ကိုယ့်အပြုံးကို မပွင့်လန်းဘူးဆိုရင် နေ့ခင်း၊ ညခင်းရောက်လည်း သူဟာ မပွင့်နိုင်တော့ပါဘူး။ ညဆိုရင် ပိုလို့ တောင် မပွင့်တတ်တော့ပါဘူး။

ဒီကနေ့ မနက်မှာ ပွင့်တဲ့ ကြာပန်းက မနေ့ကပွင့်တဲ့ ကြာပန်း မဟုတ်ဘူး ။ မနက်ဖြန်ပွင့်မယ့် ကြာပန်းလည်း မဟုတ်ဘူး ။ တခြားနေရာ ဒေသကနေပွင့်တဲ့ ကြာပန်းလည်း မဟုတ်ဘူး ။ ကြာပန်းတစ်ပွင့်တိုင်းမှာ သူ့ ကိုယ်ပိုင်တစ်မူထူးခြားတာတွေ ရှိတယ်။ ကြာပန်းတစ်

ပွင့်တိုင်းက ကမ္ဘာပေါ် မှာ တစ်ပွင့်တည်းပဲရှိတယ်။

ပန်းပွင့်တစ်ပွင့်တိုင်းဟာ တစ်သက်မှာ တစ်ခါသာ ပွင့်ရတယ်။ ဒါကြောင့် သူဟာ လေးနက်ရတယ်။ ဂရုစိုက်ရတယ်။ အမှုမဲ့မဖြစ်ရဘူး။ မလွဲချော်ရဘူး။ လွဲချော်တာနဲ့ ပန်းပွင့်ချိန်ဆိုတဲ့ အခွင့်အရေးကို ဘယ်တော့မှ ရတော့မှာ မဟုတ်ဘူး ။

ပန်းပွင့်တဲ့ နေ့က ပန်းရဲ့ မွေးနေ့ဖြစ်တယ် ... ပန်းရဲ့ အထိမ်းအမှတ် နေ့ဖြစ်တယ်...ပန်းရဲ့ နှစ်သစ်ဖြစ်တယ်။

ပန်းမှာ လည်း ဦးနှောက်ခြောက်စရာ၊ စိတ်ညစ်စရာတွေရှိတယ်။ ပျော်ရွှင်စရာ၊ ဝမ်းနည်းစရာတွေရှိတယ်။ ဒါပေမဲ့ စိတ်ညစ်လို့ ၊ ဝမ်းနည်းလို့ ၊ စိတ်ရှုပ်လို့ ဆိုပြီး သူတို့ ဟာ သူတို့ ရဲ့ မွှေးရနံ့ကို ထုတ်လွှင့်ဖို့ မမေ့ကြဘူး။ သူတို့ ရဲ့

အလှတရားကို ထုတ်ဖော်ဖို့ မမေ့ကြဘူး။

ဒီလောကမှာ ပန်းပွင့်ဖို့ မေ့သွားတဲ့ ပန်းဆိုတာ မရှိပါဘူး…။

(၃)

ပန်းတွေက နွေဦးရာသီမှာ ပဲ ပွင့်လန်းတယ်လို့ တချို့က ဆိုတယ်… အဲဒီလိုလည်း မဟုတ်ပါဘူး။

နွေမှာ ဆိုရင် နှင်းဆီ၊ ပိတောက်၊ လက်ပံတွေ ဝေဝေဆာဆာ ဖူးပွင့်တယ်။

မိုးမှာ ဆိုရင် ဂန္ဓမာ၊ စံပယ်၊ ဇီဇဝါတွေ လှလှပပဖူးပွင့်တယ်။

ဆောင်းမှာ ဆိုရင် ချယ်ရီ၊ ခရစ္စမတ်ရွက်လှ၊ မက်မွန်ပန်းတွေ ဖူးပွင့်တယ်။

နှင်းဖွဲဖွဲကျတဲ့ ရာသီမှာ တောင် ထင်းရှူးပွင့်တွေက နှင်းတွေကြား မှာ ရဲရဲဖူးပွင့်ကြတယ်

။

တကယ်တော့ နွေ၊ မိုး၊ ဆောင်း ဘယ်ရာသီပဲဖြစ်ဖြစ် ပန်းတွေက ပွင့်မယ်ဆို ပွင့်လိုက်တာပါပဲ။

အချိန်မရွေးပန်းတွေပွင့်တယ်၊ ပန်းပွင့်တဲ့အချိန်ဆိုတာရှိတယ်။

ပန်းမပွင့်တာဟာ မပွင့်တဲ့ အကြောင်းတရားရှိသလို ပန်းပွင့်တာဟာလည်း ပွင့်တဲ့အကြောင်းတရားရှိတယ်။ ဘယ်အချိန်ပွင့်ပွင့် ပွင့်တဲ့ အကြောင်းတရား ကိုယ်စီ သူတို့ မှာရှိကြတယ်။

ပန်းပွင့်တိုင်းမှာ ကိုယ်နဲ့ သက်ဆိုင်တဲ့ နွေဦးရာသီတစ်ခုရှိကြ တယ်။ သူတို့ ဘယ်အချိန်ပွင့်ရင် အဲဒီအချိန်ဟာ သူတို့ ရဲ့ နွေဦးရာသီပဲဖြစ်တယ်။

ဆောင်းနှင်းကြားမှာ ပွင့်တဲ့ ချယ်ရီဟာ

ဆောင်းရာသီကို အန်တု ပြီး နွေဦးရာသီဆီ အရောက်လှမ်းပါတယ်။

(၄)

ကုမုဒြာ၊ ညမွှေးပန်း၊ စံပယ်ပန်း၊ Morning Glory စတဲ့ ပန်းတွေ ဟာ ညအချိန်မှာ ပွင့်တဲ့ ပန်းဖြစ်တယ်။ ကမ္ဘာမြေကြီး အိပ်မောကျချိန်၊ လူတွေ အိပ်မက်မက်ချိန်မှာ သူတို့ ဟာ အစွမ်းကုန်ပွင့်လန်းနိုင်ဖို့ ကြိုးစား နေချိန်ဖြစ်တယ်။

လှလှပပပွင့်ထားတဲ့ ပန်းပွင့်ကိုပဲ လူတွေ တွေ့ မြင်ကြတာ။ အဲဒီလို ပွင့်ဖို့ ပန်းတစ်ပွင့်တိုင်းရဲ့ ကြိုးစားရုန်းကန်မှုကိုတော့ ညကပဲ သိပါတယ်။

ပန်းပွင့်တဲ့ အချိန်မှာ ပန်းဟာ ဆိတ်ဆိတ်ငြိမ်ငြိမ်၊ အသံမထွက်၊ ဘယ်သူ့ကိုမှ မပြောဘဲ ပွင့်လန်းတယ်။ ဘယ်ပန်းကမှ သူပွင့်ခါနီး လှုပ်လှုပ် ရှားရှားဖြစ်တာမျိုး၊ အော်ကြီးဟစ်ကျယ်

နဲ့ 'ငါ ပွင့်တော့မယ်... ငါ ပန်းပွင့် တော့မယ်' လို့ မအော်ဘူး။

တကယ်လို့ လူက ပန်းတစ်ပွင့်ဖြစ်ခဲ့ရင် ဆိတ်ဆိတ်ငြိမ်ငြိမ် ပွင့်လန်းတတ်တဲ့ လူ ဘယ်နှယောက်များ ရှိနိုင်မလဲ။

(၅)

ပန်းတွေမှာ အဖြူ၊ အဝါ၊ အပြာ၊ အနီ၊ အစိမ်း၊ ကြက်သွေး၊ ပန်းရောင်၊ အနက်...စတဲ့ အရောင်တွေ အမျိုးမျိုးရှိကြတယ်။ အနီရောင်က ကြက်သွေးရောင်ထက် အထက်တန်းမကျသလို အဝါရောင်ကလည်း အဖြူရောင်ထက် မနိမ့်ကျပါဘူး။ ပန်းရောင်က အနီရောင်ကို ကိုယ်စား မပြုနိုင်သလို အပြာရောင်ကလည်း အစိမ်းရောင်ကို ကိုယ်စားမပြုနိုင်ပါဘူး။ ပန်းတိုင်းက သူ့အရောင်နဲ့ သူ ကြီးကျယ်မြင့်မြတ်ပါတယ်။

စံပယ်မှာ လည်း သူ့ဆွဲဆောင်မှုနဲ့ သူ၊ နှင်းဆီမှာ လည်း သူ့တောက်ပ မှုနဲ့ သူ၊ ဂန္ဓမာက လည်း လူကို ညှို့ယူနိုင်သလို မက်မွန်ပွင့်တွေကလည်း လူကို ဖမ်းစားနိုင်ပါတယ်။ ဓိဇဝါလှ သလို အမည်အသိတဲ့ ပန်းရိုင်းတွေက လည်း လှပါတယ်။ ပန်းတိုင်းမှာ သူ့အလှနဲ့ သူ ကိုယ်စီ ရှိကြတယ်။ ပန်းတစ်ပွင့် ရဲ့ အလှက အခြားပန်းတစ်ပွင့်ကို ကိုယ်စားမပြုနိုင်ပါဘူး။

ပန်းတစ်ပွင့်က အခြားပန်းတစ်ပွင့်ကို မနာလိုမဖြစ်တတ်ဘူး။ မခွဲခြားဆက်ဆံတတ်ဘူး။ ရန်ငြိုးမထားတတ်ဘူး။ အငြိုးအတေးမထားတတ်ဘူး။ မဆဲတတ်ဘူး။

ပန်းတစ်ပွင့်က သူပွင့်ချိန်ရောက်လို့ ဆိုပြီး အခြားပန်းတစ်ပွင့်မပွင့် အောင် မတားဆီးဘူး။ တခြားပန်းပွင့်တာ ပိုလှတယ်ဆိုပြီး သူ့ထက် ပိုလှတဲ့ ပန်းတွေကို မနာလိုတာမရှိဘူး။

ဘယ်ပန်းကမှ ကိုယ့်ကို ကိုယ်စားမပြုနိုင်ဘူးဆိုတာ ပန်းတိုင်း သိတယ်။ ကိုယ့်အဖူးကိုကိုယ်ပဲ ပွင့်ရတယ်။ တခြားပန်းလောက် ပွင့်တာ မလှ ပါစေ။ ကိုယ့်ကိုယ်ကိုယ်ပွင့်လန်းကြတယ်။ တခြားပန်းတွေ ဘယ်လောက် လှပအောင် ပွင့်နေနေ ကိုယ်တိုင်ပွင့်လန်းဖို့ က အရေးအကြီးဆုံးဖြစ်တယ်။

ပန်းတစ်ပွင့်ညှိုးနွမ်းလို့ ကြွေသွားရင် သူဟာ တခြားပန်းတစ်ပွင့်ရဲ့ အာဟာရ ဖြစ်သွားတယ်။ ပန်းတစ်ပွင့်သေဆုံးသွားရင် သူနံဘေးမှ ပန်းက ပိုပြီး လှလှပပဖူးပွင့်နိုင်တယ်။ ပန်းပွင့်တွေရဲ့ ကြားမှာ ပဲ ပန်းတွေက ရှင်သန် ချင်နေခဲ့တာ...။

(၆)

တဆေးနွယ်ပန်းက မနက် ၃ နာရီမှာ ပွင့်တယ်။ ဒါဟာ နေ့ရက် တစ်ရက်တာမှာ အစော

ဆုံးပွင့်တဲ့ ပန်းဖြစ်တယ်။ အဲဒီနောက်မှာ Morn ing Glory၊ နှင်းဆီရိုင်း…စတဲ့ ပန်းတွေ ပွင့်ကြတယ်။ ပန်းပွင့်သေးပေမယ့် အရင်ဆုံး အစောဆုံးပွင့်ကြတယ်။ ညအမှောင်ကိုခွင်းပြီး ပွင့်လန်းကြတယ်။ နေဆိုတဲ့ ပန်းပွင့်ကြီးကို လန့်နိုးအောင် ပွင့်ပစ်လိုက်ကြတယ်။

ပန်းတစ်ပွင့်ရဲ့ ရှေ့မှာ သင့်စိတ်ကို တည်တည်ငြိမ်ငြိမ်ထားရင် ပန်းပွင့်တဲ့ အသံကို သင်ကြားနိုင်တယ်လို့ လူတွေက ပြောကြတယ်။ ပန်းပွင့်ချိန် တကယ်ပဲ အသံရှိသလား…။

ပန်းပွင့်တစ်ပွင့်တိုင်း စကားပြောတတ်တယ်လို့ လူတွေက ဆိုကြတယ်။ ပွင့်အာလိုက်တဲ့ ပန်းတွေက ဟလိုက်တဲ့ ပါးစပ်လိုပါပဲ။ ပွင့်ဖတ်တွေက ဆွဲဆောင်မှုရှိတဲ့ နှုတ်ခမ်းလွှာတွေပေါ့။ ပါးစပ်ရှိလျက်နဲ့ ပန်းတွေပြောတဲ့ စကားကို ဘာလို့ မကြားရတာပါလိမ့်။

တကယ်တော့ ပန်းတွေဟာ ပါးစပ်ရှိလျက်နဲ့ နှုတ်ဆိတ်သူတွေ ဖြစ်တယ်။ သူတို့ ဟာ စကားပြောစရာမလိုခဲ့ဘူး။ ပန်းဆိုတဲ့ သူတို့ ကိုယ်တိုင် ကပဲ အလှဆုံးစကားလုံးတွေ ဖြစ်နေခဲ့ပါတယ်။

(၇)

ပန်းအများ ရဲ့ အသက်က တိုတောင်းကြတယ်။ ပန်းပွင့်ချိန် တိုကြ တယ်။ ဖရုံပွင့်၊ ဖရဲပွင့်တွေက မနက်ခင်းမှာ ပွင့်ပြီး နေ့ခင်းပိုင်းမှာ ညှိုးနွမ်း ကုန်ကြတယ်။ Morning Glory က အရမ်းလှတဲ့ ပန်းပါ။ ဒါပေမဲ့ ခြောက်နာရီ ခုနစ်နာရီလောက်သာ ခံတယ်။ အဝါရောင်ပန်းတွေ ပွင့်တဲ့ ဒုဓလီက ၁၀ နာရီ လောက်ပဲ ခံတယ်။ ဂန္ဓမာပန်း၊ ကျောက်ပန်း(Lithops) တွေက နည်းနည်း ခံတယ်။ ငါးရက်၊ ခြောက်ရက်လောက်ပဲခံတယ်။ ချယ်ရီပန်း ပန်းပွင့်ချိန်က လေးရ

က်ကနေ ၁၀ ရက်လောက်ပဲ ရှိတယ်။ မက်မွန် ပန်း၊ စံပယ်ဝါတွေက လည်း ၁၀ရက်လောက် ပဲခံတယ်။ သစ်ခွပန်းတွေက ပိုတာရှည်ခံတယ် ။ တချို့ သစ်ခွပန်းတွေက တစ်လလောက် ခံ တယ်။ အပူပိုင်းမှာ ပွင့်တဲ့ သစ်ခွပန်း တစ်မျိုး က ရက်ပေါင်း ၈၀ ခံတယ်။ ပန်းတွေထဲမှာ အ သက်အရှည်ဆုံးပန်း ဖြစ်တယ်။

ကုမုဒြာပန်းက သုံးနာရီလောက်သာ ခံတဲ့ ပန်းဖြစ်တယ်။ သူဟာ ပန်းတွေထဲမှာ အသက် အတိုဆုံးပန်းတော့ မဟုတ်ဘူး ။ တောင်အမေ ရိက တိုက် အမေဇုန်တောမှာ ရှိတဲ့ ဗီတိုရီး ယားကြာပန်းတစ်မျိုးကတော့ မနက်ခင်းပိုင်း လေးမှာ ပဲ ပွင့်ပြီး နာရီဝက်အကြာမှာ ညှိုးနွမ်း သွားပါတယ်။

ဂျပန်စာရေးဆရာ Yasunari Kawabata က ပြောတယ်။ 'ပန်းပွင့်တာ သေဖို့ 'တဲ့ ။ လောက

မှာ ရှိတဲ့ ပန်းတွေတိုင်းက သေရမှာ ကို ကြောက်လို့ ဆိုပြီး မပွင့်ဘဲ မနေကြဘူး။ ပွင့်ပြီးရင် ညှိုးနွမ်းသေဆုံးရမယ် ဆိုပြီး မပွင့်ရဲဘဲလည်း မနေဘူး။ အချိန် ဘယ်လောက်တိုတိုလေးပဲ ခံခံ သူတို့ ကတော့ အလှဆုံးပွင့်လန်းပြီး အလှဆုံးအချိန်ကို   လူ့လောကမှာ ထားရစ်ခဲ့ကြတယ်။

သူတို့ သေဆုံးသွားရင် သူတို့ ရဲ့ နောက်မျိုးဆက်တွေ ဆက်ပေါ်လာ တယ်။ သူတို့ ရဲ့ နောက်မျိုးဆက်တွေ ဆက်ပွင့်လန်းတယ်။ ပန်းပွင့်ချိန်မှာ ပန်းရှေ့ကို သင်ရောက်လာတာဟာ သင်နဲ့ ပန်းရဲ့ ရေးရေစက်ပဲဖြစ်တယ်။

(၈)

တောင်ပေါ်မှာ လှလှပပပွင့်လန်းနေတဲ့ တောရိုင်းပန်းတစ်ပွင့်ကို ကျွန်မ တွေ့လိုက်တယ်။ အဲဒီပန်းရဲ့ နာမည်က ဘာလဲတော့ မသိ

ဘူး။ ဘာကြောင့် အဲဒီနေရာမှာ သူ ဆိတ်ဆိတ်ငြိမ်ငြိမ် ဖူးပွင့်နေသလဲဆိုတာ ကို လည်း ကျွန်မ မသိဘူး။

ဒီတောင်က တခြားတောင်တွေရဲ့ ပတ်လည်ကြားမှာ ရှိတယ်။ နာမည်ရှိတဲ့ တောင်လည်း မဟုတ်ဘူး ။ တောင်တက်သမားတွေ မလာတာ လည်း နှစ်တွေကြာခဲ့ပြီ။ အရင်တုန်းကလည်း ဘယ်သူမှ အရောက်အပေါက် မရှိခဲ့တဲ့ တောင်ပါ။ ဒီတောရိုင်းပန်းလေးက အဲဒီတောင်မှာ ငွားငွားစွင့်စွင့် ပွင့်လို့ ။ ကြည့်မယ့်သူ မရှိသလို သိမယ့်သူလည်း မရှိဘူး။ တစ်သက်လုံး ပွင့်ခဲ့တဲ့ သူတို့ ကို ဘယ်သူမှ သိခဲ့မှာ လည်း မဟုတ်ဘူး ။ ဒါဆို သူ ဘာကြောင့် ပွင့်သလဲ…။

လူတွေမသိလည်း ၊ လူတွေ မကြည့်လည်း သူကတော့ ကြိုးစားပြီး ပွင့်လန်းနေပါတယ်၊

အစွမ်းကုန် ပွင့်လန်းနေပါတယ်။ လေးလေးန
က်နက် ပျော်ပျော်ရွှင်ရွှင် ပွင့်လန်းနေပါတယ်။
သူတို့ သိတာက သူတို့ ပွင့်တာကို မြက်ကလေး
တွေ ကြည့်နေတယ်။ ပိုးကောင်လေးတွေ ကြ
ည့်နေတယ်၊ ငှက်ကလေးတွေ၊ တိမ်ဖြူဖြူတွေ၊
ကောင်းကင်ပြာပြာ၊ နေက ကြည့်နေ တယ်ဆို
တာကို သူတို့ သိတယ်။

ဒီတောရိုင်းပန်းလေးက အခြားပန်းတွေနဲ့
မပြိုင်ဆိုင်ဘူး။ မလုဘူး။ တခြားလူအတွက်
သူပွင့်တာ မဟုတ်ဘူး ၊ သူ့အတွက် သူပွင့်လန်း
တာပါ။

ဒီလောကမှာ ရှိတဲ့ ပန်းတစ်ပွင့်တိုင်းကို ချီး
ကျူးနှစ်သက်တဲ့ သူတွေရှိကြတယ်လို့ တချို့က
ပြောတယ်။ ဒီလိုဆိုရင် ဒီတော၊ ဒီတောင်
ထဲမှာ ပွင့်တဲ့ တောရိုင်းပန်းလေးတွေကိုရော
လူတွေ ချီးကျူးနှစ်သက်ခဲ့ကြ သလား...။

တကယ်တော့ လောကမှာ ရှိတဲ့ ပန်းတစ်ပွင့်တိုင်းက မွေးခဲ့ဖူး တယ်။ လှခဲ့ဖူးတယ်။ ပွင့်ခဲ့ဖူးတယ်။ လန်းဆန်းခဲ့ဖူးတယ်။ ပျား၊ ပိတုန်းတွေ နမ်းရှုံ့ခဲ့ဖူးတယ်။ လိပ်ပြာတွေနဲ့ တွေ့ဆုံခဲ့ဖူးတယ်၊ လေနုအေးတွေ အဖော် ပြုခဲ့ဖူးတယ်။ နေရောင်တွေ ထွေးပွေ့ခဲ့ဖူးတယ်၊ ရှင်သန်လာတာကနေ ဖူးပွင့် သေဆုံးသွားတဲ့ အထိ လူတွေ မတွေ့ရှိခဲ့ဖူးလည်း ၊ တစ်လောကလုံးက အသိအမှတ်မပြုခဲ့ဖူးလည်း ... သူကတော့ အစွမ်းကုန် လှလှပပဖူးပွင့်နေ မှာ ပါပဲ။

တကယ်ပဲ တစ်ယောက်မှ အဲဒီပန်းလေးတွေကို မတွေ့ခဲ့ကြ ဘူးလား...။

မူရင်းလင့်- http://www.85nian.net/zhihui/38013.html

*

# ကိုယ် နှစ်သက်သူကိုပဲ ကြင်နာတတ်တယ်တဲ့ လား

ကျွန်မရဲ့ ဖေဖေက အရမ်းကြင်နာတတ်တဲ့ လူတစ်ယောက်ပေါ့။

သူဟာ လေလွင့်ခွေးတွေကို မကြာခဏ ကောက်ယူကျွေးမွေး စောင့်ရှောက်တယ်။ ဆောင်းရာသီမှာ ခွေးတွေ ချမ်းမှာ စိုးလို့ ဆိုပြီး ညဥ့်နက် သန်းခေါင်ထ,ထပြီး ခွေးတွေကို စောင်ခြုံပေးတတ်တယ်။ တစ်ခါက အပြင်မှာ ဖေဖေ ရက်ဆက် အလေလိုက်နေတုန်း မေမေက ခွေးတစ်ကောင်ထွက် ပြေးသွားလို့ ကားတိုက်မိတဲ့ အကြောင်း၊ အဲဒီခွေးကို တိရစ္ဆာန်ဆေးရုံ

ပို့ထား ကြောင်း သူ့ဆီဖုန်းဆက်ပြောတယ်။

ဖေဖေ အရမ်းစိုးရိမ်ပြီး ဆေးရုံကို အပြေးလိုက်သွားခဲ့တယ်။ ချွေးလေးခဲ့စိတ်ရတာကိုကြည့်ပြီး ဖေဖေ ရင်နာမျက်ရည်ကျခဲ့တယ်။ အိမ်ပြန် ရောက်တော့ ဖေဖေဟာ ချွေးကို ဂရုမစိုက်ရကောင်းလားဆိုပြီး မေမေ့ကို ဆဲတယ်။ ဖေဖေနဲ့ မေမေ ရန်ဖြစ်ခဲ့ကြတယ်။ မေမေ့ကို သူတွန်းလှဲလိုက် တယ်။ ခုတင်စောင်းနဲ့ မေမေ တိုက်မိပြီး ခါးနာသွားခဲ့တယ်။ မေမေ ဆေးရုံတက်ရတယ်။ ဖေဖေ တစ်ခါမှ သွားမကြည့်ခဲ့ဘူး။

ဖေဖေဟာ မိသားစုတွေကို အဖော်ပြုဖို့ အချိန်မရှိဘူး။ လောင်း ကစားဝိုင်းတကာပတ်နေလို့ နှစ်သစ်ကူးချိန်တောင် အိမ်မပြန်တတ်ဘူး။ ကျွန်မကို မေမေမွေးတုန်းက မွေးရခက်လို့ သွေးလွန်ခဲ့တယ်။ အသက်

အန္တရာယ်စိုးရိမ်ကြောင်း အကြောင်းကြားစာ သုံးကြိမ်ပို့ခဲ့တာတောင် ဖေဖေဟာ ဖဲဝိုင်းက နေ မထခဲ့ဘူး။

ကျွန်မကိုမွေးပြီး နှစ်ရက်အကြာမှာ ဆေးရုံကို ဖေဖေရောက် လာခဲ့တယ်။

ဖေဖေဟာ တိရစ္ဆာန်တွေအပေါ်မှာ တော့ ကြင်နာလိုက်တာ။ မိသားစုအပေါ်မှာ တော့ အေးစက်လိုက်တာ။

အဲဒီတုန်းက ကျွန်မ ဆယ်နှစ်ကျော်အရွယ် ပေါ့။ ကြင်နာခြင်း ဆိုတာ ဘာလဲဆိုတာကို ဘဝမှာ ကျွန်မ ပထမဦးဆုံးအကြိမ် လေးလေး နက်နက် တွေးတောခဲ့မိတယ်။

မိတ်ဆွေတစ်ဦးပြောပြတဲ့ အဖြစ်ကို နားထောင်ပြီး ကျွန်မ သက်ပြင်းမောချခဲ့မိတယ်။

မိတ်ဆွေရဲ့ ဖေဖေက တကယ့်နာမည်ရတဲ့ လူကောင်းတစ်ယောက် ပါ။ တချို့လူကောင်း

က မိတ်ဆွေအပေါင်းအသင်းကိုသာ ကူညီတတ်ပေမယ့် သူ့ဖေဖေကတော့ သူ မသိတဲ့ သူစိမ်းတွေကိုလည်း ကူညီတတ်ခဲ့တယ်။

တစ်ခါက သူ့ ဖေဖေနဲ့ သိတာမကြာသေးတဲ့ မိတ်ဆွေတချို့ အရက်အတူသောက်ကြတယ်။ အရက်သောက်ပြီး သူတို့ ထဲက မိတ်ဆွေတစ်ဦးရဲ့ ကားနဲ့ အိမ်ပြန်ခဲ့ကြတယ်။ အဲဒီမှာ အရက်သောက်ပြီး ကားမောင်း တော့ လူတိုက်မိတယ်။ ကားမောင်းတဲ့ မိတ်ဆွေက သူ့ဖေဖေကို အပြစ်ဝင်ခံ ပေးဖို့ ပြောတယ်။ နေ ၁က ၄လ မ ၂၁ သူ မင်္ဂလာဆောင်မယ့်အကြောင်း၊ ဒီအဖြစ် ကို သတို့ သမီးလောင်းကို ပေးသိလို့ မရကြောင်း၊ သူဟာ အိမ်ထောင်ပြုတဲ့ အရွယ်ကျော်လွန်နေပြီဖြစ်တာကြောင့် ဒီတစ်ခေါက်သာ မင်္ဂလာမဆောင် ရရင် သူ့မေမေ နှလုံးရောဂါထပြီး သေနိုင်ကြောင်း၊ သူ့မှာ အဆက်

အသွယ် ကောင်းရှိလို့ ထောင်နှစ်ရှည်မကျ အောင် လုပ်ပေးနိုင်ကြောင်းတွေ ပြောတယ်။

မိတ်ဆွေက ဖေဖေကို ကူညီဖို့ ဒူးထောက် တောင်းပန်တယ်။ ဘယ်လောက်ပဲ ကြင်နာတ တ်တဲ့ သာမန်လူဖြစ်ဖြစ် အပြစ်ကူခံပေးတယ် ဆိုတာ မရှိလောက်ပါဘူး။ ဒါပေမဲ့ သူ့ဖေဖေက သာမန်လူမဟုတ်ခဲ့ဘူး။ အပြစ်ကို သူခံပေးဖို့ သဘောတူလိုက်ပါတယ်။

တစ်အိမ်သားလုံး ဝိုင်းတားပေမယ့် သူ့ဖေ ဖေ နားမထောင်ခဲ့ပါ ဘူး။ အရက်မူးပြီး ကား မောင်းတဲ့ သူက တကယ်ကတိတည်ခဲ့ပါတယ် ။ အဆက်အသွယ်ကောင်းနဲ့ ဖြေရှင်းလိုက်တာ သူ့ဖေဖေ ထောင်တစ်နှစ်ပဲ ကျခဲ့တယ်။ အမှုစ စ်တဲ့ ရက်တွေနဲ့ တွက်လိုက်တော့ သူ့ဖေဖေ ထောင်ထဲ မဝင်ခဲ့ရပါဘူး။

ဒါပေမဲ့ ဒီအဖြစ်အပျက်နဲ့ ပတ်သက်ပြီး သူ

တို့ မိသားတစ်စုလုံး ပြိုလဲခဲ့ရတယ်။ သူ့အဘိုး သွေးတိုးပြီး ဆုံးသွားတယ်။ သူ့အဘွား အိပ်ရာထက် မှာ နှစ်လတိတိလဲခဲ့တယ်။ လူလည်း ကယောင်ချောက်ချားဖြစ်လို့ ။ သူ့မေမေ က ရင်နာနာနဲ့ သူ့ဖေဖေကို ကွာရှင်းလိုက်တယ်။ ဒီလို အဖြစ်ဆိုးမျိုး ရလာခဲ့ရ တဲ့ ရလဒ်က သူ့ဖေဖေ ရဲ့ ကြင်နာခြင်းကြောင့် လား၊ တုံးအခြင်းကြောင့် လား။

တစ်ခါက သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်ကို ကျွန်မ သွားလည်ခဲ့ တယ်။ သူငယ်ချင်းရဲ့ မေမေက အရမ်းဖော်ရွေပါတယ်။ ကျွန်မကို သူတို့ ထမင်းကျွေးတယ်။ ကျွန်မတို့ ထမင်းစားနေတုန်း သူငယ်ချင်းရဲ့ ညီမဖြစ်သူ အိမ်ပြန်လာပါတယ်။ သူ့မေမေက သမီးငယ်ပြန်လာတာကို မြင်တော့ မီးဖိုထဲအမြန်ဝင်ပြီး သမီးငယ်အတွက် ဟင်းရည်ပူပူတစ်ခွက် ယူလာခဲ့ တယ်။ သမီးငယ်ကို အမြန်သောက်လိုက်ဖို့ ပြော

တယ်။ သမီးငယ်က မသောက်ဘူး၊ အိပ်ချင်ပြီ လို့ ငြင်းတယ်။ မေမေက သမီးငယ် မောပန်းလာတဲ့ ပုံကိုကြည့်ပြီး ရင်နာတယ်။ ဒါကြောင့် ဟင်းရည်ပူပူလေးတစ်ခွက်သောက် ပြီးမှ အိပ်ဖို့ ပြောတယ်။

အဲဒီမှာ ပဲ သမီးငယ် ဒေါသထွက်တော့တယ်။ သူ့အမေကို ရှုပ် လိုက်တာ၊ ပစိပစပ်များလိုက်တာ၊ မသောက်ပါဘူးဆို အမေနားကန်းနေ လား၊ သမီး အလုပ်အရမ်းများ တာ အမေမသိဘူးလား၊ သမီး အလုပ်ကြီး အကိုင်ကြီးလုပ်နေတာကို အမေမသိဘူးလားလို့ အော်ငေါက်တော့တယ်။ သူတို့ မေမေ ဘာစကားတစ်ခွန်းမှ ပြန်မပြောရဲခဲ့ဘူး။ စိတ်မကောင်းတဲ့ မျက်နှာနဲ့ မီးဖိုထဲဝင်သွားတယ်။

အဲဒီကိစ္စပြီးပြီးတဲ့ နောက် သူငယ်ချင်းကို ကျွန်မမေးကြည့်တယ်။ သူ့ညီမ

ဘာအလုပ်ကြီး အကိုင်ကြီး လုပ်သလဲ။ ကမ္ဘာမြေကို ကယ်တင်ဖို့ လားပေါ့။

တကယ်ပဲ သူ့ညီမက ကမ္ဘာမြေကို ကယ်တင်နေတာပါတဲ့ ။ သူ့ညီမက တက်ကြွသိုလ်တက်နေတုန်းပဲ။ ပရဟိတအဖွဲ့အစည်းတစ်ခုမှာ ပါဝင်နေတာတဲ့ ။ 'ကမ္ဘာမြေကိုချစ်တယ်'၊ 'သူစိမ်းတွေကို နွေးထွေးမှုပေး မယ်'၊ 'လူလူချင်း မေတ္တာထားတယ်'ဆိုတဲ့ စီမံလှုပ်ရှားမှုတွေအတွက် နေ့တိုင်း အလုပ်များ နေတာတဲ့ ။

ဒီတလော သူ့ညီမက သူ့အမေသိမ်းထားတဲ့ ပိုက်ဆံတချို့ကို သူ့အမေမသိအောင်ယူပြီး လိပ်နှစ်ကောင်ဝယ်လွှတ်တယ်တဲ့ ။ အဲဒီပိုက်ဆံတွေက အိမ်အတွက် အသုံးစရိတ်ကာမိအောင် သူ့မေမေက အားလပ်ချိန်မှာ တိတ်တိတ်လေး အလုပ်ခိုးလုပ်ပြီး စုထားတဲ့ ပိုက်ဆံတွေလို့ ဆိုတယ်။

ကြင်နာတတ်တာကို ကျွန်မ တစ်ခါမှ မဆန့်ကျင်ပါဘူး။ ဒါပေမဲ့ ကိုယ့်ရဲ့ ကြင်နာခြင်း ဖြစ်တည်ဖို့ အတွက် မိသားစုစိတ်ဆင်းရဲအောင်၊ စိတ်မချမ်းသာအောင်လုပ်တာကိုတော့ ကျွန်မ ဆန့်ကျင်တယ်။ တကယ်လို့ သင့်ရဲ့ ကြင်နာခြင်းက မိသားစုကို ထိခိုက်နာကျင်စေခဲ့ပြီဆိုရင် ကျွန်မ တဲ့ တိုးပဲပြောပါရစေ။ သင်ဟာ လူ့အမှုက်ပါလို့ ။

ကြီးမားတဲ့ ချစ်ခြင်းမေတ္တာ ကြင်နာခြင်းတွေ ပိုင်ဆိုင်တဲ့ သူတွေနဲ့ ကြည်ကြည်နူးနူး ကြင်နာနိုင်ကြပါစေ။ ကျွန်မကတော့ ကိုယ့်မိသားစုကိုပဲ အရင်ဆုံး ပိုဂရုစိုက်ချင်ပါတယ်။ အောင်မြင်မှုဆိုတာ ကိုယ့်နံဘေးက သူတွေကို ပျော်ရွှင်စေတာပဲ ဖြစ်တယ်လို့ ကျွန်မ မကြာခဏပြောခဲ့ဖူးပါ တယ်။ ဒါကိုအရင်ဆုံးလုပ်နိုင်မှ ကျန်တဲ့ ခွန်အားနဲ့ ကိုယ်မသိတဲ့ သူတွေကို ပျော်ရွှင်စေတာဖြစ်တယ်။

ကျွန်မရဲ့ စိတ်ကူးအိပ်မက်က ပိုက်ဆံတွေ အများကြီးရှာဖို့ ဖြစ် တယ်လို့ ကျွန်မပြောဖူးတယ်။ ပြီးရင် နေ့တိုင်း မေမေ့ကို ပိုက်ဆံလွှဲမယ်။ မေမေနဲ့ အတူ ကျွန်မ ရှော့ပင်းမသွားချင်ခဲ့ဘူး ။ အဝတ်အစားဝယ်မယ်လုပ် တိုင်း မေမေဟာ ဈေးနှုန်းကို အရင်ကြည့်ပြီး အဲဒီအကျီကို သူ မနှစ်သက် ကြောင်း ပြောတတ်တယ်။ ကျွန်မကို မဝယ်ဖို့ ဆွဲခေါ်တတ်တယ်။ မေမေ ပစ္စည်းဝယ်တဲ့ အခါ ဈေးနှုန်းကို အရင်မကြည့်တတ်တဲ့ ဘဝမျိုး ကျွန်မ ဖြစ်စေချင်တယ်။

တကယ်လို့ ဒါဟာ ကျွန်မရဲ့ သေးသိမ်တဲ့ အတွေး၊ ဒါဟာ တစ်ကိုယ်ကောင်းဆန်တယ်လို့ သင်ထင်ခဲ့ရင် ဟုတ်ကဲ့…သင်မှန်ပါတယ်။

ဆောရီးပါ။ ကျွန်မနှစ်သက်သူ၊ ကျွန်မကို နှစ်သက်သူအပေါ်မှာ ပဲ ကျွန်မ ကြင်နာတတ်လို့ပါ။

မူရင်းလင့်- http://www.85nian.net/zuowensucai/57512.html

*

# နို့မှုန့်ထုပ်လေးတစ်ထုပ်

အဲဒီနှစ်ဆောင်းတွင်းမှာ ဦးလေးမိုးနဲ့ အတူ မြို့ပေါ်က စူပါမားကက် တစ်ခုမှာ ကျွန်တော် လုံခြုံရေးဝန်ထမ်းအလုပ် သွားလျှောက်ခဲ့တယ်။ ဦးလေးမိုးက အဲဒီစူပါမားကက်မှာ လုံခြုံရေး ဝန်ထမ်းလုပ်နေတာ ၁၀ နှစ် ကျော်ရှိခဲ့ပါပြီ။ သူ့ငွေးက ကြည့်ရတာ သဘောကောင်းမယ့်ပုံ ပါပဲ။ ကျွန်တော့် ကို ချက်ချင်းအလုပ်ခန့်လိုက် ပါတယ်။ ကျွန်တော်ကလည်း ဒီအလုပ်ကို တာ ဝန်ကျေကျေထမ်းရွက်မယ်လို့ ဆုံးဖြတ်ခဲ့ပါတ ယ်။

စူပါမားကက်မှာ အလုပ်လုပ်တာ

တစ်လမပြည့်ခင်မှာ ပဲ ပစ္စည်း ခိုးတဲ့ သူခိုးသုံး ယောက်ကို ကျွန်တော်ဖမ်းမိခဲ့ပါတယ်။ ပစ္စည်း ခိုးတဲ့ သူတွေ ကို ဖမ်းမိတဲ့ အခါတိုင်း သူဌေး က ကျွန်တော့်ကို ချီးမြှောက်ပြီး ဆုကြေးငွေ ပေးတတ်ခဲ့ပါတယ်။

အဲဒီနေ့က ခါတိုင်းလိုပဲ အရပ်ဝတ်အရပ် စားနဲ့ စူပါမားကက်ထဲ ကျွန်တော် လှည့်လည် နေခဲ့ပါတယ်။ ရုတ်တရက် နို့မှုန့်ရောင်းတဲ့ စင် ရှေ့အရောက်မှာ နို့မှုန့်ရွေးနေတဲ့ အမျိုးသမီး တစ်ဦးက ကျွန်တော့်ကိုသတိထား စေခဲ့ပါတ ယ်။ တစ်လတာလှေ့ကျင့်ခဲ့တဲ့ မျက်စိအလျင်က ဒီအမျိုးသမီးကို မသကင်္ကာဘူး ဆိုတာ ကျွန်တော် ချက်ချင်းသိလိုက်ပါတယ်။ ဒါကြောင့် တစ်နေ ရာမှာ ပုန်းအောင်းပြီး သူ့လှုပ်ရှားမှုကို ကျွန် တော် စောင့်ကြည့်ခဲ့ပါ တယ်။ အမျိုးသမီးဟာ ခေါင်းကိုငုံ့ထားပါတယ်။ လက်ထဲမှာ လည်း နို့ မှုန့်တစ်ထုပ်ကို ကိုင်ထားပါတယ်။ တွေဝေတဲ့

အကြည့်နဲ့ အရပ်ရှစ်မျက်နှာ ကို တိတ်တခိုး သူ ကြည့်ရှုနေခဲ့ပါတယ်။ တစ်အောင့်နေတော့ ဆုံးဖြတ်ချက် တစ်ခုကို သူချလိုက်ပါတယ်။ နို့မှုန့်ကို သူ့အင်္ကျီထဲ အမြန်ထိုးထည့်လိုက်ပြီး နေရာကနေ ခွာသွားပါတယ်။

မိနစ်အနည်းငယ်အကြာမှာ အမျိုးသမီး ဟာ ငွေရှင်းဖို့ တန်းစီ ပါတော့တယ်။ သူ့လက် ထဲမှာ ဆန်အိတ်သေးလေးတစ်အိတ်ပဲ ကိုင်ထား ပါတယ်။ သူ့အလှည့်အရောက်မှာ ကျွန်တော့်ရင်ဟာ ဘာကြောင့် မှန်းမသိ အဆမတန် ခုန်လာခဲ့ပါတယ်။ အဲဒီမြင်ကွင်းမျိုးကို ကျွန်တော်မကြည့်ချင် ခဲ့ပါဘူး။ ဒါပေမဲ့လည်း ဖြစ်ပျက်သွားခဲ့ပါပြီ။ အမျိုးသမီးဟာ သူ့အင်္ကျီထဲ ထည့်ထားတဲ့ နို့မှုန့်ထုပ်ကို မထုတ်ခဲ့ပါဘူး။ ဈေးအသက်သာဆုံး ဆန် တစ်အိတ်ကိုပဲ သူဝယ်ခဲ့ပါတယ်။

ငွေရှင်းပြေစာနဲ့ ဆန်အိတ်ထုပ်ကိုယူပြီး ဆိုင်အပြင်ဘက် သူ ထွက်ခါနီးမှာ ဘာလုပ်လို့ လုပ်ရမှန်း ကျွန်တော် မသိခဲ့တော့ပါဘူး။ အမျိုးသမီးဆီ ကျွန်တော် တစ်ဟု န်ထိုးသွားပြီး 'ခင်ဗျား…' လို့ အော် လိုက်ပါတယ်။

အမျိုးသမီးဟာ ကျွန်တော့်ကို သူ့လက်ထဲမှာ ဆုပ်ကိုင်ထားတဲ့ ပြေစာစာရွက် ကမ်းပေးပါတယ်။ သူ့မျက်နှာပေါ်မှာ ကြောက်ရွံ့ထိတ်လန့်မှု တွေ ထင်ဟပ် နေပါတယ်။ ကျွန်တော် ဘာမှ ထပ်မပြောတော့ဘဲ ပြေစာ စာရွက်ကို ဝတ်ကျေ တန်းကျေကြည့်ပြီး သူ့ကို ပြန်ပေးလိုက်ပါတယ်။

အမျိုးသမီးဟာ စူပါးမားကက်ရဲ့ တံခါးဝရှေ့ကနေ ချက်ချင်း ပျောက်ကွယ်သွားပါတယ်။ မိနစ်အနည်းငယ်ကြာ ကျွန်တော်တွေဝေနေခဲ့ ပြီးမှ ဦးလေးမိုးကို ကျွန်တော် အပြင်ခဏထွ

က်မယ့္အေၾကာင္း လက္ဟန္ ျပလိုက္ပါတယ္။ အဲဒီေနာက္ အမ်ိဳးသမီးေနာက္ ကၽြန္ေတာ္အေျပးလိုက္ သြားခဲ့ပါတယ္။ အမ်ိဳးသမီးဟာ ေနာက္ကို လွည့္မၾကည့္ဘဲ ေခ်ာလမ္းကို သြက္သြက္လွမ္းႏိုင္သေလာက္ လွမ္းေနပါတယ္။ ခပ္ေ၀းေ၀းတစ္ေနရာ ကေန အမ်ိဳးသမီးကို ကၽြန္ေတာ္ မ်က္ျခည္မျပတ္ လိုက္ေနခဲ့ပါတယ္။ စုတ္ျပတ္ေဟာင္းအိုေနတဲ့ လမ္းက်ဥ္းေလးတစ္ခုထဲ သူ၀င္သြားခဲ့ပါတယ္။ လမ္းက်ဥ္းအေရာက္မွာ သူ႔ေျခလွမ္းေတြ ပိုသြက္လာခဲ့ပါတယ္။ ရုတ္တရက္ အသံတစ္ခုခုကို သူ ၾကားလိုက္ပုံရပါတယ္။ သြက္သြက္လွမ္းေနတဲ့ သူ႔ေျခလမ္းေတြဟာ အဲဒီအသံေၾကာင့္ အေျပးတစ္ပိုင္းျဖစ္သြားၿပီး တဲငယ္ေလးတစ္ခုထဲ သူ ၀င္ေရာက္သြားခဲ့ပါတယ္။

တဲအိမ္ငယ္ဆီ ကၽြန္ေတာ္ ခ်ဥ္းကပ္လာခဲ့ပါ

တယ်။ ကလေး တစ်ယောက်ရဲ့ ငိုသံက တဲအိမ် အပြင်ဘက် လျှံထွက်လာခဲ့ပါတယ်။ ကလေး ငိုသံရဲ့ နောက်ဆက်တွဲမှာ အမျိုးသမီးရဲ့ အသံ ကပ်ပါလာခဲ့ပါတယ်။

'မေမေပြန် လာပြီ သားရေ… မငိုနဲ့ တော့ နော်… သားလိမ်မာ ပါတယ်။ လာ…လာ… မေမေနို့မှုန့်ဝယ်ခဲ့တယ်'

အမျိုးသမီးဟာ ကလေးကိုချော့ရင်း စကား သံတွေ တိမ်ဝင် သွားခဲ့ပါတယ်။

တဲရှေ့တံခါးဝနား ကျွန်တော် သွားပြီး အ ထဲကို ငုံ့ကြည့်လိုက် ပါတယ်။ အမျိုးသမီးဟာ ခုတင်ပေါ်ထိုင်ပြီး ကလေးငယ်ကို ပွေ့ချီချော့ နေခဲ့ပါတယ်။ သူတို့ ဘေးမှာ ဝယ်လာခဲ့တဲ့ ဆ န်အိတ်နဲ့ ခိုးလာခဲ့တဲ့ နို့မှုန့် ကို ချထားပါတယ်။ မျက်စိရှေ့ မြင်ရတဲ့ မြင်ကွင်းကြောင့် နေရာက နေ ကျွန်တော် ချက်ချင်းလှည့်ထွက်လာခဲ့ပါတ

ယ်။ အမျိုးသမီးဟာ ကျွန်တော် တွေးထင်ထား တာထက်တောင် ပိုသနားဖို့ ကောင်းနေပါတ ယ်။ ဒါပေမဲ့ လည်း တာဝန်ဟာ တာဝန်ပဲမို့ ဒီ ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်စိတ်ထဲ အနေရ ကျပ်ခဲ့ပါတယ်။ နောက်တစ်ခါ သူ လာမခိုးဖို့ ကိုပဲ ကျွန်တော် မျှော်လင့်ခဲ့ပါတယ်။

တစ်ပတ်အကြာမှာ အမျိုးသမီးကို စူပါမား ကက်မှာ ကျွန်တော် တွေ့လိုက်ပြန်ပါတယ်။ အရင်တစ်ခေါက်ခိုးသွားတဲ့ နို့မှုန့်ကုန်လောက် ရောပေ့ါလို့ ကျွန်တော် တွေးလိုက်မိပါတယ်။ စူပါမားကက်ထဲ သူ တစ်ပတ် ပတ်ပြီးနောက် နို့မှုန့်စင်ရှေ့ သူရောက်လာခဲ့ပါတယ်။ စင်ရှေ့မှာ ရပ်ပြီး နို့မှုန့် ထုပ်လေးတစ်ထုပ်ကို သူ ယူလိုက်ပါတယ်။ အဲဒီနို့မှုန့်က ဈေးအသက် သာ ဆုံး အမျိုးအစားဖြစ်ပါတယ်။ သူဟာ ရွေး ချယ်ပြီးတော့ ခိုးတယ်ဆိုတာ ကြည့်ရုံနဲ့ သိပါ တယ်။ စင်နံရံပေါ်ရေးကပ်ထားတဲ့ 'ပစ္စည်းခိုး

လျှင် ခိုးသည့် ပစ္စည်း၏ တန်ဖိုးငွေ ဆယ်ဆ ပေးလျော်ရမည်'ဆိုတဲ့ သတိပေးစာကို သူလည်း သတိထားမိပုံရပါတယ်။

ဆိုင်ရှေ့အပေါက်ဝမှာ ကျွန်တော် သွားရပ်နေလိုက်ပါတယ်။ ဒီတစ်ကြိမ်မှာ တော့ အမျိုးသမီးဟာ ဘာမှ မဝယ်ဘဲ ဆိုင်ပေါက်ဝကိုပဲ တန်းသွားပါတယ်။ ကျွန်တော် ဘာလုပ်ရမယ်မှန်း ဆုံးဖြတ်ချက် မချနိုင် ဖြစ်ခဲ့ပြီး အမျိုးသမီးထွက်သွားရာနောက်ကိုပဲ
တွေဝေငေးမောကြည့်နေခဲ့ မိပါတယ်။ ကိုယ့်ရဲ့တာဝန်မကျေပွန်မှုအတွက် ရင်ထဲမှာ ပဲ ကိုယ့်ကိုယ်ကိုယ် ကျွန်တော်နှစ်သိမ့်နေခဲ့မိပါတယ်။

'ကလေးနို့သောက်ရမယ်။ ကလေး နို့ဆာလို့ မဖြစ်ဘူး။ သူ့မှာ ပိုက်ဆံမရှိလို့ သူခိုးတာ... ငါ ဘာလုပ်နိုင်မလဲ။ တာဝန်အရလုပ်ရင် ကလေး နို့ငတ်သွားမှာ ...'

စူပါမားကက်ကို သုံးကြိမ်မြောက် သူရောက်လာတဲ့ အချိန် သူ့ကို ကျွန်တော် စောင့်ကြည့်မနေခဲ့တော့ပါဘူး။ ဒါပေမဲ့ တစ်အောင့်အကြာမှာ ဦးလေးမိုးက ကျွန်တော့်နား တိတ်တဆိတ်ကပ် လာပြီး လေသံတိုးတိုးနဲ့ 'အဲဒီအမျိုးသမီးကို စောင့်ကြည့်ထား... သူ့အင်္ကျီထဲမှာ နို့မှုန့်တစ်ထုပ်ရှိ တယ်'လို့ ဆိုလာပါတယ်။

အဲဒီတစ်ခဏ ကျွန်တော် ခေါင်းနားပန်းကြီးသွားပါတယ်။ ဦးလေးမိုးက ဆက်ပြီး 'သေချာစိုက်ကြည့်နေ...သူ ငွေရှင်းကောင်တာ ဖြတ်ပြီးတာနဲ့ သူ့ကိုတားပြီး အထဲခေါ်စစ်လိုက်' လို့ ဆိုတယ်။

ကျွန်တော်စဉ်းစားလိုက်ပြီး ဦးလေးမိုးကို ထောင့်တစ်နေရာဆီ လက်ဆွဲခေါ်သွားပြီး အသံနိမ့်နဲ့ ပြောလိုက်တယ်။

'ဒီအမျိုးသမီးကို ကျွန်တော်တွေ့ဖူးတယ်။ အရင်တုန်းကလည်း သူခိုးဖူး...'

'မင်းရူးနေလား... မင်းက လုံခြုံရေးဝန်ထမ်းလေ... ဘာဖြစ်လို့ သူ့ကို လွှတ်လိုက်ရတာလဲ'လို့ ဦးလေးမိုးက အသံကို နိမ့်နိုင်သမျှ နိမ့်ပြီး ပြောတယ်။

'သူ အရမ်းသနားဖို့ ကောင်းတယ်။ ကျွန်တော် မလုပ်ရက်ဘူး...'

'လူများကို မင်း သနားတယ်။ မင်းကိုရော ဘယ်သူ လာ သနားမှာ လဲ ။ မင်းသာ ဒီမှာ အလုပ်မရရင် မင်းမိဘကို ဘယ်သူလာကျွေး မှာ လဲ '

ကျွန်တော့် စိတ်ထဲမှာ ရှုပ်ထွေးနေပါတယ်။ ပါးစပ်ကလည်း ဘာစကားလုံးမှ ထွက်ကျမလာခဲ့တော့ပါဘူး။

'တော်သေးတယ်။ ဒီကိစ္စကို ငါပဲ သိသေး

လို့ ... သူဌေးသာ သိသွားရင် ငါလည်း အလုပ်ပြုတ်မလားပဲ'လို့ ဦးလေးမိုးက သက်ပြင်းချပြီး ပြောလိုက်ပြန်တယ်။

'အဲဒီအမျိုးသမီးကို ဂရုမစိုက်ဘဲ ထားလိုက်ပါလား။ နို့မှုန့်ကလည်း ဈေးကြီးတဲ့ နို့မှုန့်မဟုတ်ပါဘူး'

အမျိုးသမီးအစား ကျွန်တော် ခယလိုက်ပါတယ်။

'အဲဒီလိုတော့ မရဘူး။ ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ ခိုးလို့ တော့ မရဘူးကွ။ ငါတို့ က လုံခြုံရေးဝန်ထမ်းလေ။ ကိုယ့်တာဝန် ကိုယ်ကျေပွန်ရမယ်။ ဒီတာဝန်အတွက် သူဌေးက ငါတို့ ကို လခပေးထားတယ်' လို့ ဦးလေးမိုးက ကျွန်တော့်ပခုံးကိုပုတ်ပြီး ပြောတယ်။

၁၀ မိနစ်အကြာမှာ ငွေရှင်းဖို့ အမျိုးသမီးတန်းစီပါတော့တယ်။ ဒီတစ်ကြိမ်မှာ တော့ နို့မှု

န့်ကို သူ့လက်ထဲကိုင်ထားပါတယ်။ အဲဒီတစ်ခဏ ကျွန်တော် စိတ်သက်သာရာရသွားသလိုပါပဲ။ ဦးလေးမိုးက ကျွန်တော့်ကို ပြုံးပြပြီး 'သူ့ကို ငါသွားပြောလိုက်တယ်...ငွေရှင်းပါလို့ ...' ပြောတယ်။

အမျိုးသမီးဟာ နို့မှုန့်ဖိုးအတွက် ကိုယ်ပေါ်က ရှိရှိသမျှအိတ်ကပ် တွေကို လှန်ရှာခဲ့ပါတယ်။ ထွက်သွားတဲ့ အမျိုးသမီးကို လှမ်းကြည့်ရင်း ဦးလေးမိုး သက်ပြင်းတစ်ချက်ချလိုက်ပြန်တယ်။

'ဟင်း... ဒီအမျိုးသမီး သိပ်သနားဖို့ကောင်းတာပဲ။ ဆန်ဝယ်ဖို့ ယူလာတဲ့ ပိုက်ဆံတွေ အခု မလောက်တော့လို့ နို့မှုန့်ပဲဝယ်ပြီး ပြန်သွားခဲ့ပြီ'

'ဦးလေးမိုး သူ့ကို အသိပေးလိုက်သလို ဖြစ်သွားပါပြီ။ နောက် တစ်ခါ သူ လာမခိုးရဲတော့

ပါဘူး။ နို့မှုန့်ဝယ်ဖို့ ပိုက်ဆံမရှိတော့ ကလေး ဘယ်လိုလုပ်မလဲ...'

'မသိဘူး...'လို့ ဦးလေးမိုး တစ်ချက်တွေဝေသွားရာကနေ ခေါင်းခါပြီး ပြန်ဖြေပါတယ်။

တစ်ပတ်ကြာသွားတဲ့ အထိ အဲဒီအမျိုးသမီးကို ကျွန်တော်မတွေ့ ခဲ့တော့ပါဘူး။ ကျွန်တော် စိတ်မချမ်းသာခဲ့လို့ နောက်ဆုံးမှာ အလုပ်ထွက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော် ရုတ်တရက်အလုပ်ထွက်မယ်ဆိုတော့ သူဌေးအရမ်းအံ့ဩသွားပါတယ်။ ကျွန်တော့်တာဝန်မကျေပွန်လို့ အလုပ်ထွက်မယ့်အကြောင်း သူဌေးကို အကြောင်းစုံရှင်းပြလိုက်ပါတယ်။ ပြီးတော့ အဲဒီအမျိုးသမီးရဲ့ အိမ်အခြေအနေကိုပါ ပြောပြလိုက်ပါတယ်။ ဒီလို သူခိုး မျိုးကို ဖမ်းရမယ်ဆိုရင် ကျွန်တော် မလုပ်နိုင်တဲ့ အကြောင်း၊ ဒါကြောင့် ကျွန်တော်

အလုပ်ထွက်မယ့်အကြောင်း သူဌေးကို ကျွန်တော်ပြောပြလိုက်ပါတယ်။ အမျိုးသမီးခိုးခဲ့တဲ့ နို့မှုန့်နှစ်ထုပ်ကို ကျွန်တော့်လခထဲက ဖြတ်ဖို့၊ ပြီးတော့ သူဌေးပေးတဲ့ အပြစ်ကို ကျွန်တော် ခံယူမယ့်အကြောင်းလည်း ပြောဖြစ်ခဲ့ပါတယ်။

ကျွန်တော်ပြောတဲ့ အကြောင်းအရာအားလုံးကို သူဌေးက သေသေချာချာ ဂရုတစိုက် နားထောင်ခဲ့ပါတယ်။ မျက်နှာပေါ်မှာ လည်း အပြုံးတွေ ထင်ဟပ်ခဲ့ပါတယ်။ အပြစ်ပေးတဲ့ အကြောင်းကို သူဌေးက မပြောဘဲ ကျွန်တော့်ကို 'မင်း အလုပ်လုပ်စရာရှိတာ သွားလုပ် ... နောက် တစ်ခါ အဲဒီအမျိုးသမီးကိုတွေ့ရင် ငါ့ဆီခေါ်လာခဲ့။ သိလား' လို့ ပြောပါတယ်။

ရက်အနည်းငယ်အကြာမှာ စိုးထိတ်ကြောက်လန့်နေတဲ့ အမျိုး သမီးကို သူဌေးရဲ့ ရုံးခန်းဆီ ကျွန်တော်ခေါ်သွားခဲ့ပါတယ်။ သူ့ကို ကျွန်

တော် ခေါ်သွားချိန်မှာ သူ့အင်္ကျီအောက်မှာ နို့မှုန့်ကို ဖွက်မထားခဲ့ပါဘူး။

နောက်တစ်နေ့မှာ ကျွန်တော်တို့ စူပါမားကက်(မ)၂၁ သန့်ရှင်းရေး ဝန်ထမ်းအသစ်တစ်ဦး တိုးလာခဲ့ပါတယ်။ သူဟာ တခြားဝန်ထမ်းတွေ မရတဲ့ အခွင့်ထူးတစ်ရပ်ရရှိခဲ့ပါတယ်။ အဲဒါက တော့ ကလေးကိုကျောပိုးပြီး သူ အလုပ်လုပ်ခွင့်ရှိတာပါပဲ။

အဖြစ်အပျက်တွေကို တွေးတောကြည့်ရင်း ကျွန်တော့်ရင်ထဲမှာ အမျိုးအမည်မသိတဲ့ ခံစားမှုတစ်ခု ရုတ်တရက် ရုန်းထလာခဲ့ပါတော့တယ်။

မူရင်းရေးသားသူ- Zhang Xiao Xin

*

# မနာလိုမှုက ဖြစ်တည်တဲ့ နာကျင်ကြေကွဲခြင်း

တစ်ခါက သူဌေးသူကြွယ်ကြီးတစ်ဦးဟာ အရှယ်နှောင်းမှ သား တစ်ယောက် ရလာခဲ့တယ်။ အဲဒီသားဟာ မငိုတတ်ဘဲ ရယ်ပဲ ရယ်တတ် ပါတယ်။ သူကြွယ်ကြီးက ဒီကလေးဟာ သာမန်ကလေးတွေလိုပဲ တခြား ဘာထူးခြားမှုမှ မရှိဘူးဆိုတာကို သက်သေပြနိုင်အောင် နည်းမျိုးစုံသုံးပြီး သားကို ငိုအောင်လုပ်ဖို့ အကြံထုတ်နေခဲ့ပါတယ်။

အဲဒီအချိန်မှာ ပဲ တိုက်တိုက်ဆိုင်ဆိုင် ဘုန်းကြီးတစ်ပါးက သူကြွယ်ကြီးရဲ့ အိမ်ရှေ့

ကနေ ဖြတ်ကြွသွားခဲ့ပါတယ်။ သူကြွယ်ကြီး က သားကိုပွေ့ချီပြီး ဘုန်းကြီးကိုပြလိုက်ပါတယ်။ ကလေးက သူစိမ်းမကြောက် သူမို့ ဘုန်းကြီးတွေ့တာနဲ့ ရယ်ပြနေခဲ့ပါတယ်။ သူကြွယ်က ကလေးကို ခပ်နာနာတစ်ချက်ရိုက်လိုက်ပါတယ်။ ကလေးက မျက်ခုံးတစ်ချက်တွန့်ပြီး ငြိမ်သွားပေမယ့် မငိုခဲ့ပါဘူး။

'ဘုန်းဘုန်းဘုရား... ဒီကလေးမှာ ဉာဏ်ရည်ချွတ်ယွင်းတာမျိုး ရှိပါသလား'လို့ သူကြွယ်က ဘုန်းကြီးကို မေးမြန်း လျှောက်တင်တယ်။

ဘုန်းကြီးက ဘာမှ မပြောဘဲ သစ်သီးခွက်ထဲက ငှက်ပျောသီး တစ်လုံးနဲ့ စပျစ်သီးတစ်ခိုင်ကို ယူလိုက်တယ်။ ပြီးတော့ ကလေးရှေ့မှာ ဖော့ယမ်းပြလိုက်တယ်။ ကလေးက တစ်ချက်စဉ်းစားပြီး စပျစ်သီးကို လှမ်း ယူတယ်။ ပြီးတော့ ရယ်နေပြန်ပါတယ်။

'ဒီကလေး ငှက်ပျောသီးလုံးလုံးမစားဘူး ဘုရား'လို့ သူကြွယ်က လျှောက်တင်တယ်။

ဘုန်းကြီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ' သူလိုချင်တာကို သူယူတယ်။ ဉာဏ်ရည်မချွတ်ယွင်းပါဘူး' လို့ ဖြေတယ်။

သူကြွယ်ဟာ သစ်သီးခွက်ထဲက ငှက်ပျောသီးကိုလှမ်းယူလိုက် တယ်။ ဒါကို ကလေးက တွေ့တော့ တစ်ချက်တွေဝေသွားပေမယ့် စိတ်မကောင်းမဖြစ်သလို ငိုလည်း မငိုဘူး။

'ကြည့်စမ်း... ဆုံးရှုံးသွားပေမယ့် စိတ်မကောင်းမဖြစ်သလို ငိုလည်း မငိုဘူး။ ဒီကလေးက ဘုန်းကြီးဝင်စားတာလား မသိဘူး။ တပည့်တော်ရဲ့ အရိုက်အရာကို သူ အမွေဆက်ခံရပါမယ်။ သူ့ကို တပည့်တော် တောမထွက်စေချင်ပါဘူး။ ဘုန်းဘုန်း ကူညီပါ'

ဘုန်းကြီးက ခဏလောက်စဉ်းစားလိုက်ပြီး

စားပွဲပေါ်က သစ်သီး ခွက်ကို ယူလိုက်တယ်။ ပြီးတော့ သူကြွယ်ကို 'လာ...ဘုန်းဘုန်းနောက် လိုက်ခဲ့'လို့ ဆိုတယ်။

သူကြွယ်ရဲ့ အိမ်ရှေ့တံခါးဝရောက်တော့ ကလေးသုံးယောက်က တံခါးဝရှေ့မှာ ဆော့ကစားနေကြတယ်။ ဘုန်းကြီးက ကလေးတွေကို ကြည့်လိုက်၊ သစ်သီးခွက်ကို ကြည့်လိုက်လုပ်တယ်။ သစ်သီးခွက်ထဲမှာ ငှက်ပျောသီး သုံးလုံးနဲ့ စပျစ်သီးတစ်ခိုင်ရှိနေတယ်။ ဘုန်းကြီးက ကလေး တွေကို ခေါ်ပြီး တစ်ယောက်ကို ငှက်ပျောသီးတစ်လုံး ပေးလိုက်တယ်။ ကလေးတွေက ဝမ်းသာအားရ ချက်ချင်းခွာစားလိုက်ကြတယ်။

ဒီအချိန်မှာ သူကြွယ့်သားက လက်ဆန့်ပြီး ငှက်ပျောသီးကို လက်ညှိုးထိုးရင်း အော်ပါတော့တယ်။ သူကြွယ်က စပျစ်သီးကို ယူပြီး '

အဲဒါက သားလုံးဝမကြိုက်တဲ့ ငှက်ပျောသီးလေ... ဒါက သား အရမ်း ကြိုက်တဲ့ စပျစ်သီးပါ' လို့ သားကိုချော့တယ်။

ကလေးက စပျစ်သီးကို ဖျတ်ခနဲယူပြီး စိတ်တိုတိုနဲ့ မြေကြီးပေါ် လွှင့်ပစ်လိုက်တယ်။ ငှက်ပျောသီးကိုပဲ သူ လက်ဖြန့်တောင်းနေခဲ့ပါတယ်။ ကလေးသုံးယောက်က ငှက်ပျောသီးကို အမြန်စားလိုက်ကြတယ်။
ငှက်ပျောခွံကိုကြည့်ပြီး သူတို့ ကျေနပ်အားရစွာနဲ့ သူကြွယ်ရဲ့ သားကို ရယ်ပြလိုက်ကြတယ်။

အဲဒီမှာ သူကြွယ့်သားက ရုတ်တရက် အော်ငိုပါတော့တယ်။ သူကြွယ်ရော၊ အခိုင်းအစေတွေပါ လန့်ဖျပ်ကုန်ကြတယ်။

'ခါတိုင်း သူ ငှက်ပျောသီးလုံးဝမစားပါဘူး။ ဘာဖြစ်လို့ ဒီနေ့မှာ ငှက်ပျောသီးကြောင့် ငိုရ

တာပါလိမ့်'လို့ သူကြွယ်က ဝမ်းသာလှုပ်ရှားတဲ့ စိတ်နဲ့ နားမလည်စွာ မေးတယ်။

'ဒ ီလေ ၁က မ ၂၁ လူတချို့ရဲ့ ဝမ်းနည်းကြေကွဲခြင်းက ကိုယ်ဆုံးရှုံး သွားလို့ မဟုတ်ဘူး ၊ တခြားသူ ရသွားလို့ ဖြစ်တယ်'လို့ ဘုန်းကြီးက ပြုံးပြုံးလေး ပြန်ဖြေလိုက်တယ်။

နာကျင်ကြေကွဲခြင်းတစ်မျိုးက မနာလိုမှုက နေ ဖြစ်လာတာ ဖြစ်တယ်။

မူရင်းရေးသားသူ-Zhāng dé fēn

*

# ကွာရှင်းပြီးတဲ့ နောက်

အမျိုးသားမိတ်ဆွေတစ်ဦးဟာ ကျွန်တော်နဲ့ တွေ့တော့ သူ ကွာရှင်းပြီးတဲ့ နောက်မှာ ကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေ ကျွန်တော့်ကို ပြောပြပါတယ်။ သူ့အမျိုးသမီးနဲ့ သူ မကွာရှင်းခင်မှာ အိမ်က အိမ်သာအိုးကို နေ့တိုင်းတိုက်ဆေးရတယ်ဆိုတာကို သူ မသိခဲ့ကြောင်း၊ သားသမီးတွေကို ပြုစုပျိုးထောင်ရတာ ဒီလောက်စိတ်ပင်ပန်းတယ်ဆိုတာကို သူ မသိခဲ့ကြောင်း၊ မိသားစုတာဝန်ကြောင့် လွတ်လပ်မှုတွေ ဆုံးရှုံးရကြောင်းတွေ ပြောပြပါတယ်။

'ခင်ဗျား အရင့်မိန်းမ အဆင်ပြေနေလား'

လို့ သူ့ကို ကျွန်တော် မေးတော့...

'ကျွန်တော်နဲ့ ကွာရှင်းပြီးကတည်းက အဆက်အသွယ်မလုပ်ခဲ့ တော့ဘူး'လို့ သူက ဆိုပါတယ်။

'ကလေးတွေကို သူ လာမကြည့်ဘူးလား' လို့ ကျွန်တော်က ဆက်မေးတော့ သူ ခေါင်းခါပြပါတယ်။

'သူ မွေးထားတဲ့ ကလေးကို သူ မချစ်ဘူးလား' လို့ ကျွန်တော် နားမလည်စွာနဲ့ မေးတော့ မိတ်ဆွေက သူနဲ့ သူ့အမျိုးသမီးရဲ့ ယခင်က အကြောင်းတွေ ကျွန်တော့်ကို ရင်ဖွင့်ပါတော့တယ်။

သူ့အမျိုးသမီးက မဆိုးဘူးလို့ ဆိုရမယ်။ သူနဲ့ မယူခင်တုန်းက အပျော်အပါးလေးတွေရှိတတ်ခဲ့ပေမယ့် သူနဲ့ ယူပြီးချိန်မှာ အိမ်ထောင်တစ်ခု ကို တည်တည်တံ့တံ့ထိန်းသိမ်းနိုင်ခဲ့တယ်။

ပထမကလေးကိုမွေးပြီးတော့ အလုပ်ကိစ္စကို အကြောင်းပြပြီး သူ အိမ်ပြန်နောက်ကျတာတွေ ရှိလာခဲ့ တယ်။ ဒါကို သူ့အမျိုးသမီးကလည်း နားလည်ပေးတယ်။ လင်ယောကျ်ား အလုပ်မှာ ပင်ပန်းခဲ့တာကြောင့် နားပူနားဆာလုပ်တာမျိုးလည်း မရှိခဲ့ဘူး။

ဒုတိယကလေးကိုမွေးပြီးတဲ့ နောက် သူ့အိမ်ပြန်ချိန်တွေ ပိုနောက် ကျလာခဲ့တယ်။ သူ့အမျိုးသမီးက သူ့ကို ကလေးတွေအတွက် အချိန်နည်း နည်းပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ဒါကို အကြောင်းအမျိုးမျိုးပြပြီး သူငြင်းဆို ခဲ့တယ်။ ယောက္ခမက ရှေးရိုးအစဉ်အလာ၊ ရှေးရိုးအတွေးအခေါ်နဲ့ မို့ သား အိမ်မကပ်တာဟာ ချွေးမကြောင့် လို့ ဆိုတယ်။ ချွေးမအပေါ်မှာ လည်း ဆက်ဆံရေးတွေ အေးစက်ခဲ့တယ်။

အိမ်ထောင်သက် ရှစ်နှစ်အကြာမှာ အမျိုး

သမီးက သူ့ကို 'အိမ်ထောင်ကျတာ ရှစ်နှစ်ရှိခဲ့ပြီ။ ဒီအိမ်အတွက် ရှင် ဘာတွေပေးဆပ်ခဲ့ သလဲ၊ ကျွန်မအတွက် ရှင် ဘာလုပ်ပေးခဲ့ဖူးသလဲ' လို့ မေးပါတယ်။

'ဒီအိမ်အတွက်၊ ဒီမိသားစုအတွက် ငါ ပင်ပင်ပန်းပန်း ပိုက်ဆံတွေ ရှာခဲ့တယ်။ ဒါတောင် မင်းက ငါ့ကို ဘာတွေ လုပ်စေချင်သေးသလဲ။ ဒါနဲ့ တင် မလုံလောက်ဘူးလား' လို့ ရီဝေဝေနဲ့ သူ ပြန်အော်ပါတယ်။

'ပိုက်ဆံရှာပေးရုံနဲ့ တင် လုံလောက်ပြီလို့ ရှင်ထင်နေသလား။ မိန်းမတစ်ယောက်လိုအပ်တာဟာ ပိုက်ဆံပဲလို့ ရှင်ထင်သလား'

'ဒါဆို ဘာလိုချင်သေးတာလဲ။ စားဖို့ မပူ၊ ဝတ်ဖို့ မပူ လူတန်းစေ့ ထားတာတောင် မင်းက မရသေးဘူးလား။ ဘာမှ မလုပ်ဘဲ အိမ်မှာ ဇိမ်နဲ့ နေရ၊ လုပ်ချင်တာလုပ်နေရတာ။ မိန်းမ ဘ

ယ်နှယောက်လောက်ကများ မင်းလို ကံကောင်းဖူးသလဲ' လို့ မကျေမနပ်နဲ့ သူပြော ပါတယ်။

'အိမ်ထောင်ကျပြီးတဲ့ ဒီကာလတစ်လျှော က် ကျွန်မပေးဆပ်ခဲ့တာ တွေကို ရှင်မမြင်ခဲ့ ဘူး။ ကျွန်မပင်ပန်းတာကို ရှင်မတွေ့ခဲ့ဘူး။ သားသမီးတွေ က သဘာဝအတိုင်း အလိုအ လျောက် ရုတ်တရက်ကြီးပြင်းလာတယ်လို့ ရှင် ထင်နေသလား'လို့ အမျိုးသမီးက ရင်နာနာနဲ့ ဆိုပါတယ်။

'ငါကရော မပေးဆပ်ခဲ့လို့ လား။ မင်းကို ဂ ရုမစိုက်ခဲ့လို့ လား။ မင်းကို ပိုက်ဆံတွေ ပေး ပေးနေတာ ဘယ်သူတုံး။ သားသမီးတွေကြီးပြ င်းလာတာ ဟာလည်း ငါရှာထားတဲ့ ပိုက်ဆံ တွေနဲ့ ကျွေးမွေးခဲ့လို့ ပဲ မဟုတ်လား'

သူ့စကားအဆုံးမှာ အမျိုးသမီးဆီက ဘာသံ

မှ ထွက်မလာခဲ့တော့ ဘူး။ အသိတရားတစ်ခုနဲ့ သူမ နိုးထသင့်ပြီလို့ သူမ ထင်လိုက်တယ်။

ဒီလိုနဲ့ ကွာရှင်းဖို့ သူမ စပြီးကမ်းလှမ်းလိုက်တယ်။ အကြောင်းပြ ချက်မရှိတဲ့ ကွာရှင်းခွင့်ကို သူမ တောင်းဆိုလိုက်တယ်။ ကလေးမယူ၊ ပိုက်ဆံ မယူ၊ ဘာပိုင်ဆိုင်မှုမှ မယူဘဲ သူမဘဝကို ဖြုန်းတီးခဲ့တဲ့ ဒီယောကျ်ား၊ သူမကို မပျော်ရွှင်စေခဲ့တဲ့ ဒီယောကျ်ားကိုပဲ သူမ ကွာရှင်းချင်နေခဲ့တယ်။

မိတ်ဆွေအမျိုးသားဟာ ကျွန်တော်နဲ့ စကားပြောနေရင်း ဒီနေရာ အရောက်မှာ စကားရပ်လိုက်ပြီး ခေါင်းကို ငုံ့ချလိုက်ပါတယ်။ သူသောက်တာ များ သွားလို့ ဖြစ်မယ်ဆိုပြီး သူ့ပခုံးကို ကျွန်တော်ပုတ်လိုက်ပါတယ်။

'ခင်ဗျားသိလားဗျာ...။ ကွာရှင်းပြီးတဲ့ နောက်မှာ ကလေးနဲ့ ကျွန်တော့်ကိုယ်တိုင်အတွက်

မိန်းမကိုယ်စား     အခြားမိန်းမတစ်ယောက်ယောက်ကို ရှာကြည့်ခဲ့သေးတယ်။ ဒါပေမဲ့ ကျွန်တော်နှစ်သက်တဲ့ သူကို ကလေးတွေက မနှစ်သက်ဘူး'

'ကလေးတွေ မနှစ်သက်လို့ အဲဒီမိန်းမကို ခင်ဗျားလက်မခံခဲ့ဘူး ပေါ့' လို့ ကျွန်တော်မေးတော့ သူက ခေါင်းညိတ်ပြရင်း 'ဟုတ်တယ်။ အခု အချိန်ကျမှ ကလေးတွေဟာ သူတို့ ကိုယ်တိုင် မကြီးပြင်းတတ်ကြောင်းကို ကျွန်တော်သိလိုက်ရတယ်။ မိသားစုဝေယျာဝစ္စတွေဟာ နေ့တိုင်း ဒီလောက် များမှန်း၊ ကလေးနှစ်ယောက်ကို ထိန်းသိမ်းရတာ ဘယ်မှ လည်း သွားဖို့ အချိန် မရှိမှန်း၊ ရေချိုးခန်း၊ အိမ်သာ နေ့တိုင်း သန့်ရှင်းနေတာဟာလည်း အကျိုး အကြောင်းရှိမှန်း အခုအချိန်ကျမှ ကျွန်တော် သိလိုက်ရပါတယ်'

မိတ်ဆွေဟာ ရင်ဖွင့်လိုက်ရလို့ ပဲလား၊ အရက်အရှိန်ကြောင့် ပဲလား မသိ။ သူ အားရပါးရ ငိုကြွေးပါတော့တယ်။ ကျွန်တော့်မှာ တော့ နှစ်သိမ့်ဖို့ စကားလုံးတွေ မဲ့နေခဲ့ပါတယ်။

ယောကျ်ားတချို့ဟာ မိန်းမတစ်ယောက်ကို ချစ်ဖို့ ဘယ်သောအခါ မှ သင်ယူတတ်မြောက်မှာ မဟုတ်ကြောင်းကို ကျွန်တော်သိပါတယ်။ တချို့ယောကျ်ားက မိန်းမတစ်ယောက်ကို လိုအပ်တာဟာ အထိန်းတော် တစ်ယောက်ကို သူလိုလို့ ။ အခိုင်းအစေတစ်ယောက်ကို သူလိုလို့ ။ ဒါမှ မဟုတ် မျိုးဆက်၊ မျိုးရိုးတွေအတွက် သားသမီးတွေ သူလိုလို့ ပဲဖြစ်တယ်။ ကျွန်တော့်ရဲ့ အဲဒီမိတ်ဆွေကတော့ မိန်းမတစ်ယောက်ဟာ သူ့ဘဝနှောင်း ပိုင်းအတွက် အဲဒီလောက် အရေးပါတယ်ဆိုတာကို နှောင်းတတရားနဲ့ အတူ မယုံနိုင်ဖြစ်နေခဲ့ပါတယ်။

မိန်းမတစ်ယောက်ရဲ့ ပျော်ရွှင်ချမ်းမြေ့မှုဆို တာ နာမည်ကြီး အဝတ်အစားတွေ ဝတ်ရလို့၊ နာမည်ကြီးနောက်ဆုံးပေါ်ပစ္စည်းတွေ ကိုင်ရလို့၊ ကားအကောင်းစား မောင်းရလို့ မဟုတ်ပါဘူး။

မိန်းမတစ်ယောက်ရဲ့ ပျော်ရွှင်ချမ်းမြေ့မှုဆို တာ ငိုတဲ့ အချိန်မှာ ချော့တဲ့ သူရှိတာ၊ မောတဲ့ အချိန် မှီစရာပခုံးရှိတာ၊ ဖျားနာတဲ့ အချိန် ပွေ့ဖက် မယ့်သူရှိတာ၊ အားငယ်ချိန် အနားမှာ ဖေးမပေးသူရှိတာ၊ ကိုယ့်ကိုချစ်ပြီး နားလည် ပေးနိုင်သူရှိတာပဲ ဖြစ်ပါတယ်။

*

# အတူဆော့ကစားနိုင်မယ့်သူ

ဖြတ်သန်းရမယ့်နေ့ရက်တွေက ရှည်လျားတယ်၊ အတူတူဆော့ ကစားနိုင်မယ့်သူကို ရှာယူပါတဲ့ ။

(၁)

မနေ့က မထင်မှတ်ဘဲ ဟောင်ကောင်နာမည်ကြီးမင်းသမီး တစ်ယောက်ရဲ့ ဗီဒီယိုကလစ်တစ်ခု အမှတ်မထင် တွေ့လိုက်မိတယ်။ ဖွင့်ကြည့်လိုက်တော့ မင်းသမီးနဲ့ သူ့အမျိုးသား ဟိုတယ်အခန်းတစ်ခုမှာ ရိုက်ထားတဲ့ ဗီဒီယိုဖြစ်နေတယ်။ လေယာဉ်နောက်ကျလို့ နှစ်ယောက်သား ဟိုတယ်အခန်းထဲမှာ နေပြီး အဆိုပွဲတ

စ်ခု သူတို့ ကျင်းပလိုက်ကြတာပါ။

စစချင်းမှာ တော့ မင်းသမီးတစ်ယောက်တ ည်း မိုက်ခဲနေတယ်။ တီဗွီဖန်သားပြင်ကိုကြည့် လိုက် ဆိုလိုက်၊ ကလိုက် လုပ်နေတယ်။ ခဏ နေ တော့ သူ့အမျိုးသားလည်း ပါဝင်လာတယ် ။ သူ့အမျိုးသားက စဘော့ဘော အင်္ကျီဝတ်ထား တယ်၊ လက်ထဲမှာ လည်း သူဝတ်ထားတဲ့ အင်္ကျီနဲ့ ဆင်တူတဲ့ အင်္ကျီတစ်ထည်ကိုင်ထား တယ်။ ပြီးတော့ သီချင်းဆိုနေတဲ့ မင်းသမီး ကို ယ်ပေါ်မှာ ဝင်ဆင်ပေးပြီး နှစ်ယောက်သား ဝ တ်စုံညီနဲ့ သံပြိုင်ကကြ၊ ဆိုကြတော့တယ်။

လူတွေက soul mate soul mate လို့ ပြော တတ်ကြတယ်။ အဲဒီ soul mate ဆိုတာ ဘယ် လိုပုံစံမျိုးလည်း ဆိုတာကို ကျွန်မတော့ မျက်စိ နဲ့ တပ်အပ်မမြင်ဖူးဘူး။ ဒါပေမဲ့ အပေးအယူ ညီမျှပြီး ပျော်ရွှင်နေတဲ့ မင်းသမီးတို့ စုံတွဲတို့ ရဲ့

အိမ်ထောင်ရေးအရည်အသွေးက အကောင်း ဆုံးလို့ ပြောရတယ်။

လေယာဉ်နောက်ကျတဲ့ ဇနီးမောင်နှံ တော် တော်များများ ရဲ့ လေယာဉ်ကွင်းရောက်လာ တဲ့ ပုံစံကို ကျွန်မတို့ မြင်ယောင်ကြည့်ရအောင် ။ စိတ်ညည်းညူမယ်၊ စိတ်ရှုပ်ဒေါသထွက်မယ် ၊ မကျေမနပ်ရေရွတ်မယ်၊ တချို့က အချင်းချင်း အပြစ်တင်မယ်၊ နင့်ကြောင့် လေယာဉ်နောက် ကျတာလို့ ဆိုမယ်။ နင့်ကြောင့် ပေါ့... ဒီလိုရာ သ ီဥ တ ုမ ျိုးမ ၂၁ ခရီးထွက်လာတာလို့ အပြစ်တင်ကြမယ်။

ဒါပေမဲ့ မင်းသမီးတို့ ဇနီးမောင်နှံကတော့ ဒီစိတ်ညစ်စရာအဖြစ်ကို ပျော်စရာအဆိုပွဲတစ် ခုအဖြစ် ကျင်းပလိုက်ကြတယ်။

အရင်တုန်းက ဒီအမျိုးသားဟာ ချောမော လှပတဲ့ ဒီနာမည်ကြီး မင်းသမီးနဲ့ မတန်ဘူးလို့

ဆိုကြတယ်။ ဒီဗီဒီယိုကလစ်ကိုကြည့်ပြီးတော့ သူတို့ ကမှ တကယ့်နတ်ဖက်တဲ့ အတွဲပါလို့ ကျွန်မကောက်ချက်ချမိတယ်။

(၂)

အိမ်ထောင်ရေးမှာ ဘယ်အရာကမှ နှစ်ယောက်အတူ ပျော်ရွှင် ကစားရတာလောက် လှပတဲ့ အရာ မရှိတော့ဘူး။

ဇီဝဗေဒပညာရှင်တွေက ပြောတယ်... အချစ်ဆိုတဲ့ အရာက ကျွန်မတို့ ခန္ဓာကိုယ် secretion (ဓာတ်တစ်မျိုး)ရဲ့ ဟော်မုန်းက ထုတ်တဲ့ အရာတစ်ခုဖြစ်တယ်။ ဒီလို ဓာတုပစ္စည်းပါတဲ့ ဓာတ်က အကန့်အသတ်ရှိ တယ်။ အရှည်ဆုံးကာလက ၁၈ လဖြစ်တယ်။

စိတ်အားထက်သန်မှု၊ စိတ်ဝင်စားမှုတွေ ကုန်ဆုံးသွားတဲ့ အခါ ဘယ်အရာတွေက ကျန်ရှိနေခဲ့မလဲ။

ရှည်လျားတဲ့ နေ့ရက်တွေမှာ ကိုယ့်ကိုယ်ကိုယ်အပြင် အခြားသူ တစ်ယောက်နဲ့ လည်း ကျွန်မတို့ ပေါင်းသင်းဆက်ဆံရတယ်။ နဂိုသူ့အပေါ် ထားရှိခဲ့တဲ့ စိတ်ဝင်စားမှုတွေ သင့်မှာ ရှိမနေတော့ဘူး။ တစ်ခါတလေမှာ လူတစ်ယောက်ကို အနီးကပ်ပေါင်းသင်းဆက်ဆံကြည့်မှ မျက်နှာဖုံးတွေ ကွာကျ၊ တန်ဆာဆင်မှုတွေ ခွာချပြီးမှ နဂိုစစ်မှန်တဲ့ သူ့အကျင့်စရိုက်ကို တွေ့ရတတ်တယ်။

ချစ်စခင်စကြင်နာစမှာ ရှိတဲ့ စိတ်အားထက်သန်မှု၊ စိတ်ဝင်စားမှု တွေဟာ အချိန်အတိုင်းအတာတစ်ခုအထိပဲ ခံတယ်။ အချိန်အတော် များများမှာ ကျွန်မတို့ ရဲ့ နေ့ရက်တွေက ရေလိုပဲ အရသာမဲ့တယ်။ စားတယ်၊ အိပ်တယ်၊ အလုပ်တက် အလုပ်ဆင်းတယ်။ အောင်မြင်ကျော်ကြားတဲ့ လူ တွေလည်း ပဲ လူရှေ့သူရှေ့မှာ တောက်ပပြပြီးတဲ့ နောက် ကိုယ့်

ကိုယ်ကိုယ် သာမန်လူတစ်ယောက်အဖြစ် တ ည်ရှိနေတာကို တစ်ယောက်တည်း ရင်ဆိုင်ရပါတယ်။

ရှည်လျားလှတဲ့ ကျွန်မတို့ ရဲ့ နေ့ရက်တွေ ထဲမှာ ဒီ အရသာမဲ့ အထီးကျန် ဆန်ခြင်းတွေနဲ့ ဘာနဲ့ ဖြေရှင်းနိုင်မလဲ။ ဟော်မုန်းဓာတ်လှုံ့ ဆော်အားမရှိ တော့ တဲ့ လူနှစ်ယောက်ဟာ အ ချင်းချင်းရဲ့ ချွတ်ယွင်းချက်တွေကို နားလည် သည်းခံနိုင်နေကြသေးတာ၊ အချင်းချင်း မခွဲမ ခွာရှိနေကြသေးတာဟာ ဘာကြောင့် လဲ...။

ဒီအမေးကို တချို့က တာဝန်နဲ့ ဝတ္တရားအ ရလို့ ဖြေကြလိမ့်မယ်။ တချို့က ကလေးတွေရဲ့ မျက်နှာကိုထောက်လို့ လို့ ဆိုကြမယ်။ ဒါ အကျိုးသင့် အကြောင်းသင့်ပါသလား။ သင့်မှာ ပါ။ ဒါပေမဲ့ ဒီလို အိမ်ထောင်ရေးက အရည်အ သွေးနိမ့်အိမ်ထောင်ရေးလို့ ဆိုရလိမ့်မယ်။ ကျွ

န်မတို့ ပတ်ဝန်းကျင် မှာ အများ ဆုံးတွေ့ မြင်နေရတဲ့ အိမ်ထောင်ရေးမျိုးဖြစ်တယ်။

လင်မယားနှစ်ယောက်အတူရှိနေချိန်မှာ ပြောစရာစကား သိပ် မရှိတတ်ကြဘူး။ ကလေးအကြောင်းအပြင် တခြားပြောစရာစကား မရှိကြ ဘူး။ အပြင်ထွက် ငွေရှာမယ်၊ အိမ်ပြန် ထမင်းစားမယ်ဆိုတာက လွဲလို့ နှစ်ယောက်အတူ ရှိနေ ချိန် မှာ တခြားဘာလုပ်စရာရှိမှန်း မသိကြတော့ဘူး။ တကယ်လို့ ကော်ဖီဆိုင်မှာ ဖြစ်ဖြစ်၊ ဘားတစ်ခုမှာ ဖြစ်ဖြစ်၊ ခရီးတစ်ခုမှာပဲ ဖြစ်ဖြစ်၊ လူနှစ်ယောက် တစ်ယောက်လက်ကိုတစ်ယောက်တွဲပြီး တွတ်ထိုး နေတယ်၊ ပွတ်သီးပွတ်သပ်ပြောဆိုနေတယ်ဆိုရင် သာမန်အခြေအနေမျိုး မှာ လူတွေက ဒါဟာ ချစ်စကြင်စတွေဖြစ်မယ်။ အေး… နောက်ကွယ်မှာ အငယ်နဲ့ ဖောက်ပြန်နေတာဖြစ်မယ်။ လင်မယားတွေဆို အဲဒီလိုလုပ်ကြမှာ မဟုတ်ဘူး လို့ …

ဝေဖန်ပိုင်းဖြတ်တတ်ကြတယ်။

အတူဆော့ကစားနိုင်တဲ့ လင်မယားမျိုးဆိုတာ ဘယ်လိုမျိုးလဲ။

ကိုယ်ကာယလေ့ကျင့်တဲ့ လင်မယားနှစ်ယောက် ရှိတယ်။ လင်မယားနှစ်ယောက်စလုံး ကိုယ်ကာယအတူလေ့ကျင့်သလို ဒီအလုပ် ကိုပဲ သူတို့ ရဲ့ ကိုယ်ပိုင်စီးပွားရေးအလုပ်အဖြစ် တိုးချဲ့နိုင်ခဲ့တယ်။ ကိုယ်ပိုင် အမှတ်တံဆိပ် အားကစားဝတ်စုံတွေ တီထွင်ဖန်တီးနိုင်ခဲ့တယ်။

သူတို့ ရဲ့ ပျော်ရွှင်ခြင်းလျှို့ဝှက်ချက်က ဘာလဲလို့ တခြားသူမေးတဲ့ အခါ သူတို့ က သူတို့ ဟာ လင်မယားဖြစ်သလို ဘဝတိုက်ပွဲအတူဝင်ကြတဲ့ ရဲဖော်ရဲဘက်တွေလည်း ဖြစ်တယ်လို့ ဆိုတယ်။ သူတို့ ရဲ့ ပျော်ရွှင်ခြင်း လျှို့ဝှက်ချက်က အတူကျခဲ့တဲ့ ချွေးစက်

တွေ၊ အတူမခဲ့တဲ့ သံတွေ (အားကစားကိရိယာ
)လို့ ဆိုတယ်။

အားလပ်ချိန်မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတဲ့ ဇနီးမောင်နှံ တချို့ကို မြင်ယောင်ကြည့်ပါ။ သူတို့ ဟာ ဘာမှ မဟုတ်တဲ့ ကိစ္စအသေးအမွှား တွေနဲ့ ငြင်းခုံရန်ဖြစ်နေချိန်မှာ ဒီဇနီးမောင်နှံနှစ်ဦးကတော့ အားကစားရုံမှာ ကိုယ်ကာယ အတူလေ့ကျင့်နေကြပြီ။ အချင်းချင်း ကူညီဖေးမလို့ ချွေးစက်တွေ အတူယိုစီးကြပြီ။

အတူပျော်ရွှင်စွာ ဆော့ကစားနိုင်တာဟာ ဘဝနေထိုင်မှု အရည် အသွေးကို မြှင့်တင်နိုင်ရုံတင်မက ဘဝအခက်အခဲ၊ အနိမ့်ဆုံးအချိန်တွေကိုပါ ရင်ဆိုင်ကျော်ဖြတ်နိုင်ပါတယ်။

အိုမင်းသွားတဲ့ လူအိုမောင်နှံတွေ ဘဝကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းနေကြတာကို တွေ့မြင်ဖူးကြမှာ ပါ။ သူတို့ ဟာ အတူနေလာတဲ့

သက်တမ်းကြာမြင့်နေခဲ့ပြီး နှစ်ယောက်သားကြား ပြောစရာစကားတွေ လည်း ကုန်နိုင်သလောက်ကုန်ခဲ့ပြီဆိုပေမယ့်၊ တစ်ယောက်ရဲ့ ခန္ဓာကိုယ်ပေါ် က အမှတ်အသားကို တစ်ယောက်က အလွတ်ရနိုင်လောက်ပြီဆိုပေမယ့်၊ မျက်နှာပေါ်က အရစ်အကြောင်းတစ်ကြောင်းချင်းစီကိုတောင် ကြည့်ပြီးကြပြီ ဆိုပေမယ့် သူတို့ ဟာ တစ်ဦးအပေါ်တစ်ဦး မငြီးမငွေ့ ပြောဆိုဆက်ဆံနေကြ တာဟာ သူတို့ နှစ်ယေ ၁က ်မ ၂၁ ရှိတဲ့ ဝါသနာ၊ စိတ်ဝင်စားမှုတွေကြောင့် ဖြစ်တယ်။

သူတို့ ဟာ အတူစာဖတ်တယ်၊ အတူခြံစိုက်တယ်၊ အတူရေကူး တယ်၊ အတူလမ်းလျှောက်တယ်၊ အတူဘုရားကျောင်းသွားတယ်၊ ဝါသနာ ပါတဲ့ စိတ်ဝင်စားတဲ့ အလုပ်ကို နှစ်ယောက်အတူလုပ်တယ်။ ရိုးရှင်းသာမန်တဲ့ နေ့ရက်

ကို သူတို့ အမိပ္ပာယ်ရှိရှိဖြတ်သန်းတယ်။

ဒီလိုဆိုရင် ကိုယ်နဲ့ အတူ ဆော့ကစားနိုင်မယ့်သူကို ဘယ်လို ရှာဖွေတွေ့ရှိနိုင်မလဲ...။

ပထမဦးဆုံး သင့်ကိုယ်တိုင် စိတ်ဝင်စားမှုတွေ ရှိနေရတယ်။

မိန်းကလေး တော်တော်များများက သူတို့ကိုယ်တိုင် ဘာ စိတ်ဝင်စားမှုမှ မရှိတတ်ဘူး။ ဘာဝါသနာမှ မပါတတ်ဘူး။ စိတ်ဝင် စားမှု မရှိရင် ဘဝအပေါ် စိတ်အားထက်သန်မှု၊ လိုက်လံဖမ်းဆုပ်လို စိတ်တွေလည်း မရှိတော့ဘူး။ ဒီလိုဘ ဝ မှ၂ ၁ တစ်အချက်-စိတ်ဝင်စားဖွယ်ကောင်းတဲ့ ယောကျာ်းလေးတစ်ယောက်ကို သင်ဆွဲဆောင်မိနိုင်မှာ မဟုတ်ဘူး ။ နှစ်အချက်-ဘယ်လိုလူမျိုးကို ရှာဖွေရမယ်ဆိုတာကို သင်ကိုယ်တိုင်လည်း မသိဘူး။

မှတ်မိပါသေးတယ်...။ အလယ်တန်းတုန်း

က ဆရာမက အတန်းသားတိုင်းကို သင့်ဝါသ နာပါရာကို ဖြည့်ပါလို့ ဖြေခိုင်းတယ်။ ကျောင်း သားအများက စစ်သားကြီး၊ မဟုတ်ရင် ဆရာ ဝန်ဖြစ်ဖို့ ဝါသနာပါ တယ်လို့ ဖြည့်ကြတယ်။ ကျွန်မတို့ ဒီတစ်ခေတ်က လူတွေ စိတ်ဝင်စား စိတ်ကင်းမဲ့ကြတာဟာ ငယ်ရွယ်စဉ်အချိန်က တည်းက ပျိုးခဲ့တဲ့ မျိုးစေ့တွေ ကြောင့် ဖြစ်တ ယ်။ အခုအချိန်မှာ ကျွန်မတို့ ဟာ အရွယ်ရော က်လာကြပြီ ဖြစ်တယ်။ အချိန်အနည်းငယ်နဲ့ ခွ န်အားအနည်းငယ်သုံးပြီး ကျွန်မတို့ ရဲ့ ဝါသနာ ၊ စိတ်ဝင်စားစိတ်ကို ပြုစုပျိုးထောင်ဖို့ လိုအပ် ပါပြီ။

ပိုက်ဆံရှာဖို့ ၊ ရာထူးတက်ဖို့ လောက်ကိုပဲ စိတ်ဝင်စားတာ မဟုတ်ဘဲ ကြိုက်နှစ်သက်လို့ ကို ကြိုက်နှစ်သက်တာဆိုတဲ့ အရာမျိုးလည်း စိတ်ဝင်စားဖို့ ၊ ဝါသနာပါဖို့ လိုအပ်ပါတယ်။ သင့်မှာ ဝါသနာပါရာများ လေ သင်ပိုပြည့်ဝ

လေ၊ သင်ပိုစိတ်ဝင်စားစရာကောင်းလေ၊ တစ်ယောက်တည်း သင်ပိုနေတတ်လေဖြစ်တယ်။ သင်နဲ့ အတူ ငေးမောနိုင်မယ့်လူကို သင် ရှာဖွေနိုင်လေဖြစ်တယ်။

ခပထမဦးဆုံး သင်နဲ့ အတူ ဆော့ကစားနိုင်မယ့်သူကို ရှာပါ။

ဒီလိုပြောရင် လူအများက ရယ်ကြလိမ့်မယ်။ ဒါ အပိုစကားပဲ။ ဘယ်သူမဆို ပျော်စရာကောင်းတဲ့ သူကိုရှာယူမှာ ပဲလို့ ဆိုကြမယ်။ အင်း... အဲဒီလိုလည်း မဟုတ်သေးဘူး။ ကျွန်မတို့နိုင်ငံမှာ လူအများက ကိုယ်နဲ့ ပြောဆိုဆက်ဆံမှု ပိုအဆင်ပြေတဲ့ သူ၊ အတူဆော့ကစားနိုင်တဲ့သူကို ရှာယူ တာထက် ပိုက်ဆံရှိ၊ အိမ်ရှိ၊ ကားရှိတဲ့ သူကိုပဲ ပိုရှာယူချင်ကြတယ်။ ဒါဟာ မပျော်ရွှင်တဲ့ ဘဝအစရဲ့ အုတ်မြစ်ဖြစ်တယ်။

ဖူးစာရှင်ကို သင်ရှာဖွေချိန်မှာ သင့်ဘဝကို

ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းစေနိုင်မယ့်သူကို သ
င်မရှာဘူး။ သင်ရှာတာက သင့်ကိုလုံခြုံမှုပေးနို
င် တဲ့ ၊ သင့်ကို ပစ္စည်းဥစ္စာပေးနိုင်တဲ့ အာမခံချ
က်ရှိတဲ့ သူကို သင်ရှာယူတယ်။
မင်္ဂလာဆောင်ပြီးတဲ့ နောက် သင့်အိမ်ထောင်ဖ
က်က အိမ်ဆိုတာ ပိုက်ဆံ ပြန်ယူတဲ့ နေရာဆို
တာကလွဲပြီး တခြားဘာစိတ်ဝင်စားစိတ်မှ မရှိ
ဘူးဆိုရင် ဒါဟာ ဖြစ်ရိုးဖြစ်စဉ်ပါ။ ဘာလဲ...
ဘူးစင်အောက်မှာ သင်က သခွားသီးရူး ချင်
သေးလို့ လား...။

ခ ဆော့ကစားနိုင်မယ့်စိတ်ကို သင်ထိန်းသိ
မ်းဖို့ လိုသေးတယ်။

မိန်းကလေးတချို့က
မင်္ဂလာမဆောင်ခင်မှာ ဝါသနာတွေ၊ စိတ်ဝင်
စားစိတ်တွေရှိတဲ့ လူတစ်ယောက်ပေါ့။ ဒါပေမဲ့
မင်္ဂလာလည်း ဆောင်ပြီးရော ချက်ချင်းပဲ မိန်း

ကလေးတစ်ယောက်ကနေ အဒေါ်ကြီးပုံစံ ပြောင်းသွားတယ်။ မျက်နှာပေါ်မှာ တောင် အရစ်အကြောင်းက မပေါ်သေး ဘူး။ သူ့စိတ်က အရစ်အကြောင်းအထပ်ထပ်နဲ့ အိုမင်းနေခဲ့တယ်။

အရင်တုန်းက သူနှစ်သက်လို့ လုပ်ခဲ့တဲ့ အားကစားကိုလည်း မလုပ်တော့ဘူး။ ရင်းနှီးတဲ့ သူငယ်ချင်းတွေနဲ့ မတွေ့ဆုံတော့ဘူး။ နှစ်သက် တဲ့ စာဖတ်ခြင်းအလုပ်ကိုလည်း လက်လွှတ်လိုက်ပြီ။ နေ့တိုင်း ဘယ်နေရာ မှာ ဒစ်စကောင့်ချမလဲ။ ဘယ်နေရာမှာ အပိုလက်ဆောင်ပစ္စည်းတွေပေး မလဲဆိုတာမျိုးကိုပဲ လေ့လာတော့တယ်။ တခြားသူနဲ့ စကားပြောရင် ကလေး အကြောင်းက မပါမဖြစ်ဘူး၊ ယောက်ျားဂိမ်းကစားနေကြောင်းကို နေ့တိုင်း မကျေမနပ်ညည်းတယ်။ အဲဒီလိုမျိုး လူမအိုခင် စိတ်အိုနေတဲ့ မိန်းကလေးမျိုး တွေ့ရင်... သူဂိမ်းကစားရ

င် နင်လည်း ဝင်ကစားပေါ့။ ဒါမှ မဟုတ် ဒီထက် ပိုအဓိပ္ပာယ်ရှိတဲ့ ကစားနည်းကို သင်နဲ့ အတူကစားဖို့ သူ့ကိုခေါ်ပေါ့လို့ ကျွန်မပြောဖြစ်တယ်။

ရုံးပိတ်ရက်ရောက်တိုင်း မြင်းစီးကွင်းကို ကျွန်မသွားတယ်။ မြင်းစီး ကွင်းမှာ ကလေးတော်တော်များများက မြင်းစီးလေ့ကျင့်ဖို့ ရောက်နေတတ်တယ်။ ကလေးအမေတချို့က လှုတပတ စကတ်တို၊ ဒေါက်မြင့်ဖိနပ်စီးပြီး ဘေးမှာ ထိုင်ကြည့်နေကြတယ်။ ကလေးတချို့က မျက်နှာရှုံ့မဲ့မဲ့နဲ့ မြင်းစီးနေ ကြတယ်။ တစ်နေ့က ကလေးလေးတစ်ယောက် ဘယ်လိုလုပ်လုပ် မြင်းပေါ် မတက်ချင်ခဲ့ဘူး။ သူ့အမေက ဘေးကနေ အော်လိုက်ငေါက်လိုက်လုပ်နေ ခဲ့တယ်။ သားဖြစ်သူ မြင်းပေါ်မတက်ရင် ရိုက်မယ်လို့ တကဲကဲရှိယ်တယ်။

ကလေးအမေကို ကျွန်မက 'ရှင်ကိုယ်တိုင် အရင်စီးပြလေ... ရှင်စီးတာ ပျော်စရာကောင်း တယ်ဆို ရှင့်ကလေးလည်း အလိုလို မြင်းပေါ် ရောက်လာမှာ ပဲ' လို့ ပြောတော့... 'အမလေး ... ကျွန်မမစီးရဲဘူးတော့။ ဒီအသက်အရွယ် ရောက်မှ တော့ ပင်ပန်းတာ မခံနိုင်တော့ဘူး။ မတော် မြင်းပေါ်က လဲကျရင် ဘယ့်နှယ်လုပ်မ လဲ။ အသားမည်းသွားရင် ဘယ့်နှယ် လုပ်မလဲ' လို့ ဆိုတယ်။

ကျွန်မ ရင်မောသွားတယ်။ ကြည့်ရတာ... သူ့ကလေးက ကျွန်မကလေးနဲ့ ရွယ်တူလော က်ပဲ။ သူ့ကို ကျွန်မ ဘာမှ ပြောမနေဘဲ မြင်းတ င်ပါးကို ခပ်ဆတ်ဆတ် တစ်ချက်ရိုက်ပြီး ကျွန် မ ထွက်လာခဲ့ တော့တယ်။

ဒီလိုမိန်းမမျိုးက သားဖြစ်သူက မြင်းစီးကွ င်းမှာ ၊ ယောကျ်ား ဖြစ်သူက ဂေါ့ဖ်ကွင်းမှာ ၊

သူကိုယ်တိုင်က အရိပ်အောက်မှာ ရပ်ကြည့်လို့။ တစ်နေ့နေ့မှာ သူ့သားအရွယ်ရောက်လို့ သူ့ဘာသာမြင်းစီးတတ်သွားပြီး အမေလုပ်သူ အဖော်ပြုစရာမလိုတော့တဲ့ အချိန် သူ ဘယ်နား သွားရပ်ပြီး ဘယ်သူ့ပရိသတ်သွားလုပ်နေရမလဲ။

လင်မယားနှစ်ယောက်မှာ ကိုယ့်ဝါသနာ၊ သူ့ဝါသနာဆိုပြီး မတူတဲ့ ဝါသနာကိုယ်စီရှိရင်လည်း ကောင်းတယ်။ ဝါသနာမတူပေမယ့် အပေးအယူ မျှတယ်ဆိုရင် ကောင်းတယ်။ တသီးတခြားဆိုပေမယ့် အချင်းချင်း ဂရုစိုက် အားပေးဖို့ လိုတယ်။

ဒါပေမဲ့ အချိန်တော်တော်များများမှာ ကိုယ့်ဝါသနာ၊ သူ့ဝါသနာနဲ့ ဆော့ကစား ရင်း ဝါသနာဖော်တွေရတတ်သွားကြတယ်။
ယခုခေတ်မှာ တန်ဖိုးအပြောင်း အလဲများ တ

ယ်။ ချစ်သူကြားဆက်ဆံနေထိုင်မှု၊ အိမ်ထောင်ရေးတည်ရှိမှု ပုံစံက မပြတ်ပြောင်းလဲနေတယ်။ တကယ်လို့ လင်မယားနှစ်ယောက်စလုံး ဝါသနာတူဖြစ်နိုင်ရင် အကောင်းဆုံးပါ။ ဒီလိုမှ မဟုတ်ရင် ဝါသနာတူ အဖော်တွေ သူတို့ ရတတ်သွားပါတယ်။ လူ့ဘဝက ရှည်တယ်လည်း မဟုတ်၊ တိုတယ်လည်း မဟုတ်... ဆံဖြူသွားကျိုးထိတိုင်ဆိုတာက နေ့နေ့ညည တစ်ရက်ချင်းစီနဲ့ ဖွဲ့စည်းထားတာပဲမဟုတ်လား။ နေ့နေ့ညညအတူနေရတဲ့ ဝါသနာဆိုတာလေးတောင် မရှိရင် ဘာဆံဖြူသွားကျိုးလို့ ဆိုနေဦးမလဲ။

လွန်ခဲ့တဲ့ တစ်နှစ်ကျော်တုန်းက အမျိုးသမီးတစ်ယောက်ဆီကနေ ကျွန်မ စာတစ်စောင်ရခဲ့တယ်။ သူ့အမျိုးသားက ပြင်ပလှုပ်ရှားမှုတွေကို ဝါသနာပါတဲ့ သူဖြစ်တယ်။ ပြင်ပလှုပ်ရှားမှုတွေ ကစားရင်း အတူကစားတဲ့ မိန်းမတစ်ယောက်နဲ့ ဟိုလိုလို ဒီလိုလိုဖြစ်ခဲ့ကြတယ်။

သူတို့ အတူကစား ကြတယ်။ အတူသွားလာကြတယ်။ ဒါကို အမျိုးသမီးက သိတော့ စိတ်တို ဒေါသထွက်တယ်။ ဒါပေမဲ့ ဘာသက်သေမှ မရှိ။ ကိုယ်တိုင်မျက်စိနဲ့ တပ်အပ်မြင်တာမဟုတ်တော့ သူ့အမျိုးသားကို သူ အပြစ်မရှာရဲဘူး။ ကျန်းမာရေးအတွက် နေရောင်ခြည်ရတဲ့ ပြင်ပအားကစားမို့ သူ့ယောက်ျား ကို အပြင်မထွက်ဖို့ လည်း သူ အတွန့်မတက်ရဲခဲ့ဘူး။ အဲဒီအတွက် သူ ဘာလုပ်ရမလဲလို့ ကျွန်မကို စာပို့မေးမြန်းတာဖြစ်တယ်။

ဒဏ္ဍာရီသဖွယ်ပြောနေကြတဲ့ တစ်ဦးအပေါ်တစ်ဦး အမှီအခိုကင်း တဲ့ အိမ်ထောင်ရေးမျိုးနဲ့ သင်ရှေ့သွားမယ်ဆိုလည်း သွား၊ ဒါမှ မဟုတ် သူ့ဟာသူ ပြင်ပလှုပ်ရှားမှု လုပ်သလို သင်လည်း ပဲ သင့်စိတ်ဝင်စားမှု၊ ဝါသနာတွေကိုလုပ်နိုင်တယ်။ စာဖတ်တာတို့ ၊ စ

နှုရားတီးတာတို့ စသဖြင့် တစ်ခုခုလုပ်နေလို့ ရတယ်။ ဒါမှ မဟုတ် သူနဲ့ အတူလိုက်ပြီး ပြင်ပလှုပ်ရှားမှု တွေ လုပ်ပေါ့လို့ သူ့ကို ကျွန်မ စာပြန်ဖြစ်တယ်။ ပြင်ပအားကစား၊ ပြင်ပ လှုပ်ရှားမှုဆိုတာ သင့်တော်တဲ့ ဝါသနာဖြစ်တယ်။ ကျန်းမာရေးအတွက် ကောင်းတယ်။ ဒါကို သူနှစ်သက်ရင် သင်လည်း ပဲ လိုက်နှစ်သက်နိုင်တယ်။ သူနဲ့ အတူလိုက်လုပ်လို့ သူနဲ့ သင့်ကြားဆက်ဆံရေးပိုကောင်းမွန်မယ်လို့ မပြောနိုင်ပေမယ့် အနည်းဆုံးတော့ ကျန်းမာရေးကောင်းစေမှာ အမှန်ပါပဲ။

ကျွန်မအကြံပေးသလို သူစမ်းလုပ်ခဲ့ပါတယ်။ သူ့နေ့စဉ်ဘဝက နေရောင်လို တောက်ပလာခဲ့တယ်။ အိမ်ထဲမှာ ပဲနေပြီး ယောကျ်ားဘာလုပ်နေသလဲ၊ ဘယ်သူနဲ့ ရှိနေမလဲဆိုတဲ့ သံသယမျိုးနဲ့ သူ့ကိုယ်သူစိတ်ညစ်မနေစေတော့ ဘူး။ ဒီကနေ့မှာ ယောကျ်ားနဲ့ အတူ သူ

စက်ဘီးသွားစီးတယ်။ မနေ့က ယောက်ျားနဲ့ အတူ တောင်တက်တယ်။ နောက်ရက်တွေမှာ နိုင်ငံအနှံ့ ကားစီးပြီး သွားဦးမယ်တဲ့ ။

လူ့ဘဝ ဒီတစ်သက်မှာ ဆင်းရဲသူမှာ လည်း ဆင်းရဲတဲ့ ဘဝဖြတ် သန်းမှုပုံစံရှိသလို ချမ်းသာသူမှာ လည်း ချမ်းသာတဲ့ ဘဝဖြတ်သန်းမှု ပုံစံရှိ တယ်။ ငွေကြေးချမ်းသာတိုင်း၊ အိမ်ကြီး အိမ်ကောင်းပိုင်ဆိုင်တိုင်း ပျော်ရွှင် ချင်မှ ပျော်ရွှင်တယ်။ ပရိသတ်သောင်းပေါင်းများ စွာရှိသူမှာ လည်း အထီး ကျန်ဆန်မှုမခံစားရဘူးလို့ မပြောနိုင်ဘူး။ ပျော်ရွှင်ခြင်းဆိုတာ လူတိုင်း အဆင့်အတန်း မခွဲ ပိုင်ဆိုင်နိုင်တဲ့ အရာဖြစ်တယ်။

အတူဆော့ကစားနိုင်မယ့်သူကို ရှာယူပါ။ အတူဆော့ကစားရင်း နာမည်ကြီးသူတွေလို သင်တို့ အောင်မြင်ဖြစ်ထွန်းသွားနိုင်သလို

ပျော်ရွှင် ချမ်းမြေ့တဲ့ ဘဝနဲ့ လူမသိ သူမသိအဖြစ်လည်း ရှင်သန်နိုင်ပါတယ်။

နှစ်ခုစလုံး ကောင်းပါတယ်။ နှစ်ခုစလုံး လှပါတယ်။

ငါတို့ အချင်းချင်း ချစ်ကြတာဟာ...

ဆင်းရဲဒုက္ခတွေကို အတူရင်ဆိုင်ကြဖို့၊

တစ်ဦးရဲ့ ချွတ်ယွင်းချက်ကို တစ်ဦးက နားလည် ဖာထေးဖို့ ပါပဲ။

တကယ်လို့ လင်မယားတိုင်း၊ လင်မယားတိုင်းသာ

ပျော်ပျော်ရွှင်ရွှင် အတူဆော့ကစားနိုင်ကြရင်...

လူ့အဖွဲ့အစည်းလည်း ပိုသင့်မြတ်ကောင်းမွန်လာနိုင်မှာ ဖြစ်တယ်။

မူရင်းလင့်- http://jiaren.org/2016/07/21/

jiehun-89/

မူရင်းရေးသားသူ- Xiao Li

*

## ဒီကနေ့ဟာ သင် အနုပျိုဆုံးအချိန်ပါ

နှစ်စဉ်ကျင်းပတဲ့ အငြိမ်းစားတွေ စုဝေးတဲ့ လက်ဆုံစားပွဲတစ်ခုမှာ လူတချို့ဟာ အငြိမ်းစားယူပြီးတဲ့ ဘဝအကြောင်းတွေကို ပြောနေခဲ့ကြတယ်။ အပြောများ တာက မြေးထိန်းနေတဲ့ အကြောင်း၊ ဖဲရိုက်တဲ့ အကြောင်း၊ တချို့ကလည်း အက,ကတဲ့ အကြောင်း၊ တစ်ခါတလေ ခရီးထွက်ဖြစ်တဲ့ အကြောင်းတွေဖြစ်တယ်။ အသက် ၇၀နားနီးတဲ့ အဘိုးအိုတစ်ဦးက သူဟာ သိပ်မကြာသေးခင်က အင်္ဂလိပ်စာသင်တန်းတက်ဖြစ်တဲ့ အကြောင်း၊ အင်္ဂလိပ်မီးနင်း အလုံး ၁၀၀ လောက် တတ်နေပြီဖြစ်တဲ့ အကြောင်းကို ပြောပြပါတယ်။

ဒီအသက်အရွယ်ကျမှ အင်္ဂလိပ်စာသင်တယ်ဆိုတော့ လူတိုင်းက သူ့ကို အံ့သြနေကြတယ်။

'ဒီအရွယ်ရောက်မှ ဒီလောက်ခက်တဲ့ အင်္ဂလိပ်စာကို ဘာလို့ သင်ရတာလဲ။ သားသမီးတွေက နိုင်ငံရပ်ခြားမှာ မို့ နိုင်ငံခြားသွားမလို့ လား' လို့ မေးကြတယ်။

အဘိုးအိုက ခေါင်းခါပြီး 'ဘယ်သူမှ နိုင်ငံခြားမှာ မနေပါဘူး။ နိုင်ငံခြားထွက်ဖို့ လည်း စိတ်ကူးမထားပါဘူး။ အရွယ်တင်တုန်းလေး ကိုယ်သင်ချင်စရာရှိတာကို သင်ထားတာပါ'လို့ ဆိုတယ်။

'အသက်ပဲ ၇၀နားနီးနေပြီ။ အရွယ်တင်တုန်းဆိုတော့...' ဆိုပြီး လူတွေက သူ့ကို လှောင်ရယ်ခဲ့ကြတယ်။

အဘိုးအိုက သူတို့ အားလုံးကို

ပြုံးပြုံးလေးပြန်ကြည့်ပြီး 'ကျန်ရှိ နေတဲ့ နေ့ရက်တွေနဲ့ နှိုင်းရင် ဒီကနေ့က ငါ့ရဲ့ တစ်သက်တာမှာ အရွယ်တင်ဆုံး နေ့မဟုတ်လား' လို့ ပြောလိုက်တယ်။

လူတွေအားလုံးအရယ်ရပ်ပြီး ခဏတာတိတ်ဆိတ်သွားခဲ့တယ်။ ဟုတ်ပါတယ်။ ကျန်ရှိတဲ့ လက်ကျန်ရက်တွေနဲ့ နှိုင်းရင် ဒီကနေ့ဟာ ကျွန်တော်တို့ ရဲ့ အရွယ်တင်ဆုံးအချိန်ပဲ မဟုတ်ပါလား။

ငါ အရွယ်ကျနေပြီ။ စိတ်ဓာတ်လည်း မကြွခိုင်တော့ဘူး။ ဘာလုပ် လုပ် စိတ်မပါတော့ဘူး။ တက်ကြွစိတ်၊ ဖွဲလုံ့လလည်း မရှိတော့ဘူးလို့ အသက် ၄၀၊ ၅၀ အရွယ်ရှိတဲ့ လူတွေ ပြောတာကို ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ မကြာခဏကြားနေရပါတယ်။ မှန်ပါတယ်။ အသက် ၂၀ အရွယ်ရှိတဲ့ လူနဲ့ နှိုင်းရင် အသက် ၄

၀၊ ၅၀ အရွယ်ရှိသူက မငယ်တော့ပါဘူး။ ဒါပေမဲ့ နောင် ၁၀ နဲ့ နှိုင်းရင် ဒီကနေ့ဟာ သင် အရွယ်တင်ဆုံးအချိန်ပဲ မဟုတ်ပါလား။ အသက် ၇၀၊ ၈၀ အရွယ် လူတွေနဲ့ နှိုင်းရင် သင်ဟာ သူတို့ ထက် ပိုနုပျိုဆဲပဲ မဟုတ်ပါလား။

နုပျိုခြင်းဆိုတာ ဘာလဲ...

အဘိဓာန်စာအုပ်ထဲမှာ ရှင်းလင်းဖော်ပြထားတာက အသက် အရွယ်မကြီးတဲ့ သူ (များသောအားဖြင့် အသက် ၁၇၊ ၁၈နှစ်အရွယ်မှ အသက် ၃၀ စွန်းစွန်းအရွယ်အထိ) ဖြစ်တယ်။ အသက်ငယ်ရွယ်သူတွေကို ဆိုလို တာဖြစ်တယ်။ အသက် ၃၅ နှစ် နောက်ပိုင်း ဆိုရင်တော့ လူလတ်ပိုင်း အရွယ်ဖြစ်တယ်။ မနုပျိုတော့တဲ့ သဘောဖြစ်တယ်။ ဒါပေမဲ့ နုပျိုခြင်းက အမြဲတမ်း နှိုင်းယှဉ်မှုတစ်ခုဖြစ်တယ်။ သင် အသက် ၄၀ ဆိုရင် သင်ဟာ အသက် ၅၀ ထက်

နုပျိုပါတယ်။ အသက် ၆၀ ဆိုရင် သင်ဟာ အသက် ၇၀ ထက် နုပျိုပါတယ်။ တကယ်လို့ သင့်ကိုယ်သင် နှိုင်းယှဉ်ရင် သင့်ရဲ့ ဒီကနေ့ဆိုတဲ့ နေ့ရက်တိုင်းဟာ သင့်ရဲ့ လက်ကျန်နေ့ရက်တွေထက် နုပျိုတဲ့ အချိန်ပဲဖြစ်ပါတယ်။

နုပျိုတယ်ဆိုတာ စိတ်နေစိတ်ထားတစ်ခုဖြစ်တယ်။ လူတချို့က အသက်သိပ်မကြီးပေမယ့် စိတ်က အိုမင်းနေပြီဖြစ်တယ်။ ဘာလုပ်လုပ် တက်ကြွဖြတ်လတ်မှုမရှိတော့ဘူး၊ အမြဲငိုင်တွေငေးမောတယ်။

တချို့က အသက်အရွယ်ကြီးပေမယ့် စိတ်က နုပျိုဆဲဖြစ်တယ်။ ကောင်းမွန်တဲ့ စိတ်နေစိတ်ထားကို သူတို့ ထိန်းသိမ်းထားတယ်။ အမြဲတက်ကြွတယ်။ အသက် ၃၀ အရွယ် လူတစ်ယောက်ဟာ အသက် ၆၀ အရွယ် လူတစ်ယောက်ထက် နုပျိုပါတယ်လို့ သင်အတပ်ပြောနိုင်

လား။ ကျွန်တော်ကတော့ မထင်ဘူး။ နှပျို့တယ်ဆိုတာ သူ့ရဲ့ အသက်ကိန်းဂဏန်း ပဲဖြစ်တယ်။ စိတ်နေစိတ်ထားက နုပျိုချင်မှ နုပျိုပါလိမ့်မယ်။

လူတိုင်းက အသက်ငယ်တုန်းမှာ သင်ယူစရာရှိတာကို ကြိုးစား သင်ယူချင်ကြတယ်။ ကိုယ့်ရဲ့ အခြေကိုခိုင်အောင် လုပ်လိုကြတယ်။ ဒါဟာ တကယ့်ကောင်းမွန်တဲ့ ဆန္ဒဖြစ်တယ်။ ဒါပေမဲ့ ကြိုးစားရင်း ကြိုးစားရင်း နှစ်အနည်းငယ်ကြာလာတဲ့ အခါ၊ ဘာအကျိုးရလဒ်မှလည်း မဖြစ်ထွန်းတဲ့ အခါ၊ အောင်မြင်မှုမရတဲ့ အခါ လက်လျှော့လိုက်ကြတယ်။ ကိုယ့်ရဲ့ အရွယ်ကောင်းချိန်တွေ အလဟဿဖြစ်သွားတယ်၊ စိတ်ကူးအိပ်မက်တွေ ပြိုပျက်သွားပြီဆိုပြီး ဘဝကို ရေလိုက် ငါးလိုက် နေလိုက်ကြတယ်။

သာမန်အားဖြင့် အသက် ၆၀ မှ လူအိုလို့

သတ်မှတ်ကြတယ်။ ဒါပေမဲ့ တချို့လူတွေက အသက် ၄၀၊ ၅၀ အရွယ်၊ တချို့က ဒီထက် ပိုင ယ်တဲ့ အရွယ်နဲ့ အိုမင်းတဲ့ ဘဝထဲ ခြေစလှမ်း နေခဲ့ကြပြီဖြစ်တယ်။ လူတစ်ယောက်ရဲ့ အိုမင်း ခြင်းက အသက်အရွယ်ကနေ စတာမဟုတ်ပါ ဘူး။ တက်ကြွဖြတ်လတ်တဲ့ စိတ် သင် ကုန်ခန်းသွားတဲ့ နေ့ကနေ စတာဖြစ် ပါတယ်။

အသက်ကြီးပြီဆိုတာနဲ့ မနုပျိုနိုင်တော့တာ မဟုတ်ပါဘူး။ အခုအချိန်မှာ သင်ဟာ အသက် ၄၀၊ ၅၀ ပဲဖြစ်ဖြစ်။ အသက် ၆၀၊ ၇၀ ပဲ ဖြစ်နေ ပါစေဦးတော့... လက်ကျန်ကျန်ရှိနေသေးတဲ့ နေ့ရက်တွေနဲ့ စာရင် ဒီကနေ့ဟာ သင့်ရဲ့ အနု ပျိုဆုံး၊ အရွယ်တင်ဆုံးအချိန်ဖြစ်ပါတယ်။ တ ကယ် လို့ ကိုယ်အရွယ်တင်တုန်း သင်ယူစရာ တွေကို သင်ထပ်သင်ယူချင်သေး တယ်။ တက်ကြွစိတ်ရှိသေးတယ်၊ ဘဝကို အဓိပ္ပာယ် ရှိရှိ ဖြတ်သန်းချင် သေးတယ်ဆိုရင် ဘယ်အချိ

န်၊ ဘယ်အရွယ်မှာ ပဲစစ သင် အချိန်မနှောင်းသေးပါဘူး။ သင် အရွယ်တင်နေပါသေးတယ်။

အဲဒီ အသက် ၇၀ အရွယ် အငြိမ်းစားယူထားတဲ့ အဘိုးအိုကို ကျွန်တော် လေးစားအားကျမိပါတယ်။ သူဟာ နုပျိုတဲ့ စိတ်တစ်ခုကို ထိန်းသိမ်းထားနိုင်ပါသေးတယ်။ တစ်သက်လုံး အလုပ်များ ပြီး ပင်ပန်း လှုပ်ရှားနေရမယ်လို့ ကျွန်တော် မဆိုလိုပါဘူး။ တိုတောင်းတဲ့ ဘဝ တစ်သက်တာလုံး လှုပ်ရှားရုန်းကန်ခဲ့ပြီးမှ တော့ ဒီကျန်ရှိနေတဲ့ လက်ကျန် ဘဝမှာ ကိုယ်လုပ်ချင်တာ၊ သင်ယူချင်တာတွေနဲ့ ဘဝကို စိတ်လက် ချမ်းသာဖြတ်သန်းလို့ ရပါတယ်။ နုပျိုတဲ့ စိတ်ကို ဆက်လက်ထိန်းသိမ်း ထားပြီး 'မနက်ဖြန်'ထက် 'ဒီကနေ့'မှာ သင်ပိုအရွယ်တင်လို့ တွေးထားရင် 'နုပျိုခြင်း'ထဲမှာ သင်အမြဲရှင်သန်နေမှာ ဖြစ်ပါတယ်။

လူတိုင်းအတွက် ဒီကနေ့ဟာ အနုပျိုဆုံးအချိန်ပါ။ မနက်ဖြန်မှာ သင်ဟာ ဒီကနေ့ထက် အနည်းငယ် အိုမင်းသွားပြီဖြစ်ပါတယ်။ လုပ်ချင်ပေ မယ့် မလုပ်ခဲ့ရတဲ့ အလုပ်၊ သင်ဆန္ဒရှိတဲ့ အလုပ်ကို အခုလက်ရှိ အရွယ်တင် နုပျိုနေဆဲ အချိန်မှာ သင်လုပ်နိုင်ပါတယ်။ ဒီကနေ့ပဲ စလိုက်ရအောင်...။

မူရင်းရေးသားသူ- Sūn dào róng

မူရင်းလင့် - http://www.85nian.net/zhihui/33860.html

*

## ပွေ့ဖက်ခြင်းဖြင့်...

တစ်ကမ္ဘာလုံးမှာ နှစ်စဉ်နှစ်တိုင်း လမစေ့ဘဲ မွေးတဲ့ ရင်သွေး ငယ်ပေါင်း သန်း၂၀ခန့် ရှိပါတယ်။ အဲဒီရင်သွေးငယ်တွေထဲက သိန်း ၄၀ ခန့်ဟာ တစ်လတောင် အသက်မရှင်ဘဲ သေဆုံးနေကြရပါတယ်။ ဆင်းရဲတဲ့ အရပ်ဒေသက လမစေ့ဘဲ မွေးတဲ့ ရင်သွေးအများ စုဟာ ခန္ဓာကိုယ်အပူချိန် ဆုံးရှုံးပြီး သေဆုံးနေကြတာဖြစ်ပါတယ်။ အကြောင်းက အဲဒီဒေသတွေမှာ ဒေါ်လာနှစ်သောင်းတန် ဈေးကြီးတဲ့ အပူပေးစက် မရှိလို့ ဖြစ်တယ်။ Stanford တက္ကသိုလ်မှာ ပညာသင်နေဆဲဖြစ်တဲ့ Jane Chen လို့ ခေါ်တဲ့ မိန်းမပျိုလေး တစ်ယောက်ဟာ လူကိုတုန်လှုပ်

ချောက်ချားစေတဲ့ ကလေးသေဆုံးနှုန်းကို လွှန်ခဲ့တဲ့ ခုနစ်နှစ်ခန့်က သိရှိပြီးနောက် ဒါတွေအားလုံးကို ပြောင်းလဲပစ်နိုင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံကို မသွားခင် ရှေ့မှာ Jane Chen ဟာ ကွန်ပျူတာ ကျောင်းသားနဲ့ ဓာတုဗေဒ ကျောင်းသားတချို့ကို ဆက်သွယ်ပြီး အဖွဲ့ တစ်ဖွဲ့ကို အမြန်ဖွဲ့စည်းခဲ့ပါတယ်။ သူတို့ ရဲ့ ရည်ရွယ်ချက်က နဂိုအနွေး ပေးစက်ရဲ့ ဈေးနှုန်းထက် ၁%သာရှိတဲ့ ဈေးနှုန်းအချိုဆုံးအနွေးပေးစက်ကို ဖန်တီးဖို့ ပဲဖြစ်ပါတယ်။ ကျောင်းသင်ခန်းစာတွေပြီးဆုံးလို့ တခြားသူတွေ A+ အဆင့်နဲ့ ကျောင်းပိတ်ရက်ကို
ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းနေချိန်မှာ Jane Chen နဲ့ အဖွဲ့ဟာ သူတို့ ပြုလုပ်ထားတဲ့ အနွေးပေးစက်ပုံစံငယ် လေးနဲ့ အတူ အိန္ဒိယကို ခရီးထွက်ခဲ့ကြပါတယ်။

အိန္ဒိယနိုင်ငံကိုရောက်ရှိချိန်မှာ လက်တွေ့ခြေအနေက ထင်ထား တာထက် ပို ဆိုးနေတာကို Jane Chen တို့ တွေ့လိုက်ရပါတယ်။ ကလေးငယ်တွေကို လုံလောက်တဲ့ အနွေးဓာတ်မပေးနိုင်သလို မိခင်တွေ ဘယ်လိုပဲ ကြိုးစားလည်း ကလေးငယ်တွေဟာ သေဆုံးနေခဲ့ရပါတယ်။ Jane Chen တို့ ယူလာခဲ့တဲ့ အနွေးစက်ပုံစံငယ်ကလည်း စိတ်ဆန္ဒပြင်းပြ နေတဲ့ ကျောင်းသားတွေ ပြုလုပ်ထားတဲ့ စက်ဖြစ်တာကြောင့် အသုံးမတည့် ခဲ့ပါဘူး။ လက်တွေ့ အခြေအနေကို ပြောင်းလဲဖို့ မလွယ်ကူဘူး။ တော်တော် ခက်ခဲမယ်ဆိုတာကို Jane Chen သတိပြုလိုက်မိပါတယ်။

Jane Chen ဟာ ကျောင်းကို ပြန်ရောက်ခဲ့လည်း အင်အားမဲ့ သေးငယ်တဲ့ လက်ကလေးတွေကို မေ့လို့ မရခဲ့ပါဘူး။ အဲဒီလက်ကလေးတွေဟာ အနွေးဓာတ်ကို သူတို့ ခဏတာရခဲ့ပေ

မယ့်လည်း နောက်ဆုံးမှာ သေဆုံးခဲ့ကြရပါတယ်။

'ကျွန်မ တစ်ရက်အချိန်ဆွဲရင် ရင်သွေးငယ်တစ်သောင်းခန့်က ရှင်သန်ဖို့ အခွင့်အရေးကို ဆုံးရှုံးမယ်' လို့ Jane Chen က ပြောပါတယ်။

'ဆက်လုပ်ရအောင်... ဘယ်လိုရလဒ်မျိုးပဲဖြစ်ဖြစ်ပေါ့' လို့ သူ့အဖွဲ့သားတွေကို ပြန်လည်စုစည်းပြီး Jane Chen က ပြောပါတယ်။ အဖွဲ့သားတွေရဲ့ ဆန္ဒကလည်း တစ်ခုတည်းပါပဲ။ 'အသစ်အသစ် ပြန်ပြန် စရလည်း ဒီကိစ္စကိုလုပ်မယ့်သူ ရှိကိုရှိရမယ်'

Jane Chen တို့ အဖွဲ့ဟာ ဈေးကွက်မှာ ရှိတဲ့ ကလေးအနွေးပေး စက်မျိုးစုံကိုဝယ်ယူပြီး ဖျက်လိုက် ပြန်တပ်လိုက်၊ ဖျက်လိုက် ပြန်တပ်လိုက်နဲ့ ရင်သွေးငယ်အတွက် အသင့်တော်ဆုံး လုံခြုံတဲ့ စက်ပေးနိုင်ဖို့ သူတို့ ကြိုးစား ခဲ့ကြတယ်

။ သူတို့ ရဲ့ လက်တွေ့စမ်းသပ်ခန်း ပြတင်းပေါက်ပေါ်မှာ အကြမ်း စာရွက်တွေ အပြည့်ကပ်ထားပါတယ်။ ဒီဇိုင်းရေးဆွဲထားတဲ့ အကြမ်းစာရွက် ရဲ့ ရှေ့မှာ Jane Chen တို့ အဖွဲ့သားတွေဟာ အနွေးစက်ပုံစံငယ်တစ်ခုကို ကိုင်ပြီး မနက်မိုးလင်းကနေ မိုးချုပ်နေဝင်တဲ့ အထိ ဆွေးနွေးနေခဲ့ကြပါ တယ်။ အကြံဉာဏ်ပေါင်းများ စွာထဲကနေ နောက်ဆုံးမှာ အသင့်တော်အကိုက်ညီဆုံးပုံစံငယ်တစ်ခု
ပေါ်ထွက်လာခဲ့ပါတယ်။

အဲဒီပုံစံငယ်က 'ပွေ့ဖက်ခြင်း' လို့ အမည်ပေးထားတဲ့ အနွေးပေး အိတ်ပဲဖြစ်ပါတယ်။ အဲဒီအနွေးပေးအိတ်ဟာ ထပ်တလဲလဲ အနွေးပေးနိုင် တဲ့ အိတ်တစ်ခုဖြစ်ပြီး အနွေးပေးစက်တစ်လုံးရှိရုံနဲ့ တင် ကလေးငယ်ပေါင်း များ စွာကို အန္တရာယ်ကာလကို ဖြတ်ကျော်စေနိုင်မှာဖြစ်ပါတယ်။ တစ်ခါ အနွေးပေးရင် ခြောက်နာ

ရှိကြာအသုံးခံပြီး ပိတ်စရဲ့ ထူးခြားချက်က အ နွေး ဓာတ်ကို တစ်သမတ်တည်းထိန်းထားပေး နိုင်ပါတယ်။ အရေးပါဆုံးက အဲဒီ ပိတ်စအနွေး အိတ်ဟာ စျေးကြီးတဲ့ အနွေးပေး စက်တန်ဖိုးရဲ့ ၁%သာ ရှိတာမို့ ဆင်းရဲတဲ့ နိုင်ငံ တွေကလည်း သုံးစွဲနိုင်ပါတယ်။

Jane Chen တို့ အဖွဲ့ဟာ အိန္ဒိယနိုင်ငံကို နောက်တစ်ခေါက် ရောက်လာခဲ့ပြန်ပါတယ်။ သူတို့ ရဲ့ စမ်းသပ်ခန်းကိုလည်း အိန္ဒိယမှာ ပဲ တည်လိုက်ပါတယ်။ ပထမဆုံးရင်သွေးငယ်ကို 'ပွေ့ဖက်ခြင်း'နဲ့ သူတို့ ကယ်တင်နိုင်လိုက်ပြီး တဲ့ နောက် နှစ်ကာလကြာစမ်းသပ်ခဲ့တဲ့ စမ်း သပ် မှုက အလုပ်အကိုင်တစ်ခုဖြစ်လာခဲ့ပါတ ယ်။

Jane Chen တို့ အဖွဲ့က သူတို့ အလုပ်အပေါ် လေးနက်သူတွေ ပါ။ သူတို့ ဟာ

'ပွေ့ဖက်ခြင်း' အနွေးပေးအိတ်နဲ့ နေရာအနှံ့ ရ
န်ပုံငွေတွေရှာခဲ့ ပါတယ်။

'အလုပ်တစ်ခုကို သင်အစွမ်းကုန်ကြိုးစားရ
င် တစ်ကမ္ဘာလုံးက သင့်ကိုကူညီလိမ့်မယ်' ဆို
သလို အဘက်ဘက်က ကူညီထောက်ခံခဲ့ကြ
တယ်။ ဒီလုပ်ငန်းအတွက် အဆိုတော် Beyonc
e ကတောင် ဒေါ်လာ တစ်သန်းကျော် ထောက်
ပံ့ကူညီခဲ့ပါတယ်။ Jane Chen လည်း အသက်
ပေါင်းများ စွာ ကယ်တင်နိုင်ဖို့ မျှော်လင့်တွက်
ချက်နေခဲ့ပါတယ်။

၂၀၁၄ ခုနှစ်မှာ Jane Chen ကို အမေရိကန်
သမ္မတအိုဘားမား က အိမ်ဖြူတော်မှာ လက်ခံ
တွေ့ဆုံခဲ့ပါတယ်။ သူ့လက်ထဲက အနွေးပေးအိ
တ် ဟာ ကလေးပေါင်း တစ်သိန်းခွဲကို ကယ်တ
င်ခဲ့ပြီးဖြစ်ပါတယ်။ Jane Chen တို့ အဖွဲ့လုပ်နို
င်ခဲ့ပါပြီ။ ကယ်တင်ခံလိုက်ရတဲ့ ရင်သွေးငယ်

တွေဟာ အန္တေး ပေးအိတ်မှ သည် ဖခင်ရဲ့ လက်ကိုတွဲတဲ့ ကလေးဘဝ၊ ပြီးတော့ အနာဂတ် ပေါင်းများ စွာကို သူတို့ ပိုင်ဆိုင်သွားတော့မှာ ဖြစ်ပါတယ်။ 'ပွေ့ဖက်ခြင်း' ဆိုတဲ့ အန္တေးပေး အိတ်လေးတစ်လုံးက သေဆုံးလုဆဲဆဲ ကလေးငယ်တွေ ကို ရှင်သန်ဖို့ အခွင့်အရေးတွေ ပေးနေခဲ့ပါတယ်။

'လူတိုင်းမှာ ရှင်သန်ဖို့ အခွင့်အရေးရှိတယ် ဆိုတာကို ကျွန်မ စွဲစွဲမြဲမြဲယုံကြည်ထားတယ်' လို့ Jane Chen က ပြောပါတယ်။

မူရင်းလင့်- http://www.85nian.net/chengzhang/53339.html

*

## လေကိုစောင့်တဲ့ ကောင်ကလေး

ဝီလျံကို အာဖရိကတိုက် မာလဝီဆိုတဲ့ နိုင်င ံမ ၂၁ မွေးဖွားခဲ့တယ်။ ဒီတိုင်းပြည်ဟာ ဆင်းရဲခြင်း၊ ခေတ်နောက်ကျခြင်း၊ အစာရေဆာငတ်ပြတ် ခြင်း၊ ရောဂါဘယထူပြောခြင်းတွေ ရှိခဲ့တယ်။ အသားဟင်းတစ်ခွက်စားရတာဟာ သူတို့ အတွက် ဘုရားပေးတဲ့ ဆုပဲဖြစ်တယ်။

ဝီလျံကို ရွာတစ်ရွာက သာမန်လယ်သမားမိသားစုတစ်စုက မွေးဖွားခဲ့တယ်။ သူတို့ မှာ တီဗွီမရှိဘူး။ ဖြေဖျော်ရေးအတွက်ဆိုလို့ ဟောင်းအိုတဲ့ ရေဒီယိုတစ်လုံးပဲ သူတို့ မှာ ရှိခဲ့တယ်။

ရေဒီယိုကလွှင့်တဲ့ အသံအမျိုးမျိုးကိုသာ သူတို့ နားထောင်ခွင့်ရခဲ့တယ်။

ဆိုးပေလို့ ကောင်းတဲ့ အရွယ်မို့ ဝီလျံဟာ ငြိမ်ငြိမ်မနေနိုင်ခဲ့ပါဘူး။ နေ့တိုင်း ရေဒီယိုဘေးမှာ မှောက်ပြီး ထူးဆန်းတဲ့ အသံတွေ ထွက်လာ တတ်တဲ့ လေးထောင့်ဘူးလေးကိုပဲ စိုက်ကြည့်နေခဲ့တယ်။ အသံတွေ ဘယ်က နေ ထွက်လာပါလိမ့်လို့ သူတွေးခဲ့တယ်။

မိဘကို မေးကြည့်တော့ မသိဘူးလို့ ခေါင်းခါပြတယ်။ ဆရာကို မေးကြည့်တော့ ဆရာက လည်း သေချာတဲ့ အဖြေ မပေးနိုင်ခဲ့ဘူး။ သိလိုစိတ်တွေ ဝီလျံ့ရင်ထဲပြင်းပြနေခဲ့လို့ အိမ်မှာ ရှိတဲ့ တစ်ခုတည်းသော လျှပ်စစ် ပစ္စည်းရေဒီယိုကို တစ်စစီ သူဖြုတ်ကြည့်ခဲ့တယ်။

အိမ်မှာ ရှိတဲ့ ရေဒီယိုက လိုင်းပူးပြီး ရှုပ်ထွေးတဲ့ အသံတွေ ထွက်ပေါ်တတ်ပါတယ်။ ဝီ

လျှံက ရေဒီယိုကို ဖြုတ်လိုက် ပြန်တပ်လိုက်နဲ့ အကြိမ်ကြိမ်အဖန်ဖန် စမ်းသပ်ခဲ့လို့ နောက်ဆုံးမှာ ရှုပ်ထွေးတဲ့ အသံ ဘာကြောင့်ထွက်ပေါ်လာသလဲဆိုတဲ့ အဖြေကို သူ ရသွားခဲ့တယ်။ အဲဒီ နောက် ရေဒီယိုကို သူပြင်တယ်။ ဝိုင်ယာကြိုးကိုသာ အသုံးပြုပြီး သူပြင်ခဲ့ တယ်။ အကြိမ်ကြိမ်အခါခါ ပြင်ဆင်ပြီးနောက် ရေဒီယိုဟာ ကောင်း သွားခဲ့တယ်။

အိမ်နီးနားချင်းတွေက ဝီလျံ ရေဒီယိုပြင်တတ်တယ်ဆိုတဲ့ သတင်းကိုကြားတော့ သူတို့ အိမ်မှာ ရှိတဲ့ ရေဒီယိုတွေကိုပြင်ဖို့ လာပို့ ကြပါတယ်။ ဝီလျံပြင်လို့ ကောင်းသွားတဲ့ ရေဒီယိုကိုကြည့်ပြီး သူတို့ လက်မထောင်ကြတယ်။ ဝီလျံကိုလည်း 'သိပ္ပံပညာရှင်' လို့ ချီးကျူး ကြတယ်။

ဒီလိုအောင်မြင်မှုက ဝီလျံကို ကျေနပ်အားရစေခဲ့တယ်။ သိပ္ပံ ပညာရပ်အပေါ်

ပထမဆုံးအကြိမ် သူ စိတ်ဝင်စားစိတ်ဖြစ်လာခဲ့တယ်။ အလယ်တန်းရောက်ရင် သိပ္ပံဘာသာရပ်တွေ အများကြီးသင်ယူနိုင်တယ်၊ လက်တွေ့လုပ်နိုင်တယ်လို့ သူသိရတော့ သူ့ကိုယ်သူ အမြန်ကြီးပြင်းပြီး အလယ်တန်းတက်လိုစိတ်တွေ သူ့မှာ ဖြစ်ခဲ့တယ်။

ဒါပေမဲ့ ဒီလို သာမန်တဲ့ သူ့ဆန္ဒ၊ သူ့ရည်မှန်းချက်က သူနဲ့ လွဲချော်သွားခဲ့ပါတယ်။ ဆာလောင်ငတ်မွတ်ခြင်းက သူတို့ ရွာဆီ ကူးစက် လာခဲ့ပါတယ်။ သစ်မြစ်တွေ စားရဖို့တောင် အတော်ခက်ခဲခဲ့ပါတယ်။ လူတော်တော်များများက ငတ်မွတ်မှုဒဏ်ကြောင့် သေဆုံးခဲ့ကြရတယ်။ တချို့က မြို့ပေါ်ရှောင်တိမ်းကြတယ်။ ကံကောင်းထောက်မစွာနဲ့ အငတ်ဘေး ကနေ ဝီလျံလွတ်မြောက်ခဲ့ပေမယ့် ကျောင်းဆက်တက်ဖို့ ကျောင်းလခ မပေးနိုင်ခဲ့တော့ပါဘူး။

အသက်ရှင်ရေးနဲ့ ပညာရေးမှာ အသက်ရှင်ရေးကိုပဲ သူရွေးချယ် ခဲ့လို့ သူ ကျောင်းထွက်လိုက်ရပါတယ်။ သူ့ဘေးပတ်ဝန်းကျင်မှာ လည်း ကျောင်းထွက်လိုက်တဲ့ ကလေးသူငယ်တွေ အများကြီးပါပဲ။ ကျောင်း မတက်ရတော့ ကလေးတွေက အိမ်မှာ အိပ်လိုက်၊ နေပူလှန်းလိုက်၊ အမှိုက် လိုက်ကောက်လိုက်၊ လျှောက်သွားလိုက်၊ မောင်ညီမတွေ ကူထိန်းလိုက်ပဲ လုပ်ခဲ့ရတယ်။ ဝီလျံက ဘဝကို ဒီလိုမဖြတ်သန်းချင်ခဲ့ပါဘူး။ အသိဉာဏ် ဗဟုသုတတချို့ ကိုသူ သင်ယူချင်နေခဲ့ပါတယ်။

ကျောင်းဘေးမှာ အဖွဲ့အစည်းတစ်ခုက လှူဒါန်းထားတဲ့ စာကြည့် တိုက်လေးတစ်တိုက်ရှိပါတယ်။ စာကြည့်တိုက်ထဲက စာအုပ်တော်တော် များများက အမေရိကန်နိုင်ငံက လှူဒါန်းထားတာဖြစ်တယ်။ မာလဝီလို စားရမဲ့ သောက်ရမဲ့တဲ့ နိုင်ငံမှာ ဘယ်သူကမှ စာကြည့်

တိုက်ထဲ ဝင်ချင်ကြ တာ မဟုတ်ပါဘူး။ စာကြ ည့်တိုက်ထဲဝင်မယ့်အစား အမှိုက်ပုံ သူတို့လို က် ကောက်ကြမှာ ပါ။

ဘယ်သူ့မှ မဝင်ချင်တဲ့ စာကြည့်တိုက်ထဲ ဝီ လျံ ဝင်ခဲ့ပါတယ်။ စာအုပ်စင်ပေါ်က ဖုန်တက် နေတဲ့ စာအုပ်တွေကို သူ လောဘတကြီးဖတ်ခဲ့ ပါတယ်။ ဆယ်နှစ်ကျော်အရွယ်မို့ အင်္ဂလိပ်စာ တွေကို သူကောင်းကောင်း မွန်မွန်မဖတ်တတ် ခဲ့ပါဘူး။ သူနားမလည်တဲ့ စကားလုံးကိုတွေ့ရ င် စာကြည့် တိုက်မှူးကို သူမေးခဲ့ပါတယ်။

ကျောင်းကောင်းကောင်း မတက်ခဲ့ရလို့ စာ တွေကို ပင်ပင်ပန်းပန်း သူ ဖတ်ခဲ့ရပေမယ့် နေ့ တိုင်း စာကြည့်တိုက်မှာ သူ စာလာဖတ်ခဲ့တယ် ။ သူအနှစ်သက်ဆုံးစာအုပ်က လျှပ်စစ်နဲ့ ပတ် သက်တဲ့ စာအုပ်တွေပဲ ဖြစ်တယ်။ စာတွေဖတ် ရင်း အရေးပါတဲ့ အချက်အလက်တွေကို မမေ့

အောင် မှတ်စုစာအုပ်မှာ သူ ရေးမှတ်ခဲ့တယ်။

တစ်နေ့မှာ လျှပ်စစ်စာအုပ်တစ်အုပ်ကို သူ တွေ့လိုက်မိတယ်။ စာအုပ်မျက်နှာဖုံးမှာ အဖြူရောင်တာဝါတိုင်တစ်ခု ဆွဲထားတယ်။ တာဝါတိုင် ပေါ်မှာ ကြီးမားတဲ့ လေပန်ကာ သုံးရွက်ပါတယ်။ ပထမဆုံးအကြိမ် လေရဟတ်ဆိုတာကို သူ သိခဲ့ရတယ်။ လေရဟတ်နဲ့ လျှပ်စစ်ထုတ်နိုင် ကြောင်းကို သူ သိလိုက်တယ်။ ဒီလိုသိရတာကို သူအရမ်းဝမ်းသာမိတယ်။ မာလဝီမှာ လိုအပ်နေတာက လျှပ်စစ်မီးပါ။ တစ်နိုင်ငံလုံးမှာ ၂% လောက် လူတွေပဲ လျှပ်စစ်မီးသုံးနိုင်ခဲ့တယ်။ ဒါတောင် မီးက လာလိုက် မလာ လိုက်ပါ။ အိမ်မှာ လျှပ်စစ်မီးရှိဖို့ သူ မျှော်လင့်ခဲ့ပါတယ်။ လျှပ်စစ်မီးရောင် အောက်မှာ စာဖတ်ရဖို့ကို သူ အမျှော်လင့်ကြီး မျှော်လင့်ခဲ့ပါတယ်။

အဲဒီလိုနဲ့ အသက် ၁၄ နှစ်အရွယ် ဝီလျံဟာ

လေရဟာတ် တစ်စင်းလုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်
။

လေရဟာတ်လုပ်ဖို့ ပစ္စည်းတွေမရှိတော့ ဘယ်လိုလုပ်မလဲ...။

ဒါဟာ ဝီလျံအတွက် မခက်ခဲခဲ့ပါဘူး။ အမှိုက်ပုံထဲကနေ ဖိနပ်စုပ်၊ သံချေးအထပ်ထပ် တက်နေတဲ့ လျှပ်စစ်ပစ္စည်းဟောင်းတွေကို သူ ကောက်ယူပြီး ဆေးကြောသန့်စင်ပါတယ်။ လွန်ပူမရှိတော့ သံချောင်း ရှည်နဲ့ သူ အစားထိုးတယ်။ ပလာယာမရှိတော့ စက်ဘီးစဘုတ်တံနဲ့ သူ အစားထိုးတယ်။

လုပ်နိုင်တဲ့ ပစ္စည်းတွေနဲ့ လုပ်နည်းအမျိုးမျိုးကို သူ စဉ်းစားခဲ့ ပါတယ်။ လေရဟာတ်ဒေါက်တိုင်လုပ်ဖို့ ပစ္စည်းရှာမတွေ့ခဲ့လို့ ဖခင် ဖြစ်သူကိုမေးပြီး အိမ်မှာ ရှိတဲ့ တစ်ခုတည်းသော စက်ဘီးစုတ်ကို သူဖျက် ပစ်လို

က်ပါတယ္။ ဖခင္က စစခ်င္းမွာ သေဘာမတူ ခဲ့ေပမယ့္ ဝီလ်ံရဲ႕ တတြတ္တြတ္ေတာင္းဆိုမႈေၾကာင့္ ေနာက္ဆံုး မွာ ခြင့္ျပဳလိုက္ရတယ္။

ဝီလ်ံတစ္ေယာက္ ေလရဟတ္လုပ္ေနတ ယ္ဆိုတဲ့ သတင္းကို တစ္ရြာလံုး သိသြားခဲ့တ ယ္။ အားလံုးက တအံ့တၾသနဲ႔ 'ငတံုးေလး... မ င္း ျဖစ္မွာ မဟုတ္ဘူး ကြာ'၊ 'ဒီကေလးေလး... အရမ္းစိတ္ကူးယဥ္ လြန္းတယ္' လို႔ ေလွာင္ရ ယ္ၾကတယ္။

သူ႔ေၾကာင့္ မိခင္က ေဒါသမ်က္ရည္ အဝဲ သားနဲ႔ 'ဆက္မလုပ္ နဲ႔ ေတာ့... ဒီလိုဆက္လုပ္ ေနရင္ ေနာက္ဆို သားကို ဘယ္သူမွ ယူရဲမွာ မဟုတ္ဘူး 'လို႔ ဆိုတယ္။

လူအမ်ားက သူ႔ကို 'ငရူးေလး'လို႔ ေခၚၾက တယ္။

လူတွေ ဘယ်လိုပဲ လှောင်ရယ်ပါစေ၊ ဘယ်လိုပဲ အတားအဆီးရှိ ပါစေ၊ ဝီလျံရဲ့ စိတ်ကူးအိပ်မက်ကို မတားဆီးနိုင်ခဲ့ပါဘူး။ သူ့ရဲ့ လေရဟတ်က တစ်နေ့ထက်တစ်နေ့ ပုံပီပြင်လာခဲ့ပါတယ်။ လေလာတာနဲ့ ရဟတ်က စတင် လည်ပတ်တော့မယ်။ သူ့လက်မှာ ဆုပ်ကိုင်ထားတဲ့ မီးသီးလေး မီးလင်း လာခဲ့တော့မယ်။

လေကို သူ စောင့်နေခဲ့ပါတယ်။ တစ်စက္ကန့်၊ တစ်မိနစ်နဲ့ လေအတိုက်ကို သူ စောင့်နေခဲ့ပါတယ်။

နောက်ဆုံးမှာ လေလာပါပြီ။ သူ့လက်ထဲက မီးသီးလေး မီးလင်း လာခဲ့ပါပြီ။ သူ့ကိုလှောင်ရယ်ဖို့ စောင့်နေတဲ့ သူတွေ ပါးစပ်အဟောင်းသားနဲ့ ဘာမှ မပြောနိုင်ခဲ့တော့ပါဘူး။

ဝီလျံအောင်မြင်ခဲ့ပါပြီ။ အဲဒီနောက် ပိုကောင်းတဲ့ လေရဟတ်ကို သူ လုပ်နိုင်ခဲ့ပြီး တစ်ရွာ

လုံးအတွက် လျှပ်စစ်မီးကို သူ ပေးနိုင်ခဲ့ပါတယ်။ လေရဟတ်နဲ့ လျှပ်စစ်မီးပေးနိုင်ရုံတင်မက ရေစုပ်တာ၊ ဖုန်းဓာတ်အားသွင်း တာတွေပဲ လုပ်နိုင်ခဲ့ပါတယ်။

ဝီလျံရဲ့ နာမည်ကို လူတွေ သတိထားလာခဲ့မိကြပါတယ်။ ကိုယ့် လုပ်အား၊ ကိုယ့်တီထွင်အားနဲ့ တစ်ရွာလုံးကို မီးပေးနိုင်တဲ့ William Kamkwamba လို့ ခေါ်တဲ့ သိပ္ပံပညာရှင်လူငယ်တစ်ယောက်ကို လူတွေ သိလာခဲ့ကြပါတယ်။

ဒီလို ထူးချွန်ထက်မြက်တဲ့ လူငယ်တစ်ယောက်ကို အစိုးရက ဘာလို့ တောရွာတစ်ရွာမှာ အလဟဿဖြစ်စေမလဲ။

ဝီလျံကျောင်းပြန်တက်ရပါပြီ။ လူငယ်သိပ္ပံပညာရှင်တစ်ဦးအနေနဲ့ နိုင်ငံတကာအစည်းအဝေးပွဲမှာ သူ ပါဝင်ခွင့်ရခဲ့ပါတယ်။ ကမ္ဘာ့အနှံ့လှည့်လည်ပြီး ဟောပြောမှုတွေ သူလုပ်ခဲ့ရပါ

တယ်။ အဲဒီအပြင် အမေရိကန် Dartmouth College က ပညာသင်ဆုကိုလည်း သူ ရရှိခဲ့ပါတယ်။

လူတချို့က အမြင့်ကို တက်လှမ်းလိုစိတ်ရှိပေမယ့် အမြင့်ကို မရောက်နိုင်ခဲ့ကြဘူး။ အာဖရိကက အသက် ၁၀ နှစ်ကျော် ကောင်လေး တစ်ယောက်ကတော့ အရောက်သွားနိုင်ခဲ့ပါပြီ။ သူဟာ တလောကလုံးရဲ့ စံပြပုဂ္ဂိုလ်ဖြစ်ခဲ့ပါတယ်။ ဖွဲ့ရှိရင် ကိုယ့်စိတ်ကူးအိပ်မက်ကို ကြံ့ကြံ့ခံရင် 'လေ' အရောက်လာလိမ့်မယ်လို့ လူတွေကို သူသိစေခဲ့ပါတယ်။ ဟောပြောပွဲ တစ်ခုမှာ သူပြောခဲ့သလိုပါပဲ။ 'I tried and I did it} wJh / ]The Boy Who Harnessed the Wind' ဆိုတဲ့ စာအုပ်တစ်အုပ်ကိုပါ သူ ရေးသား ထုတ်ဝေနိုင်ခဲ့ပါတယ်။

*

## သင့်အား အရှက်ရစေသူကို ကျေးဇူးတင်ပါ

လူမည်းကောင်လေးတစ်ယောက်ဟာ ဆင်းရဲတဲ့ မိသားစုက မွေးဖွားခဲ့တယ်။ ဖခင်က သူငယ်ငယ်လေးကတည်းက အမေနဲ့ သူ့ကို ထားပြီး အဝေးကို ထွက်သွားပြီဖြစ်တယ်။ အမေက ကြိုရာအလုပ်လုပ်တဲ့ သူဖြစ်ပြီး ရတဲ့ လခက တစ်လမှာ ဒေါ်လာ ၃၀ တောင် မရှိပါဘူး။ ဒါတောင် အမေက သူ့ကို ကျောင်းထားပေးခဲ့တယ်။

ဆင်းရဲတဲ့ အတွက် ကောင်လေးဟာ ကျောင်းက ထောက်ပံ့ပေး တဲ့ ငွေကြေးနဲ့ ကျောင်း

တက်ခဲ့ရတယ်။ ဆင်းရဲပေမယ့် သူဟာ အတန်းပညာ မှာ ထူးချွန်ခဲ့တယ်။ အတန်းပညာထူးချွန်ပေမယ့် သူ ဘဝမမြင့်ခဲ့ဘူး။ တကယ်လို့ ကျောင်းသားတွေရဲ့ ထောက်ပံ့ကြေးသာ မရှိရင် သူ ကျောင်း နေရမှာ မဟုတ်ဘူး ဆိုတာကို သူ နားလည်ထားတယ်။ ဒါကြောင့် ကျောင်းစာကိုပဲ သူ တစိုက်မတ်မတ် ကြိုးစားခဲ့ပြီး ထောက်ပံ့ကြေး ပေးကမ်းသူတွေကို ကျေးဇူးတရားသိဖို့ ၊ မေတ္တာထားဖို့ ကို သူ နှလုံးသွင်း ခဲ့တယ်။

တစ်နေ့မှာ အတန်းပိုင်ဆရာမက 'ရပ်ကွက်ရန်ပုံငွေ' အတွက် ကျောင်းသားတွေ အလှူငွေထည့်ဖို့ လှုံ့ဆော်ခဲ့တယ်။ ဒါကို သူကြားတော့ သူတစ်ပါးကို ကူညီလိုစိတ်တွေ သူ့ရင်ထဲမှာ အညောင့်ပေါက်ခဲ့တယ်။ ကျောင်းသားတွေရဲ့ ပေးကမ်းမှုကို သူရခဲ့သလို သူတစ်ပါးကိုလည်း သူ ကူညီချင်ခဲ့တယ်။ ဒါကြောင့် သူ

လည်း ပိုက်ဆံတွေ စုခဲ့တယ်။

ရက်အတန်ငယ်အကြာမှာ အတန်းထဲမှာ ဆရာမက လှူဒါန်းတဲ့ ငွေတွေကို လိုက်ကောက်ပါတယ်။ ကောင်လေးကလည်း သူအမှိုက်ကောက် ပြီး ရလာခဲ့တဲ့ ငွေသုံးဒေါ်လာကို လှူဒါန်းဖို့ ဆရာမရဲ့ အခေါ်ကို စောင့်နေခဲ့ ပါတယ်။ ကိုယ်ပင်ပင်ပန်းပန်းရှာလာတဲ့ ငွေကို စင်မြင့်ပေါ်တက်ပြီး လှူဒါန်း နိုင်ပြီဆိုပြီး သူ ဝမ်းသာနေခဲ့ပါတယ်။ သူ့မျက်နှာပေါ်မှာ လည်း ဝမ်းသာ ပျော်ရွှင်တဲ့ အပြုံးတွေ ထင်ဟပ်နေခဲ့ပါတယ်။ ဒါပေမဲ့ အတန်းသားအားလုံး ရဲ့ နာမည်ကို ခေါ်ပြီးချိန်အထိ ဆရာမက သူ့နာမည်ကို မခေါ်ခဲ့ပါဘူး။ ဒါကို သူနားမလည်လို့ ဆရာမကို ဘာကြောင့် လဲလို့ မေးမြန်းခဲ့ပါတယ်။

ဆရာမမေ့သွားလို့ ပါလို့ ဆရာမက အားနာနာနဲ့ ဖြေလိမ့်မယ်လို့ သူ ထင်ခဲ့ပါတယ်။ ဒါ

ပေမဲ့ သူထင်ထားသလို မဟုတ်ခဲ့ဘဲ ဆရာမက ပြတ်သားတဲ့ အသံနဲ့ 'ဒီတစ်ခေါက် ဆရာမတို့ အလှူငွေကောက်တာဟာ မင်းလို ဆင်းရဲတဲ့ သူတွေကို ပံ့ပိုးဖို့ ပဲ။ တကယ်လို့ မင်းအဖေသာ သင်ရိုး ပြင်ပကြေး ငါးဒေါ်လာကို ထည့်နိုင်ခဲ့ရင် မင်းလည်း ထောက်ပံ့ကြေးယူစရာ မလိုတော့ဘူး...'။ ဆရာမရဲ့ စကားက အများကြီး မဟုတ်ဘူး ဆိုပေမယ့် သူ့နှလုံးသားတည့်တည့်ကို ထိမှန်သွားခဲ့ပါတယ်။ အဲဒီနေ့က မျက်ရည် အဝဲသားနဲ့ အခန်းပြင်ပဘက် သူ ထွက်ပြေးခဲ့တယ်။ အဲဒီကစပြီး အဲဒီ ကျောင်းဝင်းထဲ သူ ခြေလှမ်းမလှမ်းခဲ့တော့ပါဘူး။

အချိန်ဟာ မြားအလျင်လိုပဲ မျက်စိတစ်မှိတ်အတွင်းမှာ အနှစ် ၂၀ ကုန်လွန်သွားခဲ့ပါတယ်။ တစ်နေ့မှာ အဲဒီလူမည်းကောင်လေးရဲ့ နာမည်ဟာ အမေရိကန် နာမည်ကြီး တီဗွီအစီအစဉ်ပေါ်မှာ ပေါ်ထွက်လာမှ လူတွေက တစ်ချိန်

တုန်းက ကောင်လေးဟာ အခုအချိန်မှာ နာမည်ကြီး အစီအစဉ်တင်ဆက်သူတစ်ဦး ဖြစ်နေခဲ့ပြီဆိုတာကို သတိထားခဲ့မိကြတယ်။ သူ့အောင်မြင်မှုအကြောင်းပြောကြားချိန်မှာ လူတွေက ဆင်းရဲခြင်း က သူ့ကို အောင်မြင်လိုစိတ်တွေ ဖြစ်စေခဲ့တယ်လို့ ထင်ခဲ့ကြတယ်။ ဒါကို သူက 'ဆင်းရဲခြင်းကြောင့် ပဲ မဟုတ်ပါဘူး ။ လွန်ခဲ့တဲ့ အနှစ် ၂၀ တုန်းက ရခဲ့တဲ့ စိတ်ဒဏ်ရာကြောင့် လည်း ပါပါတယ်။ ကျွန်တော့်ကို ဆရာမအရှက်ရ စေခဲ့တဲ့ အတွက်ကြောင့် ဖြစ်တယ်'။ အဲဒီဆရာမနဲ့ အဆက်အသွယ်ရှိ သလားလို့ လူတွေမေးတဲ့ အခါ သူက ကျေနပ်အားရစွာနဲ့ 'ရှိတာပေါ့...အစီအစဉ်တင်ဆက်သူတစ်ဦး စဖြစ်တဲ့ နေ့မှာ ပဲ ကျွန်တော် ပန်းတစ်စည်း ဝယ်ပြီး ဆရာမဆီ သွားခဲ့တယ်။ အဲဒီပန်းစည်းနဲ့ လူအများကို ကျွန်တော်ပြော ချင်တာက သင့်ကို အရှက်ရစေခဲ့သူကို ကျေးဇူးတ

င်ပါဆိုတာပါပဲ။ သူတို့ ရဲ့ ကြမ်းတမ်းတဲ့ စကားလုံးက ကျွန်တော့်ရဲ့ တိုးတက်အောင်မြင်လိုတဲ့ ခံစားချက် ကို ထက်သထက်ထက်အောင် သွေးပေးခဲ့လို့ ပါပဲ' လို့ သူပြောခဲ့ပါတယ်။

မူရင်းလင့်- http://www.85nian.net/qingchun/5046.html

*

# ကိုယ့်ဆားနဲ့ ကမ္ဘာကြီးကို လင်းလက်စေမယ်

'ကျွန်မကို ရေတစ်ခွက်နဲ့ ဆားနှစ်ဇွန်းပေးပါ။ သူတို့ ကို ကျွန်မ ရှစ်နာရီ ကြာအောင် လင်းစေနိုင်ပါတယ်'

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်မှာ အမေရိကန်သမ္မတ အိုဘားမား၊ အလီဘာဘာတည်ထောင်သူ Jack Mar တို့ ဟာ APEC ဆွေးနွေးပွဲမ ၂၁ ရာသီဥတုအပြောင်းအလဲ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စတဲ့ ပြဿနာတွေကို တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဲဒီလို ဆွေးနွေးရာမှာ 'စွန့်ဦးတီထွင်စံပြလူငယ်'

လို့ အိုဘားမားတင်စားခဲ့တဲ့ ဖိလစ်ပိုင်လုပ်ငန်းရှင် Aisa Mijeno ဟာလည်း သူ့စိတ်ကူးအတွေးတွေကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

'ကမ္ဘာ့အလင်းစွမ်းအင်ရဲ့ ကွာဟချက်ကို ချုံ့နိုင်ဖို့ မျှော်လင့်ပါတယ်' လို့ Aisa က ဆိုပါတယ်။

Aisa က 'မီးရောင်းသူ'ပါ။ အသက် ၃၂ နှစ်ရှိပြီဖြစ်တဲ့ Aisa က အင်ဂျင်နီယာတစ်ဦးဖြစ်သလို Greenpeace အဖွဲ့ရဲ့ စေတနာ့ဝန်ထမ်းတစ်ဦးလည်း ဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ ၁၅%- ၂၀% သော လူတွေဟာ ကျွန်းပေါ်မှာ ပဲနေထိုင်နေကြပါသေးတယ်။ အဲဒီကျွန်းတွေမှာ လျှပ်စစ်မီး မရှိပါဘူး။ ဖိလစ်ပိုင်ကျွန်းစုပေါင်း ခုနစ်ထောင်ကျော်ပေါ်မှာ နေထိုင် နေကြတဲ့ နိုင်ငံသားတွေမှာ လျှပ်စစ်မီးမရှိဘဲ ရေနံဆီမီးခွ

က်ကိုသာ အသုံးပြုနေသေးတယ်ဆိုတာကို သူ သတိထားခဲ့မိပါတယ်။

ဒီလိုရေနံဆီမီးခွက်ကို အသုံးပြုနေတာဟာ အန္တရာယ်ရှိတဲ့ အပြင် လေထုကိုလည်း ညစ်ညမ်းစေပါတယ်။ ဘာကြောင့် လူတွေကို လုံခြုံမှု မပေးနိုင်ရမလဲ၊ ပိုလင်းလက်တဲ့ ပတ်ဝန်းကျင် မပေးနိုင်ရမလဲလို့ သူတွေး ခဲ့မိပါတယ်။ ဖိလစ်ပိုင် De La Salle တက္ကသိုလ် အင်ဂျင်နီယာ ကျောင်း ဆရာတစ်ဦးဖြစ်တဲ့ Aisa ဟာ စွမ်းအင်သစ်ကို တီထွင်ဖို့ စိတ်ကူးရခဲ့မိပါ တယ်။ ဖိလစ်ပိုင်ကျွန်းစုမှာ အများ ဆုံး အပေါဆုံးရနိုင်တဲ့ ဆားနဲ့ ပင်လယ် ရေကတစ်ဆင့် လျှပ်စစ်မီးထုတ်ယူနိုင်ဖို့ သူစဉ်းစားမိလိုက်ပါတယ်။

လေ့လာစမ်းသပ်မှုတွေ အကြိမ်ကြိမ်ပြုလုပ်ပြီးနောက် ဆားရည် LED မီးအိမ်တစ်မျိုးကို သူ တီထွင်နိုင်ခဲ့ပါတယ်။ ရေတစ်ခွက်နဲ့ ဆား

လက်ဖက်ရည်ဇွန်း နှစ်ဇွန်းရှိရုံနဲ့ အဲဒီမီးလုံးကို ရှစ်နာရီကြာ ထွန်းထားနိုင် ပါတယ်။ အကယ်၍ ပင်လယ်ရေကို အသုံးပြုမယ်ဆိုရင် မီးတိုက်ရိုက် လင်းနိုင်ပါတယ်။ တကယ်တော့ ဆားရည် LED မီးအိမ်ရဲ့ လုပ်ဆောင် ချက်ဟာ သာမန်ဓာတ်ခဲရဲ့ လုပ်ဆောင်မှုနဲ့ အတူတူပဲဖြစ်ပါတယ်။ လျှပ်လိုက်ရည်(Electrolyte)အစား ဆားရည်ကို အသုံးပြုလိုက်တာပဲဖြစ် တယ်။ ကျွန်းပတ်လည်မှာ ရှိတဲ့ ပင်လယ်ရေအရင်းအမြစ်နဲ့ ဒီထုတ်ကုန် သစ်ဟာ ကျွန်းသူ၊ ကျွန်းသားတွေအတွက် သဘာဝကို ထိန်းသိမ်းနိုင်တဲ့ အပြင် ထပ်တလဲလဲလည်း အသုံးပြုနိုင်တဲ့ ပစ္စည်းဖြစ်ပါတယ်။

သိပ်မကြာလိုက်ပါဘူး။ Aisa ဟာ 'ဆား'ဆိုတဲ့ ကုမ္ပဏီသေး လေးတစ်ခုကို တည်ထောင်လိုက်ပါတယ်။ အဲဒီကုမ္ပဏီမှာ ဝန်ထမ်းဆိုလို့ သူနဲ့ သူ့အစ်ကိုပဲ ရှိပါတယ်။ ဖိလစ်ပိုင်ပြည်သူ

တွေ အလင်းရဖို့ ဒီဆားရည် LED မီးအိမ်ဟာ အဆင်ပြေဆုံးဖြစ်ခဲ့ပါတယ်။ ဒီဆားရည် LED မီးအိမ်ဟာ အလင်းရရုံတင်မက မီးအိမ်ပေါ်ပါတဲ့ USB ကို အသုံးပြုပြီး ဖုန်းအားလည်း သွင်းနိုင်ပါတယ်။ လောလောဆယ် မီးအိမ် အခု ၆၀၀ ဖန်တီးပြီး ကျွန်းသူ၊ ကျွန်းသားတွေ အစမ်းသုံးနိုင်ဖို့ Aisa ကြိုးစားနေပါတယ်။ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှာ စတင်အကောင်အထည်ဖော်ဖို့ စီမံထားပါတယ်။

ကုမ္ပဏီသေးပေမယ့် Aisa က ရည်မှန်းချက်ကြီးကြီးထားပါ တယ်။ ဒီဖန်တီးမှုကို တစ်ကမ္ဘာလုံးအရောက် တွန်းပို့နိုင်ဖို့ သူမျှော်လင့်ထားပါတယ်။ ဒီမီးအိမ်ဟာ ကုန်ပစ္စည်းတစ်ခုတင်မက 'ကမ္ဘာလုံးဆိုင်ရာ ကူးလူးလှုပ်ရှားမှု' တစ်ရပ်လည်း ဖြစ်ပါတယ်။ 'ကမ္ဘာကို ပြောင်းလဲ'မယ့် ပြင်းပြတဲ့ ဆန္ဒကြောင့် ဒီလုပ်ရပ်ကို အမေရိကန်အစိုးရက သတိထားခဲ့

မိတာဖြစ်ပါတယ်။

APEC ဆွေးနွေးပွဲမစခင် ရှေ့တစ်ပတ်မှာ Aisa ဟာ သူ့စီမံကိန်း အတွက် အနယ်နယ်အရပ်ရပ်မှာ ရန်ပုံငွေရှာဖွေနေခဲ့ပါသေးတယ်။ ရုတ်တရက် အိမ်ဖြူတော်က သူ့ဆီဖုန်းဆက်ပြီး သူ့လုပ်ငန်းကို သမ္မတ အိုဘားမား စိတ်ဝင်စားကြောင်း၊ သူနဲ့ တွေ့ဆုံနိုင်ဖို့ မျှော်လင့်ကြောင်း ပြောလာခဲ့ပါတယ်။ ရာသီဥတုအပြောင်းအလဲကြောင့် ဖြစ်ပေါ်လာမယ့် အန္တရာယ်တွေ ကာကွယ်တားဆီးဖို့ အမေရိကန်အစိုးရက စွမ်းအင်သစ် စီမံကိန်းတွေကို အင်တိုက်အားတိုက် အားပေးနေခဲ့တာဖြစ်ပါတယ်။ အိမ်ဖြူတော်ကလည်း နိုင်ငံအသီးသီးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးနဲ့ ပတ်သက်တဲ့ လုပ်ဆောင်မှုစီမံကိန်းသစ်တွေကို စောင့်ကြည့်လေ့လာသတိထားနေတာဖြစ်ပါတယ်။ ဒါကြောင့် Aisa ရဲ့ ဆားရည် LED မီးအိမ် စီမံ

ကိန်းကို သူတို့ သတိထားခဲ့မိကြတာဖြစ်ပါတယ်။

သမ္မတအိုဘားမားက Aisa ကို Jack Ma နဲ့ ပေါင်းကူးတံတား အဖြစ်တည်ဆောက်ပေးပြီး Aisa ကို လက်တွဲခေါ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတွေ ပြုလုပ်နိုင်ဖို့ Jack ကို အကြံပေးခဲ့ပါတယ်။ ရေတစ်ခွက်၊ ဆားနှစ်ဇွန်းနဲ့ သဘာဝဝန်းကျင်ကို ထိန်းသိမ်းနိုင်တဲ့ စီးပွားရေးအခွင့် အလမ်းသစ်ကိုရှာရင်း Aisa ဟာ ဆားရည် LED မီးအိမ်ကို APEC စင်မြင့် ထက် ပို့ဆောင်ပြီး လူတွေရဲ့ အလင်းအာရုံကို ဆွဲဆောင်ခဲ့ပါတယ်။

*

## ပရဟိတနှလုံးသား

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်။ အဲဒီနေ့မှာ အငြိမ်းစား ယူခါစဖြစ်တဲ့ ကုလသမဂ္ဂအတွင်းရေးမှူး ကိုဖီအာနန်ဟာ တက္ကဆက် ပြည်နယ်က ခြံဝင်းကြီးတစ်ခုထဲမှာ charity dinner တစ်ခု ပြုလုပ်ခဲ့ ပါတယ်။ အဲဒီ ပရဟိတညစာစားပွဲက အာဖရိကမှာ ရှိတဲ့ ဆင်းရဲသား ကလေးသူငယ်တွေအတွက် အလှူငွေထည့်ဝင်တဲ့ ပွဲဖြစ်တယ်။ ညစာစား ပွဲမှာ ဖိတ်ကြားခံရသူတွေက သူကြွယ်ကုန်သည် ကြီးတွေနဲ့ အထင်ကရ ပုဂ္ဂိုလ်တွေဖြစ်တယ်။ ညစာစားပွဲ စတင်ချိန်မှာ အမျိုးသမီးတစ်ဦးက ကလေးငယ်တစ်ယောက်နဲ့ အဲဒီခြံဝင်းဝနား ရောက်လာခဲ့ပါတ

ယ်။ ကလေးငယ်ရဲ့ လက်ထဲမှာ ကြည်လင်ကောင်းမွန်တဲ့ ကြွေဘူးလေး တစ်လုံးပါတယ်။

ခြံဝင်းထဲ သူတို့ နှစ်ယောက်ဝင်မယ်လုပ်တော့ ခြံစောင့်လုံခြုံရေး ဝန်ထမ်းအန်ထော်နီက ခြံဝမှာ တားပြီး 'ကြိုဆိုပါတယ်။ ကျေးဇူးပြုပြီး ဖိတ်စာထုတ်ပါ။ ကျေးဇူးတင်ပါတယ်'လို့ ဆိုတယ်။

'ဖိတ်စာဟုတ်လား...။ တောင်းပန်ပါတယ်။ ကျွန်မတို့ ကို ဖိတ်မထားပါဘူး။ သမီးလေးလာမယ်ဆိုလို့ ကျွန်မအဖော်လိုက်ခဲ့တာပါ'လို့ အမျိုးသမီးက ကလေးငယ်ရဲ့ ခေါင်းကို ပွတ်သပ်ရင်း အန်ထော်နီကို ပြောပါတယ်။

'တောင်းပန်ပါတယ်။ ဝန်ထမ်းတွေက လွဲလို့ ဖိတ်စာမပါတဲ့ သူ ဝင်ခွင့်မရှိပါဘူး' လို့ အန်ထော်နီက ပြန်ဖြေတယ်။

'ဘာဖြစ်လို့ လဲ။ အထဲမှာ ပရဟိတညစာ

စားပွဲကျင်းပနေတာ မဟုတ်လား။ ကျွန်မတို့က စေတနာနဲ့ လာခဲ့တာပါ။ ဒါလည်း မရဘူးလား။ ဒီသနားစရာ လူစီလေးက ဒီနေရာမှာ အာဖရိကက ကလေးငယ်တွေ အတွက် အလှူခံပွဲတစ်ခုလုပ်မယ်လို့ တီဗွီမှာ ကြည့်ခဲ့ရလို့ သူလည်း အဲဒီသနားစရာကလေးငယ်တွေအတွက် တစ်ခုခုလုပ်ပေးချင်ခဲ့တယ်။ သူ့စုဘူးထဲက ငွေတွေအားလုံးကို လှူမယ်လို့ ဆုံးဖြတ်ပြီး လာခဲ့တာပါ။ ကျွန်မ မဝင်ရလည်း ရပါတယ်။ သူ့ကို တကယ်ပဲ ဝင်ခွင့်မပေးဘူးလား'

'ဟုတ်ပါတယ်။ အထဲမှာ အလှူပွဲတစ်ခု ပြုလုပ်တော့မှာ ပါ။ ဒီပွဲမှာ ပါဝင်တဲ့ သူတွေက အရေးပါတဲ့ သူတွေဖြစ်တယ်။ အာဖရိကက ကလေးငယ်တွေအတွက် သူတို့ ရက်ရက်ရောရော ပေးကမ်းကြတော့မယ်။ ချစ်မေတ္တာစိတ်နဲ့ ခင်ဗျားတို့ ဒီကိုရောက်လာခဲ့တဲ့ အတွက် အရမ်းဝမ်း သာပါတယ်။ ဒါပေမဲ့ ဒီပွဲထဲ ခင်ဗျား

တို့ ဝင်ဖို့ မသင့်တော်ဘူးလို့ ကျွန်တော် ထင်ပါတယ်'

'ဦးဦး... ပရဟိတဆိုတာ ငွေကြေး မဟုတ်ဘူး ။ နှလုံးသား ဖြစ်တယ်ဆိုတာ ဟုတ်ပါသလား'

စကားတစ်ခွန်းမှ ဝင်မပြောခဲ့တဲ့ လူစီရဲ့ စကားကြောင့် အန်ထော်နီ တစ်ချက်တွေဝေသွားပါတယ်။

'ဖိတ်ကြားခံရတဲ့ သူတွေမှာ ပိုက်ဆံအများကြီးရှိတယ်ဆိုတာ ကို သမီးသိပါတယ်။ ပိုက်ဆံတွေအများကြီး သူတို့ လှူကြလိမ့်မယ်။ သမီး မှာ ပိုက်ဆံအများကြီးမရှိပါဘူး။ ဒါပေမဲ့ ဒါဟာလည်း သမီးမှာ ရှိတဲ့ ပိုက်ဆံ အကုန်လုံးပါပဲ။ တကယ်လို့ သမီးကို ပေးမဝင်နိုင်ဘူးဆိုရင် ဒီပိုက်ဆံကို ဦးဦးယူပြီး သွားလှူပေးပါ'လို့ လူစီက ပြောပြောဆိုဆို အန်ထော်နီ

ကို စုဘူးလေးကမ်းပေးလိုက်တယ်။

ယူရမလား၊ မယူရဘူးလား အန်ထော်နီ မသိတော့ပါဘူး။ သူ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေချိန်မှာ 'မလိုပါဘူး သမီးလေး... သမီးပြောတာမှန်တယ်။ ပရဟိတဆိုတာ ငွေကြေး မဟုတ်ဘူး ။နှလုံးသား ဖြစ်တယ်။ သမီးလေး အထဲကိုဝင်နိုင်ပါတယ်။ မေတ္တာစိတ်ရှိသူတွေအားလုံး ဝင်နိုင်ပါတယ်' လို့ လူစီဘေးမှာ ရပ်နေတဲ့ မျက်နှာပေါ်မှာ အပြုံးနဲ့ အဘိုးအို တစ်ဦးက ရုတ်တရက်ပြောလိုက်ပါတယ်။ ပြီးတော့ အဘိုးအိုဟာ ခါးညွတ်ပြီး လူစီနဲ့ စကားခဏပြောလိုက်တယ်။ အဲဒီနောက် ခါးပြန်မတ်ပြီး ဖိတ်စာ တစ်စောင်ကို အန်ထော်နီထံ ကမ်းပေးလိုက်ရင်း 'သူ့ကို ကျွန်တော်အထဲ ခေါ်သွားလို့ ရနိုင်မလား'လို့ အန်ထော်နီကို မေးလိုက်တယ်။

အန်ထော်နီက ဖိတ်စာကိုလှမ်းယူပြီး ကြည့်လိုက်တယ်။ အဲဒီ နောက် အဘိုးအိုကို ခါးညွတ်အရိုအသေပြုပြီး 'ဟုတ်ကဲ့ ရပါတယ်... Mr. W arren Buffett ' လို့ ဆိုတယ်။

အဲဒီည ညစာစားပွဲမှာ မျက်နှာအရဆုံးသူက ညစာစားပွဲကျင်းပတဲ့ ကိုဖီအာနန်လည်း မဟုတ်သလို ဒေါ်လာ သုံးသန်းလှူဒါန်းတဲ့ Buff ett နဲ့ ဒေါ်လာ ရှစ်သန်းလှူဒါန်းတဲ့ ဘီဂိတ်လ်လည်း မဟုတ်ပါဘူး။ ဒေါ်လာ ၃၀ နဲ့ ၂၅ ပြားလှူဒါန်းတဲ့ လူစီလေးပဲဖြစ်ပါတယ်။ လူအများရဲ့ နွေးထွေးကြင်နာ တဲ့ လက်ခုပ်သံကို သူရခဲ့ပါတယ်။ အဲဒီည ညစာစားပွဲရဲ့ ခေါင်းစဉ်ကလည်း 'ပရဟိတဆိုတာ ငွေကြေး မဟုတ်ဘူး ။ နှလုံးသားဖြစ်တယ်' လို့ ဖြစ်သွား ပါတယ်။

နေ ၁က ˆတ စ ˆနေ ့မ ၂၁ အမေရိကန် မီဒီယာအများ စုက အဲဒီ စကားလုံးကို

အသုံးပြုပြီး ညစာစားပွဲအကြောင်းကို သတင်းမှာ ရေးသား ဖော်ပြခဲ့ကြပါတယ်။ သတင်းဖတ်ရှုမိကြတဲ့ အမေရိကန်သာမန်မိသားစုအများကလည်း အာဖရိကက ဆင်းရဲသားကလေးငယ်တွေအတွက် သူတို့ တတ်စွမ်းသလောက် ပါဝင်လှူဒါန်းခဲ့ကြပါတယ်။

မူရင်းလင့်- http://blog.85nian.net/archives/37031.html

*

## နိုင်ငံကူးတဲ့ လိပ်

ကျွန်တော် အိမ်ပြောင်းတော့မယ်။ ကျွန်တော်တို့ ရဲ့ လိပ်နဲ့ အတူတူပေါ့။

ဟေရီနာလို့ အမည်ပေးထားတဲ့ လိပ်က ရှားကုန်းလိပ်တစ်မျိုးပါ။ 'ဝါရှင်တန်တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်း'ရဲ့ အဆိုအရ ဟေရီနာက ဒုတိယအဆင့်ကာကွယ်စောင့်ရှောက်ရမယ့် တိရစ္ဆာန်ဖြစ်တယ်။ ဒါကြောင့် သူဟာ ပတ်စပို့မလိုခဲ့ဘူး။ နောက်လိပ်တစ်ကောင်ဖြစ်တဲ့ ခူးပါ လို့ အမည်ပေးထားတဲ့ လိပ်က Hermann's ကုန်းလိပ်ပါ။ ဥရောပသမဂ္ဂ ဆိုင်ရာစည်းမျဉ်းအရ ခူးပါဟာ

အထူးကာကွယ်စောင့်ရှောက်ရမယ့် တိရစ္ဆာန်ဖြစ်တယ်။ ဒါကြောင့် ခူးပါကြီးပြင်းလာခဲ့တဲ့ ဖြစ်စဉ်တွေကို ကျွန်တော်တို့ က အထက်ကို ပုံနဲ့ စာနဲ့ တကွ တင်ပြရမှာ ဖြစ်ပါတယ်။ ပြီးတော့ သူ့ရဲ့ ဝမ်းဘက်၊ ကျောဘက်က အရစ်အကြောင်းတွေကိုလည်း မှတ်သား ရမှာ ဖြစ်တယ်။ ဒီလိုစာရွက်စာတမ်းတွေကို ကျွန်တော်တို့ မတင်ပြနိုင်ရင် ဒီလိပ်ကို ကျွန်တော်တို့ မွေးမြူခွင့် ဆုံးရှုံးမှာ ဖြစ်ပါတယ်။

အိမ်ထောင်ပရိဘောဂအပြင် လိပ်နှစ်ကောင်လည်း ပါမယ်ဆိုတဲ့ သတင်းက ကျွန်တော်တို့ အိမ်ကို ပြောင်းရွှေ့ပေးမယ့်ကုမ္ပဏီကို ထိတ်လန့် သွားစေခဲ့တယ်။ လိပ်နှစ်ကောင်နဲ့ အတူ ကျွန်တော်တို့ ဂျာမနီကနေ ထွက်ခွာလာခဲ့တုန်းက 'ဂျာမနီဗဟိုအစိုးရ မျိုးစိတ်ကာကွယ်စောင့်ရှောက် ရေးစည်းမျဉ်းစည်းကမ်း' က ကျွန်တော်တို့ ကို

အကြီးအကျယ်တုန်လှုပ်စေခဲ့ပြီးပါပြီ။ အခု အမေရိကန်ကနေ ဂျာမနီကို ပြန်ဖို့ ဆုံးဖြတ်ချိန်မှာ လည်း ဒီလိပ်နှစ်ကောင်က ပြဿနာတစ်ရပ် ဖြစ်ခဲ့ပြန်တယ်။ အမေရိကန် c ါးန ` ့သားရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေးဌာနက ဂျာမနီထက် သိသိသာ သာ ပိုကြီးပါတယ်။ ဒီဌာနက အမေရိကန်နိုင်ငံရဲ့ သက်ရှိသတ္တဝါတည်ငြိမ်မှုနဲ့ မျိုးစိတ်အမျိုးအစားများစွာကို ကာကွယ်ထိန်းသိမ်းတဲ့ ဌာနဖြစ်တယ်။ ဝန်ထမ်းပေါင်း ၉၀၀၀ ရှိပါတယ်။ ဂျာမနီဌာနထက် ခြောက်ဆကြီးပါတယ်။

အိမ်ပြောင်းရွှေ့တဲ့ ကုမ္ပဏီက ကျွန်တော်တို့ကို တိရစ္ဆာန်ပြောင်း ရွှေ့တဲ့ ကုမ္ပဏီတစ်ခုနဲ့ မိတ်ဆက်ပေးပါတယ်။ အဲဒီကုမ္ပဏီကို ကျွန်တော့် လိပ်နှစ်ကောင်အကြောင်း ကျွန်တော်ပြောပြပါတယ်။ လိပ်နှစ်ကောင်က သေးတယ်။ ဆိတ်ဆိတ်ငြိမ်ငြိမ်နေတယ်။ တစ်

ရက်ကို ဆလတ်ရွက် နှစ်ရွက်၊ သုံးရွက် စားတယ်။ ဟောရီနာက 13×17 စင်တီမီတာရှိပြီး ၈၀၀ ဂရမ် လေးတယ်။ ခူးပါက 14×11 စင်တီမီတာရှိပြီး ၄၅၀ ဂရမ်လေးတယ်။ ဒီလိပ်နှစ်ကောင်ကို ဘာမှ အားစိုက်ထုတ်စရာမလိုဘဲ ဖိနပ်ဘူးထဲတောင် ထည့်ထားနိုင်ပါတယ်။

တစ်ပတ်ကြာတော့ တိရစ္ဆာန်ရွှေ့ပြောင်းရေးကုမ္ပဏီက အသေး စိတ်ရေးထားတဲ့ စာတစ်စောင်ရောက်လာပါတယ်။ အချက်အလက်တိုင်း ရှင်းရှင်းလင်းလင်းရေးထားပါတယ်။ ကျွန်တော်တို့ နေထိုင်တဲ့ ဝါရှင်တန် မြို့ကနေစတင်ထွက်ခွာချိန်၊ တိရစ္ဆာန်ဆရာဝန်ရဲ့ စစ်ဆေးချက်၊

လေယာဉ်ပျံသန်းရာလမ်းတစ်လျှောက်၊ ၂၄ နာရီ ဖုန်းနဲ့ ဝန်ဆောင်ပေးမှု၊ တစ်ဖက်နိုင်ငံဝင်ခနဲ့ နေအိမ်အသစအထိ ပို့ဆောင်ပေးမှု စတဲ့ ဝန်ဆောင်မှု အားလုံးပေါင်း ဒေါ်လာ ၈၂၉၅.၇၃

ကျတယ်လို့ ဆိုပါတယ်။ ကျွန်တော်နေတဲ့ အိမ်ကနေ လေယာဉ်ကွင်းအထိ ပို့ခချည်းပဲ ဒေါ်လာ ၄၅၀ ကျပါတယ်။ ဒီထက်ဈေးသက်သာတဲ့ ရွေးချယ်မှု မရှိဘူးလားလို့ ကျွန်တော်မေးတော့ ကုမ္ပဏီက ကျွန်တော့်ကို ဒုတိယစာတစ်စောင်ပို့လာပါတယ်။ ဒီတစ်ခေါက်ရဲ့ ကုန်ကျစရိတ်က ဒေါ်လာ ၃၀၈၈.၇၃ ဖြစ်ပါတယ်။ ဒီတစ်ခုကို ကျွန်တော် ရွေးချယ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

'အပြည်ပြည်ဆိုင်ရာ သားရိုင်းတိရစ္ဆာန်၊ သစ်ပင်ရောင်းဝယ်ရေး လုပ်ထုံး'အရ ဇူလိုင်လအစ မ ၂၁ အမေရိကန် ငါးနဲ့ သားရိုင်းတိရစ္ဆာန်ထိန်း သိမ်းကာကွယ်ရေးဌာနကို ကျွန်တော် လျှောက်လွှာတစ်စောင်တင်ခဲ့ပါ တယ်။ လိပ်ရဲ့ အကြီးအသေး၊ အလေးချိန်၊ မွေးစာရင်းနဲ့ ဝယ်ယူထားတဲ့ စာရွက်စာတမ်းတွေကို ပြရပါတယ်။ လျှောက်ထားတဲ့ လျှော

က်လွာကျဖို့ တစ်လမှ သုံးလအထိစောင့်ရမယ်လို့ ဆိုပါတယ်။

တစ်လအကြာမှာ ကျွန်တော့်လျှောက်လွှာ ဘယ်အချိန်ပြီးမလဲလို့ သူတို့ ဆီကို ကျွန်တော် အီးမေးလ်တစ်စောင်ပို့လိုက်ပါတယ်။ သူတို့က သင့်စာကို ကျွန်တော်တို့ ရတာ တစ်လရှိပြီ။ ဒါပေမဲ့ မကြည့်ရသေးဘူးလို့ ဆိုတယ်။

တာဝန်ရှိသူတွေ ကျွန်တော့်စာရွက်စာတမ်းကို စတင်စစ်ဆေး နေချိန်မှာ ကျွန်တော့်မိသားစုက အရင်ပြောင်းရွှေ့ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အကြောင်းက ဂျာမနီဘက်ကကျောင်းတွေ ဖွင့်နေပြီမို့ပါ။ အမေရိကန် ငါးနဲ့ သားရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဝန်ထမ်းက ဘာကြောင့် လိပ်ကလေးခူး ပါကဩစတြီးယားနိုင်ငံကလာခဲ့ပြီး လိပ်ကလေးဟောရီနာက ဂျာမနီနိုင်ငံက လာခဲ့ရသလဲဆို

တာကို သိချင်နေခဲ့တယ်။ ခူးပါကို ဘယ်တုန်းက ဝယ်ခဲ့ သလဲ။ ဝယ်ပြီးတဲ့ နောက် အမေရိကန်နိုင်ငံထဲမဝင်မီအချိန်အထိ သူဘယ်မှာ ရှင်သန်ခဲ့သလဲဆိုတဲ့ မေးခွန်းတွေအတွက် ခူးပါရဲ့ ကိုယ်ရေးအကျဉ်းတွေ တင်ပြဖို့ ကျွန်တော့်ကို တောင်းဆိုခဲ့ပြန်တယ်။ ခူးပါဟာ ဂရိနိုင်ငံက နေ မှောင်ခိုတင်သွင်းခဲ့တာ မဟုတ်ကြောင်းကို သက်သေပြဖို့ ဖြစ်တယ်။ သက်သေမပြနိုင်ရင် 'တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးဥပဒေ' ကို ချိုးဖောက်တဲ့ အတွက် ခူးပါရဲ့ ပိုင်ရှင်ဖြစ်တဲ့ ကျွန်တော်ဟာ ထောင်ဒဏ် ငွေဒဏ်ကျခံနိုင်ပြီး ခူးပါကို မွေးမြူခွင့်လည်း ဆုံးရှုံးမှာ ဖြစ်တယ်။

အဲဒီကာလအတွင်းမှာ ပြဿနာတွေကိုဖြေရှင်းနိုင်မယ့် နည်းလမ်း မျိုးစုံတွေကို ကျွန်တော် ရထားပါတယ်။ တချို့က ဒီလိပ်နှစ်ကောင်ကို လက်လွှတ်လိုက်ပါလို့ ပြောကြတ

ယ်။ ဒါပေမဲ့ ကျွန်တော့်သမီးနှစ်ယောက်က သူ တို့ ကို သိပ်ချစ်ကြတယ်။ ကျောင်းဆင်းတာနဲ့ သူတို့ ဟာ ဆံပင်စည်းတဲ့ သရေကွင်းနဲ့ လိပ် ကိုယ်ပေါ်မှာ ချည်ပြီး ကြိုးနဲ့ ချိတ်ဆွဲကာ လိပ် နဲ့ အတူ လမ်းလျှောက်ထွက်တတ်ကြတယ်။ လိပ်ရဲ့ အနေအမြန်ကို သူတို့ သိတယ်။ လိပ် ကိုယ်ပေါ်က အရစ်အကြောင်းတွေကို သူတို့ နားလည်သလို အဲဒီအရစ် အကြောင်းတွေကို ဇယားကွက်ပါတဲ့ စာရွက်ပေါ် သူတို့ ပုံမှန်ကူး ဆွဲတတ် ခဲ့တယ်။ တကယ်လို့ ဟောရီနာနဲ့ ခူးပါ ကို တခြားလိပ်နဲ့ ကျွန်တော်လည်း လိုက်ရင် တောင် သူတို့ သိတယ်။ ဒီလိုနဲ့ ဝန်ထမ်းရဲ့ အ မေးကို ကျွန်တော် ချက်ချင်းပြန်ဖြေခဲ့ပါတယ်။

လေးလ အကြာမှာ စာတစ်စောင် ကျွန် တော်လက်ခံရရှိခဲ့ပါတယ်။ ကျွန်တော့်ရဲ့ လိပ် တော ဝမ ၂၁ ကူးစက်ရောဂါမရှိကြောင်း သက်သေပြဖို့ အမေရိ ကန် စိုက်ပျိုးမွေးမြူရေး

ဌာနက တံဆိပ်တုံးတစ်ခု ကျွန်တော် လိုပါ သေး တယ်တဲ့ ။ ဒီကိစ္စကိုတာဝန်ယူတဲ့ ဌာနက ဗာဂျီးနီးယားပြည်နယ် ရစ်ချ်မွန်မြို့က တိရစ္ဆာ န်နဲ့ သစ်ပင်တို့ ရဲ့ ကျန်းမာရေးကို စစ်ဆေးတဲ့ ဌာနဖြစ်တယ်။ ဝါရှင်တန် ကနေ ကားနဲ့ နှစ် နာရီသွားရတဲ့ ခရီးဖြစ်တယ်။ လိပ်နှစ်ကောင် နဲ့ ကျွန်တော် ကားမောင်းပြီး သွားစစ်ဆေးခဲ့ တာ နေ့မကူးဘဲ တံဆိပ်တုံးထုပေးလိုက် တယ် ။

နောက်ဆုံးမှာ ကျွန်တော်တို့ လေယာဉ်ပေါ် တက်ခွင့်ရခဲ့ပါပြီ။ ကျွန်တော်က ရိုးရိုးတန်းမှာ ၊ ကျွန်တော့်လိပ်တွေက ပစ္စည်းသိုလှောင်တဲ့ အခန်းမှာ ...ပျံသန်းချိန် ကိုးနာရီခွဲအကြာမှာ ဂျာမနီလေဆိပ် Frankfurt ကို ကျွန်တော်တို့ ရောက်လာခဲ့တယ်။ လေယာဉ်ပျံကုမ္ပဏီက တံ ဆိပ်တုံး ထုတယ်။ ဂျာမနီကာစတန်က တံဆိပ် တုံးထုတယ်။ အဲဒီနောက် ဒီလိပ် နှစ်ကောင်ကို

ကျွန်တော်တို့ ပိုင်ဆိုင်ရဖို့ နောက်ဆုံးတံဆိပ်တုံးဖြစ်တဲ့ Hesse ပြည်နယ်က တိရစ္ဆာန်စစ်ဆေးရေးဌာနရဲ့ တံဆိပ်တုံးပဲ လိုတော့တယ်။ ဒီအချိန်မှာ လိပ်လေးနှစ်ကောင်ဖြစ်တဲ့ ဟောရီနာနဲ့ ရူးပါက ဆေးရုံမှာ အစစ်ဆေးခံနေရပြီဖြစ်တယ်။

ဂျာမနီကိုပြန်တဲ့ ခံစားချက်က ကောင်းလိုက်တာ…။

ရပ်ကွက်ရုံးကို ကျွန်တော်သွားရဦးမယ်။ ဂျာမနီနိုင်ငံရဲ့ တိရစ္ဆာန် ထိန်းသိမ်းကာကွယ်ရေးဥပဒေအရ ကျွန်တော်က အချိန်မဆိုင်းဘဲ အမြန် ဆုံး ဒီလိပ်နှစ်ကောင်ကို အိမ်ထောင်စုစာရင်း သွားလျှောက်ပေးရမှာ ဖြစ် ပါတယ်။

မူရင်းလင့် - http://www.85nian.net/shiye/38304.html

*

## အကျင့်ပျက်ခြစားမှုရဲ့ ထူးခြားချက်များ

စီးပွားရေးပညာရှင်တို့ ရဲ့ လေ့လာဆန်းစစ်ချက် မှာ စီးပွားရေး ဆုတ်ယုတ်ကျဆင်းရတဲ့ အထူးအချက်တချို့ ရှိတယ်။ ဥပမာ- ဂါဝန်အညွှန်း (Hemline Index)၊ ခရေပွင့် နှုတ်ခမ်းနီအညွှန်း (Lipstick Index)။ ထို့နည်းတူ နိုင်ငံတစ်နိုင်ငံရဲ့ အကျင့်ပျက်ခြစားမှုမှာ လည်း ထူးခြားတဲ့ သတ်မှတ်ချက်ရှိတာကို တွေ့ရတယ်။ ဥပမာ- 'ကုလသမဂ္ဂရဲ့ စည်းကမ်းမဲ့ ယာဉ်ရပ်နားညွှန်း' တို့ ဖြစ်တယ်။

၂၀၀၂ ခုနှစ် အစောပိုင်းက ကုလသမဂ္ဂသံတမန်အရာရှိတို့ ဟာ အမေရိကန်နိုင်ငံမှာ နေ

ထိုင်နေစဉ်အတွင်း

စည်းကမ်းမဲ့ယာဉ်ရပ်နားခြင်း ကြောင့် ဒဏ်ခတ်ခံရတဲ့ ပြစ်ဒဏ်ကို သံတမန်အခွင့်ထူးအဖြစ် ပြစ်ဒဏ်မဲ့ ခံစားခဲ့ကြရတယ်။ သူတို့ ရဲ့ ကားကို ရပ်ချင်တဲ့ နေရာမှာ ရပ်ခွင့်ရှိခဲ့တယ်။ တစ်ခါတလေ မီးသတ်ရေပိုက်ခေါင်းရှေ့မှာ ရပ်တာမျိုးတောင် ရှိခဲ့တယ်။ ၁၉၉၇ ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ သံတမန်အရာရှိတို့ ရဲ့ စည်းကမ်းမဲ့ ကားရပ် နားတဲ့ ပြစ်ဒဏ်ပေါင်း တစ်သိန်းခွဲရှိခဲ့တယ်။ ပြစ်ဒဏ်ငွေပေါင်း ဒေါ်လာသိန်း ၁၈၀ ရှိခဲ့တယ်။ ဒါကို အဲဒီကာလမှာ တာဝန်ထမ်းဆောင်နေတဲ့ နယူးယောခ်ဲ မြို့ မြို့တော်ဝန် Michael Bloomber g က ဘယ်သူ့ကားပဲဖြစ်ဖြစ် စည်းကမ်းမဲ့ရပ်နားရင် ဖယ်ရှားပြီး ပြစ်ဒဏ်ပေးပါလို့ ပြောခဲ့တယ်။

စီးပွားရေးပညာရှင်ဖြစ်တဲ့ ကိုလံပီယာတက္ကသိုလ်က Raymond Fishman နဲ့ ကယ်ရီဖိုး

နီးယား Berkeley တက္ကသိုလ်က Edward Miguel တို့ ရဲ့ လေ့လာဆန်းစစ်ချက်အရ သံတမန် အရာရှိတွေ လက်ခံရရှိတဲ့ ပြစ်ဒဏ်စာရွက်ဟာ အဲဒီနိုင်ငံရဲ့ အကျင့်ပျက်ခြစားမှုနဲ့ နီးကပ်ဆက် စပ် နေတာကို တွေ့ရတယ်။ သာဓကအနေနဲ့ ငါးနှစ်အတွင်း ကူဝိတ်သံတမန် အရာရှိတွေ လက်ခံရရှိတဲ့ ပြစ်ဒဏ်စာရွက်ပေါင်းက ၂၄၆ စောင်၊ အီဂျစ် သံတမန်အရာရှိတွေက ၁၃၉ စောင်၊ Chad (အာဖရိကနိုင်ငံတစ်နိုင်ငံ)က ၁၂ ၄ စောင်တို့ ဖြစ်တယ်။ အဲဒီနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် သိသာ မြင်သာတဲ့ အချက်ကတော့ အဲဒီ ငါးနှစ်အတွင်း ဂျာမနီသံတမန်တွေ လက်ခံရရှိတဲ့ ပြစ်ဒဏ်စာရွက်ကတော့ တစ်စောင်ဖြစ်ပြီး ဆွီဒင်၊ ဟော်လန် သံတမန်တွေကတော့ တစ်စောင်တောင် မရခဲ့ပါဘူး။ ဒါကို စီးပွားရေး ပညာရှင်နှစ်ဦးက ဒီလိုကောက်ချက်ချခဲ့ပါတယ်။ 'သံတမန်အရာရှိတွေရဲ့ အကျင့်ပျက်မှု

က သူတို့ နိုင်ငံရဲ့ အကျင့်ပျက်ခြစားမှုနဲ့ အနီးကပ်ဆုံး ဆက်စပ်နေပါတယ်။ ပြစ်ဒဏ်စာရွက်အများ ဆုံးရတဲ့ နိုင်ငံ ၁၀ နိုင်ငံရဲ့ အကျင့်ပျက်ခြစားမှုက တစ်ကမ္ဘာလုံးရဲ့ ရှေ့ဆုံးမှာ ရောက်နေပါတယ်။ အကျင့်ပျက်ခြစားမှုကင်းတဲ့ နိုင်ငံတွေကတော့ သံတမန်အခွင့်ထူးဆိုတဲ့ အာဏာကို မသုံးကြပါဘူး'

သံတမန်အရာရှိတွေကလည်း လူတွေထဲက လူတွေပဲဖြစ်ပါတယ်။ အထက်က စီးပွားရေးပညာရှင်နှစ်ဦးက 'သံတမန်အရာတွေဟာ သူတို့နိုင်ငံနဲ့ မိုင်ပေါင်းများ စွာဝေးတဲ့ နေရာမှာ ရှိနေလည်း သူတို့ ရဲ့ အကျင့်အပြု အမူတွေက သူတို့ နိုင်ငံမှာ ရှိနေစဉ်ကနဲ့ အတူတူပဲ။ အကျင့်ပျက်ခြစားခြင်းက သူတို့ ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေခဲ့ပြီ' လို့ ဆိုပါတယ်။

နယူးယော့ခ်တက္ကသိုလ်က နိုင်ငံရေးသိပ္ပံပါ

မောက္ခနှစ်ဦးဖြစ်တဲ့ Bruce Bueno de Mesqui ta နဲ့Alastair Smith တို့ က 'လေယာဉ်ကွင်း လမ်းဖြောင့်တန်းမှုနှုန်း'လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီနှုန်းနဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အကျင့်ပျက်မှုနဲ့ အာဏာရှင်ဆန်မှုကို သုတေသနပြုခဲ့ပါတယ်။

သူတို့ နှစ်ဦးဟာ နိုင်ငံပေါင်း ၁၅၈ နိုင်ငံရဲ့ မြို့တော်တွေကနေ လေယာဉ်ကွင်းဆီ ကားနဲ့ သွားရာလမ်းအကွာအဝေးကို မျဉ်းဖြောင့်အကွာ အဝေးနဲ့ စား(÷)ပါတယ်။ စားလို့ ရတဲ့ ရလဒ်ငယ်လေ လမ်းဖြောင့်လေဖြစ်ပြီး ရလဒ်ကြီးရင်တော့ လမ်းက ကွေးကောက်ပါတယ်။ ရလဒ်ငယ်တဲ့ နိုင်ငံတစ်နည်းပြောရရင် မြို့ထဲကနေ လေယာဉ်ကွင်းဆီသွားတဲ့ လမ်းဖြောင့်တဲ့ နိုင်ငံထဲမှာ Guinea, Cuba, Dominica, Colombia, Afghanistan, Pakistan, Yemen, Ecuador, Ethiopia နဲ့ Equatorial Guinea နိုင်ငံတွေ ပါတယ်။

လမ်းဖြောင့်ရတဲ့ အကြောင်းရင်းတစ်ခုက လမ်းမကိုဖောက်လုပ် ချိန်မှာ ကျေးရွာ၊ အဆောက်အအုံတချို့ကို ဖြတ်သန်းရတယ်။ အစိုးရက အာဏာသုံးပြီးတော့ အဲဒီကျေးရွာ၊ အဆောက်အအုံရှိတဲ့ မြေနေရာကို အသုံးပြုလိုက်တယ်။ လူတွေ မြေအစားထိုးအလျော်ရတယ်။ ပွင့်လင်းမြင် သာမှုမြင့်တဲ့ နိုင်ငံက အချင်းချင်းညှိနှိုင်းမှုတွေ ပြုလုပ်တယ်။ တကယ်လို့ သိမ်းယူဖယ်ရှားဖို့ ခက်ခဲတယ်၊ ဒါမှ မဟုတ် အဲဒီမြေမှာ နေထိုင်သူတွေ ကန့်ကွက်တယ်ဆိုရင် လမ်းမကြီးက ကွေ့ပတ်ပြီး ဖောက်လုပ်ရတယ်။ ပွင့်လင်းမြင်သာမှုနိမ့်တဲ့ နိုင်ငံကတော့ မြေတွေကို အာဏာနဲ့ သိမ်းယူ ဖယ်ရှားတာမို့ လမ်းက ဖြောင့်နေပါတယ်။

နောက်အကြောင်းရင်းတစ်ခုက အကျင့်ပျက်မှုမြင့်တဲ့ နိုင်ငံက လက်ရှိအာဏာရသူဟာ လေယာဉ်ကွင်းနဲ့ အကွာအဝေးအနီးဆုံးလမ်းမ

ကြီး တစ်ခုကို ပိုလိုအပ်ပါတယ်။ သူတို့ က အာဏာကို အသုံးပြုပြီး လူတွေရဲ့ မြေကိုသိမ်းယူတာကြောင့် ပိုဖြောင့်တဲ့ လမ်း၊ ပိုနီးတဲ့ လမ်းကို ဖောက်ယူနိုင် ပါတယ်။ ပွင့်လင်းမြင်သာမှုမြင့်တဲ့ နိုင်ငံခေါင်းဆောင်တွေ အာဏာကို အလွယ်တကူ အလွဲသုံးစားလုပ်ရင် သူတို့ ဟာ နိုင်ငံရေးမှာ ပိုပေးဆပ်ရတတ်ပါတယ်။

ဂါဝန်အညွှန်း (Hemline Index) က အမျိုးသမီးတို့ ရဲ့ ဂါဝန်တိုလေ စတော့ပ်ဈေးတက်လေ၊ ရှည်လေ စတော့ပ်ဈေးကျလေလို့ ဆိုပါတယ်။ အပြည့်အစုံကို ဂူဂယ်လ်မှာ ရှာဖတ်ကြည့်နိုင်ပါတယ်။

နှုတ်ခမ်းနီအညွှန်း (Lipstick Index) က အမျိုးသမီးတွေ နှုတ်ခမ်းနီအဝယ်များ ရင် စီးပွားရေးကျဆင်းတဲ့ လက္ခဏာလို့ ဆိုတယ်။ စီးပွား

ရေးကျရင် တခြားတန်ဖိုးကြီးအလှကုန်တွေ မဝယ်နိုင်ကြတော့ဘူး။ တန်ဖိုးကြီးတာတွေမဝယ်နိုင်သည့် တိုင် အမျိုးသမီးတွေဟာ တန်ဖိုးနည်းတဲ့ နှုတ်ခမ်းနီကိုတော့ ဝယ်ကြတယ်လို့ ဆိုတယ်။ ဒါကြောင့် နှုတ်ခမ်းနီအဝယ် လိုက်တာဟာ စီးပွားရေးကျဆင်းမှုရဲ့ လက္ခဏာလို့ ဆိုတယ်။ အပြည့်အစုံကို ဂူဂယ်လ်မှာ ရှာဖတ်ကြည့်နိုင်ပါတယ်။

မူရင်းလင့် - http://www.85nian.net/wenming/36989.html

*

## ဟီလာရီနဲ့ ပြစ်ဒဏ်စာရွက်

၂၀၁၆ ခုနှစ်မှာ အမေရိကန်နိုင်ငံ သမ္မတအဖြစ် ဝင်ရောက် ယှဉ်ပြိုင်မယ့် ဟီလာရီကလင်တန်ဟာ ၂၀၁၃ ခုနှစ်က လန်ဒန်မြို့ Chatham House မှာ ' The Royal Institute of International Affairs'ဆုကို ယူဖို့ သွားရောက်ခဲ့ပါတယ်။ အဲဒီနေ့က မိုးက သည်းထန်စွာရွာနေခဲ့ပြီး သူ့ရဲ့ ကိုယ်ရံတော်ငါးဦးဟာ ကားရပ်နားရာနေရာမှာ ရပ်ထားတဲ့ ကားထဲမှာ ဟီလာရီကို စောင့်နေခဲ့ပါတယ်။ အဲဒီကားရပ်နားရာနေရာက တစ်နာရီ စတာလင် သုံးပေါင်ကျော်ပေးရတဲ့နေရာဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ်ရံတော် တွေက ကားထဲမှာ လူရှိနေရင် ကားရပ်နားခ ပေး

စရာမလိုဘူးလို့ ထင်ခဲ့ပါ တယ်။ ပြီးတော့ သူတို့ ဟာ ကြီးမားတဲ့ တာဝန်ကို ထမ်းရွက်နေကြသူမို့ ကားရပ်နားခကို အလေးမထားခဲ့ကြပါဘူး။

ယာဉ်ထိန်းသိမ်းရေးဝန်ထမ်းက သူတို့ ကို သတ်မှတ်တဲ့ ကားရပ်နားချိန် ကျော်ရင် ရပ်နားခပေးဆောင်ရမယ့်အကြောင်း ယဉ်ယဉ်ကျေးကျေး ရှင်းပြ ခဲ့ပါတယ်။ တကယ်လို့ ယာဉ်ရပ်နားခ မပေးဆောင်ရင် သတ်မှတ်ထားတဲ့ အပြစ်ဒဏ်ခံရမယ်လို့ လည်း ပြောပါတယ်။ ရပ်နားခ မပေးဆောင်ချင်ရင် အခမဲ့ယာဉ်ရပ်နားတဲ့ နေရာရှာပြီး ရပ်နားနိုင်တယ်လို့ လည်း ရှင်းပြပါတယ်။ ဒါပေမဲ့ ကိုယ်ရံတော်တွေက ဂရုမစိုက်ခဲ့ပါဘူး။ သတ်မှတ်ထားတဲ့ ရပ်နားချိန် ၄၅ မိနစ်ကျော်လွန်တာနဲ့ ယာဉ်ထိန်းသိမ်းရေးဝန်ထမ်းဟာ ပေါင် ၈၀ ပေး ဆောင်ရမယ့် ပြစ်ဒဏ်စာရွက်တစ်ရွက်ကိုရေးပြီး ဟီလာရီစီး

လာတဲ့ ကား ပြတင်းပေါက်ပေါ်မှာ တင်ထားခဲ့လိုက်ပါတယ်။ ပြစ်ဒဏ်စာရွက်ပေါ်မှာ သတ်မှတ်ထားတဲ့ ပြစ်ဒဏ်ငွေကို ၁၄ ရက်အတွင်း ပေးဆောင်ပါက ဒဏ်ငွေ တစ်ဝက်လျှော့ပေါ့နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အားလုံး ပေးဆောင်ရမည်ဖြစ်ကြောင်း၊ အကယ်၍ တမင်မပေးဆောင်ပါက ယာဉ်ထိန်းဌာနမှ တရားရုံးသို့ တိုင်ကြားနိုင်ကြောင်း၊ တရားရုံးမှ တစ်ဆင့် တရားစွဲဆိုနိုင်ကြောင်း သေသေချာချာရေးသားထားပါတယ်။ ယာဉ်ထိန်း ဝန်ထမ်းက 'ခင်ဗျားတို့ က ထူးခြားတဲ့ ဧည့်သည်တော်တွေဆိုတာ ကျွန်တော် သိတယ်။ ဒါပေမဲ့ ကျွန်တော်က ကျွန်တော့်ရဲ့ တာဝန်ကို ထမ်းဆောင် နေတာပါ။ နောင်ဖြစ်လာမယ့် အကျိုးရလဒ်က ကျွန်တော်နဲ့ မဆိုင်တော့ ပါဘူး' လို့ ဆိုတယ်။

ဒီအဖြစ်အပျက်ကို ဟီလာရီသိပြီးတဲ့ နော

က် မျက်နှာပျက်သွား တယ်ဆိုပေမယ့် အင်္ဂလ
န်အစိုးရထံ ဒီပြစ်ဒဏ်ငွေကို ကိုယ်တိုင်ဆောင်
ပါလို့ ကိုယ်ရံတော်တွေကို မပြောခဲ့သလို ပြစ်ဒ
ဏ်လွတ်ကင်းခွင့်ပေးဖို့ သံတမန် ရေးရာကိုလ
ည်း အသုံးမပြုခဲ့ပါဘူး။ နှစ်ရက်အကြာမှာ သူ့
ကိုယ်ပိုင် ခရက်တစ်ကတ်နဲ့ ပြစ်ဒဏ်ငွေ ပေါင်
၄၀ ကို ပေးဆောင်ခဲ့ပါတယ်။ ဒါကို ကိုယ်ရံ
တော်တစ်ဦးကသိတော့ မကျေမနပ်နဲ့ 'တစ်ဖ
က်က ခင်ဗျားကို ဆုချီးမြှင့်ပြီး တစ်ဖက်က ဒီ
လိုယာဉ်ရပ်နားခလေးတောင် အလွတ်မပေး
ပါလား။ ဒါဟာ လူကို တမင်ခံရခက်အောင်
လုပ်တာနဲ့ မတူဘူးလား' လို့ ဆိုတော့ ဟီလာရီ
က 'အဲဒီ ယာဉ်ထိန်းဝန်ထမ်းက လေးစားအတု
ယူ ထိုက်တဲ့ သူဆိုတာကို မင်းတို့ မသိကြဘူး
လား။ ပြည်တွင်းမှာ ပဲနေနေ၊ ဘယ်ဒေသပဲ
ရောက်ရောက် အဲဒီဒေသရဲ့ ဥပဒေနဲ့
စည်းကမ်းစည်းမျဉ်း တွေကိုဖောက်ဖျက်ဖို့ ငါ

တို့ မှာ အရည်အချင်းမရှိဘူး။ ဆင်ခြင်တွေပေး စရာ မရှိဘူး' လို့ ပြန်ဖြေခဲ့ပါတယ်။

*

## အချစ်ကဗျာတွေ လက်ဆောင်ပေးမယ်

အစ္စရေးမှာ အလုပ်လုပ်တဲ့ ကျွန်တော့်မိတ်ဆွေတစ်ဦး ပြည်တော် ပြန်လာတော့ အစ္စရေးမှာ သူကြုံတွေ့ခဲ့ရတဲ့ သူ့လုပ်ဖော်ကိုင်ဖက် Kane က သားဖြစ်သူရဲ့ စာဖတ်ခြင်းအပေါ် လမ်းညွှန်သွန်သင်ပုံတွေအကြောင်း ကျွန်တော့်ကို ပြောပြခဲ့တယ်။

Kane ဟာ သားဖြစ်သူ Hyman မူလတန်းစတက်ကတည်းက စာစဖတ်တတ်ဖို့ ကို လမ်းညွှန်ခဲ့ပါတယ်။ စာအုပ်တစ်အုပ် ဖတ်တဲ့ အခါ ဘယ်နေရာအထိ ဖတ်ပြီးပြီဆိုတာကို အမှတ်အသားလုပ်ဖို့ သားကို သူ တောင်းဆိုခဲ့တယ်။

တကယ်လို့ သားက စာအုပ်တစ်အုပ်ဖတ်ပြီးရင် သူက ဖတ်စရာစာအုပ်အသစ်တစ်အုပ် ထပ်တိုးပေးပါတယ်။ အဲဒီအပြင် သားဖတ် ခဲ့ပြီးတဲ့ စာအုပ်တွေကို ဖတ်ပြီးသားစာအုပ်စာရင်းထဲ သူ ထည့်သွင်းတတ်ခဲ့ တယ်။ အဲဒီစာရင်းစာအုပ်ထဲမှာ စာအုပ်တစ်အုပ်ကို သား ဘယ်နေ့မှာ စလှန်ပြီး ဘယ်နေ့မှာ နောက်ဆုံးစာမျက်နှာ ရောက်တယ်ဆိုတဲ့ အချိန်ကို လည်း သေသေချာချာ ရေးမှတ်ထားတယ်။ စာအုပ်တွေကိုလည်း ရုပ်ပြ၊ တိရစ္ဆာန်၊ အပင်၊ ပန်းပုကျောက်ဆစ်၊ ကမ္ဘာ့ခရီးသွားလာရေး၊ သမိုင်း စသဖြင့် ခွဲခြားထားတယ်။

အချိန်အတိုင်းအတာတစ်ခုအကြာမှာ သားဖြစ်သူဖတ်ခဲ့တဲ့ စာအုပ်စာရင်းထဲမှာ သမိုင်းစာအုပ်တွေ မပါတာကို Kane သတိထား လိုက်မိတယ်။ သမိုင်းစာအုပ်ကို သား ထိတောင်မထိခဲ့ပါဘူး။ စာအုပ်ဖတ် တာဟာ ထမင်းစားသ

လိုပဲလို့ Kane ထင်တယ်။ အစားရွေးရင် အာဟာရ မပြည့်ဝဖြစ်တတ်ပါတယ်။ Kane က သမိုင်းစာအုပ်ကို သားကြိုက်တဲ့ ရုပ်ပြစာအုပ်ပေါ်တင်ပြီး စာတိုတစ်ကြောင်း ရေးထားလိုက်တယ်။ စာထဲမှာ က 'ဒီရုပ်ပြတွဲတွေကို သားအရမ်းကြိုက်တာ ဖေဖေသိတယ်။ တကယ်လို့ ဒီသမိုင်းစာအုပ်ကို သားဖတ်ပြီးရင် ဒီလိုရုပ်ပြစာအုပ်သုံးအုပ် သားရမယ်။ တကယ်လို့ ဒီသမိုင်းစာအုပ်ထဲမှာ ပါတဲ့ အကြောင်းအရာအကျဉ်းချုံးနဲ့ ဖတ်ပြီး ခံစားရတဲ့ ခံစားချက်ကို သားရေးပြီးပြနိုင်ရင် ဒီလိုရုပ်ပြစာအုပ်တွဲ အားလုံး သား ရမယ်' လို့ ရေးထားတယ်။

Kane ရဲ့ ဒီလိုခန့်မှန်းချက်က မှန်ခဲ့ပါတယ်။ သားက သမိုင်းစာအုပ် တွေဖတ်မယ်လို့ စပြောလာခဲ့လို့ ပါ။ ဒါပေမဲ့ သားက စကားနားထောင်တဲ့ သားအလိမ္မာလေးတော့ မဟုတ်ပါဘူး။ တစ်ပတ်ကျော်ကြာတဲ့ အထိ သမိုင်း

စာအုပ်ကြားမှာ ညှပ်ထားတဲ့  စာမျက်နှာမှတ်တဲ့ စက္ကူချပ်လေး နေရာမရွေ့ ခဲ့ဘူးဆိုတာကို Kane သတိထားမိလိုက်တယ်။ သားစာမဖတ်တာ တစ်ပတ် ကျော်ခဲ့ပြီ။ ကျောင်းသင်ခန်းစာကိုတောင် စိတ်ပါပါမလုပ်ခဲ့တော့ပါဘူး။

သားရဲ့ အိပ်ခန်းထဲ Kane ရောက်လာခဲ့တယ်။ အံဆွဲ သော့ခတ် ထားပါတယ်။ Kane ဘယ်လိုပဲ အတတ်နိုင်ဆုံး 'မှျားစာ'ချပြီး ဆွဲဆောင် ခဲ့လည်း စားပွဲပေါ်က စာအုပ်ကို သား မထိတာ နှစ်ပတ်ရှိခဲ့ပါပြီ။

တစ်ကြိမ်မှာ တော့ Kane တံခါးခေါက်ပြီး အိပ်ခန်းထဲဝင်လိုက်ချိန် သားဟာ ဒိုင်ယာရီစာအုပ်ကို ကမန်းကတန်းပိတ်ပြီး အံဆွဲထဲထည့်လိုက် တာကို သူ တွေ့လိုက်တယ်။ စားပွဲပေါ်မှာ ကောင်မလေးဓာတ်ပုံတစ်ပုံ ရှိနေခဲ့ပါတယ်။ သား ရည်းစားထားပြီဆိုတာကို Ka

ne သိလိုက်ပါတယ်။ အသိဉာဏ်ကင်းမဲ့တဲ့ အချစ်ကြောင့် သားဟာ စာဖတ်ခြင်းကို စွန့်လွှတ်လိုက်ပါတယ်။

ဒါပေမဲ့ Kane ဒေါသမထွက်ခဲ့ပါဘူး။ နောက်တစ်နေ့ညမှာ သားရဲ့ အခန်းတံခါးကို သူခေါက်လိုက်ပြန်ပါတယ်။ ပြီးတော့ နွေးထွေးတဲ့ လေသံနဲ့ 'ဒီစာအုပ်က သားကို ကူညီကောင်း ကူညီနိုင်ပါလိမ့်မယ်'လို့ ပြောလိုက်တယ်။ သား ယူကြည့်လိုက်တော့ ရုရှားကဗျာဆရာ Alexander Pushkin ရဲ့ အချစ်ကဗျာစာအုပ်ဖြစ်နေပါတယ်။

'ချစ်ခြင်းမေတ္တာကို ဒီလိုလှပအောင် လူတိုင်း ရေးနိုင်တာ မဟုတ်ဘူး ။ စာအုပ်ထဲမှာ ပိုလှပတဲ့ အချစ်ကို ဖေဖေတို့ တွေ့ မြင်နိုင်တယ် ။ တကယ်လို့ သား ကောက်နုတ်ရေးသားချင်ရင်တော့ ဒီထက်ကောင်းတဲ့ ကဗျာစုစည်းမှုစာ

အုပ် မရှိတော့ဘူး' လို့ Kane က ဆက်ပြောလိုက်တယ်။ သားက ဖခင်ကို ငေးကြောင်ပြီး ကြည့်နေခဲ့ပါတော့တယ်။

အဲဒီနောက်မှာ တော့ သားရဲ့ စားပွဲပေါ်က စာအုပ်တွေ 'လှုပ်ရှား သက်ဝင်' လာခဲ့ပြန်ပါတယ်။ ဒီလိုအချိန်မျိုးမှာ သားဟာ သူဖတ်ချင်တဲ့ စာအုပ်စာရင်းတွေကိုရေးပြီး စားပွဲပေါ်တင်ထားတတ်ပါတယ်။ အဲဒီစာရင်းထဲ မှာ အင်္ဂလန်ကဗျာဆရာ Thomas Stearns Eliot ရဲ့ The Waste Land၊ အိန္ဒိယကဗျာဆရာ၊ စာရေးဆရာ တဂိုးရဲ့ Stary Birds ၊ အင်္ဂလန်ကဗျာ ဆရာ Percy Bysshe Shelley ရဲ့ To a skylark တို့ ပါတယ်။ သား အချစ်ကဗျာတွေကို နှစ်သက်သွားပြီဆိုတာကို Kane အံ့သြဝမ်းသာ သိလိုက်ပါတယ်။ သားလည်း နောင်တစ်ချိန်မှာ မြင့်မြတ်တဲ့ ကဗျာဆရာ တစ်ဦးဖြစ်နိုင်တယ်လို့ Kane တွေးမိတယ်။ ဒါနဲ့ စာအုပ်စာရင်းကိုင်ပြီး ဝမ်း

သာအားရ စာအုပ်ဆိုင်ဆီ ပြေးသွားခဲ့ပါတော့တယ်။

'စာဖတ်ခြင်းက အထူးသဖြင့် ကျောင်းပြင်ပစာဖတ်ရှုခြင်းက သားကို အလုပ်ကောင်းတစ်ခု ရှာပေးနိုင်ချင်မှ ရှာပေးနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ စာဖတ်ခြင်းကြောင့် ရလာတဲ့ အသိဉာဏ်ပညာက ဘာနဲ့ မှ လဲလှယ်လို့ မရတဲ့ အရာဖြစ်တယ်' လို့ Kane က သားကို ပြောခဲ့ပါတယ်။

'တော်လှန်ရေးအပြင် ကျွန်တော်ရဲ့ တစ်သက်တာ ကြိုက်နှစ်သက် တဲ့ အရာက စာဖတ်ခြင်းပဲဖြစ်တယ်။ စာတစ်ရက်မဖတ်ရရင် ကျွန်တော် အသက်မရှင်နိုင်ပါဘူး' လို့ တရုတ်ပြည်ရဲ့ တော်လှန်ရေးရှေ့ပြေး ဒေါက်တာ ဆွန်ယက်ဆင်က ပြောခဲ့ပါတယ်။

မူရင်းလင့် -http://www.85nian.net/zuowensucai/34476.html

*

# တောင်းရမ်းသူတို့ ရဲ့ စာကြည့်တိုက်

အီတလီနိုင်ငံရဲ့ ရှေးဟောင်းမြို့ Verona ကို ကျွန်မရောက်ခဲ့စဉ်က ထူးခြားတဲ့ စာကြည့်တိုက်တစ်တိုက်ကို ကျွန်မတွေ့ မြင်ခဲ့ရပါတယ်။ အဲဒီ စာကြည့်တိုက်က တောင်းရမ်းသူတို့ အတွက် စာကြည့်တိုက်ဖြစ်ပါတယ်။

အဲဒီစာကြည့်တိုက်က Verona မြို့လယ်မှာ တည်ရှိပါတယ်။ တစ်နေ့မနက်မှာ အဲဒီနေရာရှေ့ ကျွန်မဖြတ်မိတော့ ကျောက်တုံးတွေနဲ့ ဆောက်လုပ်ထားတဲ့ အဲဒီရှေးဟောင်းအဆောက်အအုံဟာ စာကြည့်တိုက်တစ်တိုက်ဖြစ်တယ်ဆိုတာကို ကျွန်မ မသိခဲ့ပါဘူး။ တံခါးဝမှာ

လူအများ အပြားရပ်နေပြီး တချို့က ညစ်ပတ် ပေရေတဲ့ အိတ်ကို လွယ်ထားကြတယ်။ တချို့ က မည်းညစ်ညစ်အိပ်ရာခင်းတွေကို ထမ်း ထားကြတယ်။ လူတိုင်း အဝတ်အစားစုတ်စု တ်ပြတ်ပြတ်နဲ့ ညစ်ပတ်ပေရေနေပါတယ်။ ကြ ည့်ရတာ အိမ်ခြေမဲ့သူတွေ ဒါမှ မဟုတ် အမှိုက်ကောက်သူတွေပါ။

ကျွန်မစိတ်ဝင်စားလို့ ရှေ့တက်ပြီး ဒီနေရာမှာ ပေးကမ်းစွန့်ကြဲတာ တွေကို ယူဖို့ ရောက်နေကြတာလားလို့ သူတို့ ကို မေးကြည့်တော့ သူတို့ထဲက အသက်အနည်းငယ်ကြီးတဲ့ အိမ်ခြေမဲ့သူတစ်ဦးက ခေါင်းခါပြီး 'မဟုတ်ပါဘူး... ကျွန်တော်တို့ စာလာဖတ်တာပါ'လို့ ပြောပါတယ်။ 'ဒါက သူတောင်းစားစာကြည့်တိုက်ပါ'လို့ သူ ချက်ချင်း ဆက်ပြောပါတယ်။

အဲဒီအချိန်မှာ တံခါးမကြီးပွင့်သွားပါတယ်။

စောင့်ဆိုင်းနေသူတွေ ဟာ သူတို့ ရဲ့ ပစ္စည်းတွေကို အခန်းလွတ်တစ်ခန်းမှာ ထည့်ထားလိုက်ကြပါ တယ်။ ဒါဟာ သူတို့ ရဲ့ ပစ္စည်းတွေထားဖို့ အတွက် စာကြည့်တိုက်က သီးသန့် လုပ်ထားပေးတဲ့ အခန်းဖြစ်တယ်။ စာကြည့်တိုက်ထဲ သူတို့ အစီအစဉ်တကျ ဝင်လိုက်ကြတယ်။ ကိုယ့်အသိနဲ့ ကိုယ် လက်အရင်ဆေးကြတယ်။ ပြီးမှ ကိုယ်လိုချင်တဲ့ စာအုပ်တွေ ရှာပြီး တစ်နေရာမှာ ဆိတ်ဆိတ်ငြိမ်ငြိမ် ထိုင်ပြီး စာဖတ်နေ လိုက်ကြတယ်။

အသက် ၇၀ အရွယ် အဘိုးအိုတစ်ယောက်ကို ကျွန်မ သတိ ထားလိုက်မိပါတယ်။ သူ့တစ်ကိုယ်လုံး ညစ်ပတ်နေတယ်ဆိုပေမယ့် သူ့လက်ထဲမှာ စာရေးဆရာ Luigi Pirandello ရေးသားတဲ့ 'Sicilian Limes' ဆိုတဲ့ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်နေခဲ့ပါတယ်။ ဒါဟာ ကမ္ဘာ့နာမည်ရကျော်ကြားတဲ့ စာအုပ်တစ်အုပ်ပါ။ အဘိုးအိုနဲ့

ကျွန်မ စကားသုံးလေးခွန်း လောက် ပြောဖြစ်ပါတယ်။ သူ့နာမည်က Carl ဖြစ်ပြီး လွန်ခဲ့တဲ့ နှစ်တွေ မှာ ပဲ သူ့အိမ်သူကွယ်လွန်သွားခဲ့တယ်။ သမီးကလည်း သူနဲ့ အဝေးမှာ နေတယ်။ အငြိမ်းစားငွေလေးနဲ့ အမှိုက်ကောက်လို့ ရတဲ့ ငွေနဲ့ သူရပ်တည်နေတယ်လို့ ဆိုပါတယ်။

'ကျွန်တော် တစ်ရက်စာမဖတ်ရရင် မရဘူး။ ဒီ ၁၀ နှစ်အတွင်း မှာ ကျွန်တော့်ရဲ့ အချိန်တစ်ဝက်လောက်ကို ဒီနေရာမှာ စာဖတ်ရင်းနဲ့ ဖြတ်ကျော်ခဲ့ပါတယ်။ စာဖတ်ခြင်းက ကမ္ဘာပေါ်မှ ၂၁ စိတ်ဝင်စားစရာအကောင်း ဆုံးအရာပါ' လို့ Carl က ပြောပါတယ်။

သူ့ကို ကျွန်မ ပြုံးပြနှုတ်ဆက်ခဲ့ပါတယ်။ မဝေးတဲ့ တစ်နေရာမှာ သတင်းစာထဲက စာတွေကိုကူးနေတဲ့ လူရွယ်တစ်ယောက်ကို ကျွန်မ သတိ ထားလိုက်မိပြန်တယ်။ အသက်မွေးဝမ်း

ကျောင်းမှုနဲ့ ဆိုင်တဲ့ စာတစ်ပုဒ်ကို သတင်းစာထဲကနေ သူ ကူးယူနေပါတယ်။ ကြည့်ရတာ သူ့အသက်က ၃၀ ဝွန်းဝွန်းအရွယ်လောက်ပါ။ သူနဲ့ ကျွန်မ စကားပြောဖြစ်တော့ သူဟာ စီးပွားရေး ရှုံးနိမ့်ခဲ့ရလို့ အခုလိုအခြေအနေမျိုးကို ရောက်သွားတယ်လို့ ဆိုပါတယ်။ အခုဆိုရင် နေ့တိုင်းလိုလို ဒီနေရာကို ရောက်လာတတ်ပြီး စာတွေ လာဖတ်တယ်လို့ ဆိုပါတယ်။ လိုအပ်မယ့် အရာလေးတွေကို စာအုပ်ထဲ သူ ကူးယူထားတတ်တယ်လို့ လည်း ဆိုပါတယ်။

'အ ခ ု အ ခ ျိန ် မ ၂ ၁ ကိုယ့်ကိုယ်ကိုယ် အားများများ ဖြည့်နေတာပါ။ ဒါတွေဟာ နောင်တစ်ချိန်မှာ အသုံးဝင်နိုင်တယ်လေ'

ကျွန်မနဲ့ စကားပြောနေတယ်ဆိုပေမယ့် သူ့ကိုယ်သူ အားပေး နေသလိုပါပဲ။

ဒီမြို့လေးထဲမှာ တောင်းရမ်းသူ၊ အိမ်ခြေမဲ့သူတွေအတွက် စာကြည့်တိုက်တစ်တိုက်ရှိမယ်လို့ ကျွန်မ တွေးထင်မထားခဲ့မိပါဘူး။ ဒီက တောင်းရမ်းသူတွေဟာ စာပေကို နှစ်သက်ကြမယ်၊ စာဖတ်ခြင်းကို ကြိုက်နှစ်သက်ကြမယ်လို့ ကျွန်မ ပိုပြီးထင်မထားခဲ့မိပါဘူး။

တကယ်လို့ အီတလီနိုင်ငံဟာ ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံတစ်နိုင်ငံ ဆိုရင် ဒီVerona မြို့လေးက ဂုဏ်သိက္ခာရှိပြီး စာပေယဉ်ကျေးမှုရှိတဲ့ ရှေးဟောင်းမြို့လေးတစ်မြို့လို့ ဆိုရပါမယ်။ ယဉ်ကျေးမှုရှိခြင်း၊ မရှိခြင်းက မြင့်မားတဲ့ တိုက်တာအဆောက်အအုံရှိမရှိနဲ့ ဆုံးဖြတ်တာမဟုတ်သလို ပညာရှင်တွေ ဘယ်လောက်ပေါ်ထွန်းတယ်ဆိုတာနဲ့ လည်း မဆိုင်ပါဘူး။ အောက်ခြေလူတန်းစားတွေမှာ စိတ်ဓာတ်ပိုင်းဆိုင်ရာ လိုက်လံဖမ်းဆုပ် လိုစိတ်၊ တိုးတက်လိုစိတ်နဲ့ ပျော်ရွှင်စိတ်တွေ ရှိ၊ မရှိနဲ့ ဘဲ ပိုသက်ဆို

င်ပါတယ်။

မူရင်းရေးသားသူ- Chén yì quán

မူရင်းလင့် -http://www.85nian.net/bolan/27921.html

*

# ဘာလင်မြို့က စာအုပ်တော

ဂျာမနီနိုင်ငံ ဘာလင်မြို့က လ မ ်းတော ့ပေ ါမ ၂၁ သစ်ပင်အို တော်တော်များများကို တစ်စုတစ်ဝေးတည်း ထားရှိထားပါတယ်။ ဒါဟာ လမ်းဘေးအနုပညာအခင်းအကျင်းတစ်ခု မဟုတ်သလို သေဆုံးသွားတဲ့ သစ်ပင်တွေကို မရှင်းလင်းဘဲ ပစ်ထားတာလည်း မဟုတ်ပါဘူး။ ဒီသစ်ပင်အိုတွေကို လဲလှယ်တဲ့ စာအုပ်တွေ ထားရှိနိုင်တဲ့ စာအုပ်စင်အဖြစ် ပြုလုပ်ထား တာဖြစ်ပါတယ်
။

ဂျာမန်လူမျိုးတွေက စာအုပ်အရမ်းဖတ်သူ

တွေပါ။ ၅၀%သော ဂျာမန်လူမျိုးတွေက ပုံမှန် စာအုပ်ဝယ်ယူဖတ်ရှုသူတွေဖြစ်ကြပြီး ၃၀% သော သူတွေက နေ့တိုင်း စာဖတ်သူတွေ ဖြစ်ကြတယ်။ ဂျာမန်မိသားစု တစ်စုတိုင်းမှာ ပျမ်းမျှစာအုပ် အုပ်ရေ ၃၀၀ ခန့် စုဆောင်းထားပါတယ်။ လူတစ်ဦးကို ပျမ်းမျှစာအုပ် အုပ်ရေ ၁၀၀ ကျော် ရှိပါတယ်။

စာအုပ်မရှိတဲ့ မိသားစုဟာ ပြတင်းပေါက်မပါတဲ့ အိမ်နဲ့ တူတယ်လို့ သူတို့ က ဆိုကြတယ်။ မိခင်ဝမ်းက ကျွတ်တာနဲ့ သူတို့ ရဲ့ စာဖတ်ကျင့်ကို မွေးမြူထားပြီးဖြစ်တယ်။ ကလေးငယ်တော်တော်များများ ရဲ့ ဘဝမှာ ပထမဆုံးသော ကစားစရာက စာအုပ်တွေပဲ ဖြစ်တယ်။ သူတို့ အနေနဲ့ ပြောရရင် စာအုပ်ဟာ ဘီယာလိုပဲ လူတိုင်းကို ကြိုက်နှစ်သက်စေတယ်။ ဒါကြောင့် စာအုပ်စာပေဟာလည်း လူတွေရဲ့ အနှစ်သက်ဆုံး လက်ဆောင် တွေ ဖြစ်ခဲ့တယ်။

ဂျာမန်လူမျိုးတွေမှာ စာဖတ်ယဉ်ကျေးမှုရှိတဲ့ အတွက်ကြောင့် စာအုပ်စာပေတွေဟာ ဂျာမနီနိုင်ငံမှာ ဈေးကြီးပေးဝယ်ရတယ်။ ဂျာမနီမှာ အရောင်းရဆုံးစာရင်းဝင်တဲ့ ဝတ္ထုတစ်အုပ်ဖြစ်တဲ့ 'Er ist wieder da (သူပြန်လာပြန်ပြီ)' ဆိုတဲ့ စာအုပ်နဲ့ ပမာပြရရင် အဲဒီစာအုပ်ဟာ ၁၉.၉ ယူရိုရောင်းဈေးရှိပါတယ်။ စာအဖတ်များ ပြီး စာအုပ်ဈေးကြီးတာကြောင့် စာအုပ်လဲလှယ်ဖတ်ရှုခြင်းက ဂျာမန်လူမျိုးကြားမှာ လိုအပ်ချက်တစ်ခုဖြစ်ခဲ့ ပါတယ်။

ဂျာမနီရဲ့ ရပ်ကွက်တော်တော်များများမှာ ဖုန်းရုံနဲ့ တူတဲ့ ရုံလေး တွေရှိပါတယ်။ လူတွေက အိမ်ကဖတ်ပြီးသားစာအုပ်တွေကို တခြားသူတွေ လည်း ဖတ်ရအောင် အဲဒီရုံလေးထဲလာပြီးထည့်တတ်ပါတယ်။ ပြီးတော့ တခြားလူ လာထည့်ထားတဲ့ သူတို့ မဖတ်ရသေးတဲ့

စာအုပ်တွေကို ယူပြန် ဖတ်ပါတယ်။ ဒါတွေဟာ ကိုယ့်အသိစိတ်နဲ့ ကိုယ် ပြုလုပ်ကြတာဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်မှာ ဘာလင်မြို့အစိုးရက အကြံဉာဏ်တစ်ခုထုတ်ပြီး စာအုပ်ထား တဲ့ ရုံလေးတွေကို သစ်တောအုပ်ပုံစံဖြစ်အောင် ထူးထူးခြားခြား ပြင်ဆင် ဖန်တီးလိုက်ပါတယ်။ အခေါင်းဖောက်ထားတဲ့ သစ်ပင်တချို့ကို တစ်စုတည်း ထားပြီး စာအုပ်ထည့်ဖို့ ဖန်တီးခဲ့ပါတယ်။ ဒီလိုလုပ်ပြီး သိပ်မကြာခင်မှာ ပဲ 'ဘာလင်စာအုပ်တော' လို့ အမည်တွင် တဲ့ စာအုပ်လဲလှယ်ဖတ်ရှုနိုင်တဲ့ စာအုပ်စင်က ဘာလင်မြို့လမ်းမပေါ်မှာ ထွက်ပေါ်လာခဲ့ပါတယ်။

ထူးခြားတဲ့ အပြင်အဆင်က ပြည်သူတွေရဲ့ စိတ်ဝင်စားစိတ်ကို ပိုဆွဲဆောင်နိုင်ခဲ့ပါတယ်။ စိတ်လိုလက်ရ စာအုပ်လဲလှယ်ဖတ်ရှုချင်စိတ်

တွေ ပိုတိုးမြင့်လာခဲ့ပါတယ်။

စာအုပ်တောမှာ စာအုပ်လဲလှယ်သူ၊ စာရပ် ဖတ်သူ၊ ကိုယ်နှစ် သက်ရာ စာအုပ်ရွေးချယ်နေ သူတွေရဲ့ ပုံရိပ်က ဘာလင်မြို့ရဲ့ လမ်းမကြီး ထက်မှာ စာပေယဉ်ကျေးမှုရှုခင်းတစ်ခုအဖြစ် ဖြစ်နေခဲ့ပါတယ်။

*

## ထင်မှတ်မထားတဲ့ ရလဒ်ကောင်း (သို့) စာဖတ်လေ့မရှိသူ

၁၉၄၁ ခုနှစ် ဒီဇင်ဘာလမှာ 'ပုလဲဆိပ်ကမ်း အလစ်တိုက်ခိုက်ခံရ မှု'နဲ့ ပတ်သက်ပြီး အမေရိကန်ဟာ စစ်ပွဲမှာ ပါဝင်ဖို့ တစ်နိုင်ငံလုံးကိုလှုံ့ဆော် ခဲ့ပါတယ်။ အနယ်နယ်အရပ်ရပ် ဌာနဆိုင်ရာ၊ လုပ်ငန်းဆိုင်ရာတွေလည်း ဒီစစ်ပွဲမှာ ပါဝင်ဖို့ လှုပ်ရှားလာခဲ့ကြတယ်။ Doubleday, Penguin, Random House စတဲ့ အမေရိကန်က နာမည်ကြီးစာအုပ်ထုတ်ဝေရေး တွေကလည်း ပါဝင်လာကြပြီး 'စစ်အတွင်း စာအုပ်ကော်မရှင်'ဆိုတဲ့ အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီအဖွဲ့အစည်းက လျှင်လျှင်မြန်မြန်ပဲ

စစ်ပွဲထဲ ပါဝင်ကြမယ့် စစ်သည် တွေအတွက် စာအုပ်တစ်မျိုးထုတ်ဝေလိုက်ပါတယ်။ အဲဒီစာအုပ်က အမေရိကန်စစ်သားတို့ ရဲ့ ဝတ်စုံပေါ်က အိတ်ကပ်အရွယ် အစားနဲ့ တိုင်းတာပြီး တည်းဖြတ်ထားတဲ့ စာအုပ်လေးဖြစ်တယ်။ အဲဒီစာအုပ် တွေကို အများ အပြားပုံနှိပ်ပြီး ရှေ့တန်းသွားရောက်မယ့် စစ်သားတိုင်းကို အခမဲ့ဝေငှခဲ့ပါတယ်။

၁၉၄၁ ခုနှစ်ကနေ ဒုတိယကမ္ဘာစစ်ပြီးချိန် ၁၉၄၅ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း မ၂၁ စစ်သားတွေအတွက် စာအုပ်အမျိုးအစားပေါင်း ၁၃၂၂ မျိုးကို အုပ်ရေသန်း ၁၂၀ ကျော်ပုံနှိပ်ခဲ့ရတယ်။ စစ်သားတစ်ဦး တိုင်းကို စာအုပ်ဒါဇင်ကျော်ဝေခဲ့တယ်။ စစ်သားတွေဟာ အဲဒီစာအုပ်တွေကို တစ်နေရာကနေ တစ်နေရာကူးလူးချိန်မှာ ဖတ်ခဲ့တယ်။ ကုန်းပတ်ပေါ်မှာ ဖတ်ခဲ့တယ်။ စခန်းချရာနေရာမှာ ဖတ်ခဲ့တယ်

။ ဗုံးခိုကျင်းထဲမှာ ဖတ်ခဲ့တယ်။ စခန်းက လူနာခုတင်ပေါ်မှာ ဖတ်ခဲ့တယ်။ စစ်သားအများက စစ်ပွဲကာလ အတွင်းမှာ ပဲ Hemingway, William Faulkner, Joseph Conrad စတဲ့ စာရေးဆရာတွေနဲ့ ရင်းနှီးခဲ့တယ်။ ကျည်ဆန်မိုးတွေကြားမှာ 'ane Eyre, Tobacco Road, Brooklyn a tree' စတဲ့ ကမ္ဘာကျော် စာပေတွေကို နှစ်သက်ခဲ့မိကြတယ်။ အထူးသဖြင့် ' The Great Gatsby' ဆိုတဲ့ စာအုပ်ကို အမေရိကန်စစ်သားတွေ ပိုနှစ်သက်ခဲ့ကြတယ်။ ဥရောပစစ်မြေ ပြင်ထံ အုပ်ရေ တစ်သိန်းခွဲပို့လိုက်တာတောင် မလောက်ဘူးလို့ ဆိုပါတယ်။

'စစ်အတွင်း စာအုပ်ကော်မရှင်'က စာဖတ်ကျင့်ရှိလာစေတဲ့ အမေရိကန်စာဖတ်သူခေတ်တစ်ခေတ်ကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒါဟာ ထင်မှတ်မထားတဲ့ ရလဒ်ကောင်းလို့ နှောင်းလူတွေက ဆိုကြတယ်။ ဒီမတိုင် ခင် အမေရိ

ကန်စစ်သား တော်တော်များများ ဟာ အောက်ခြေလူတန်း စားကနေ လာကြသူတွေ ဖြစ်တယ်။ သူတို့ စာဖတ်ဖြစ်ဖို့ ဆိုတာ ဖြစ်နိုင်ချေ နည်းပါတယ်။ ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးနောက် အဲဒီစာဖတ်လေ့ မရှိသူတွေဟာ စာဖတ်ခြင်းရဲ့ အရသာကို ထိန်းသိမ်းထားနိုင်ခဲ့ပြီး သူတို့ ရဲ့ ဘဝတစ်သက်တာကို စာဖတ်ခြင်းနဲ့ အကျိုးသက်ရောက်စေခဲ့ ကြတယ်။

ကျွန်တော့် လက်ထဲမှာ ' The Uncommon Reader (စာဖတ်လေ့မရှိသူ)' ဆိုတဲ့ စာအုပ်တစ်အုပ်ရှိပါတယ်။ အဲဒီစာအုပ်ကို အင်္ဂလန်စာရေးဆရာ Alan Bennett က ရေးသားခဲ့တယ်။ စာအုပ်ထဲမှာ ပါတဲ့ အဓိကဇာတ်ကောင်က တကယ်ပဲ 'စာဖတ်လေ့မရှိသူ' တစ်ဦးဖြစ် တယ်။ ဒါပေမဲ့ အဲဒီဇာတ်ကောင်က အမေရိကန်စစ်သားတစ်ဦး မဟုတ်ဘူး ။ သူဟာ အင်္ဂလန်ဘုရင်မ Elizabeth II ပဲ ဖြစ်တယ်။

စာရေးဆရာရဲ့ ကလောင်တံအောက်ကနေ အင်္ဂလန်ဘုရင်မ Elizabeth II ဟာ ရုတ်တရက် အကြောင်းရင်းတစ်ခုနဲ့ စာအုပ်ကို အသက် တမျှချစ်တဲ့ သူ ဖြစ်လာခဲ့တယ်လို့ သိရပါတယ်။ တစ်ချိန်တုန်းက ဘုရင်မဟာ ဧည့်သည် တော်တွေကို လက်ခံတွေ့ဆုံတဲ့ အခါ သူ အမြဲမေးတတ်တဲ့ မေးခွန်းက 'အသင် ဘယ်မှာ နေသလဲ၊ အဲဒီနေရာမှာ ကားကျပ်သလား' ဆိုတာဖြစ်တယ်။ အခုအခါမှာ တော့ ဘုရင်မရဲ့ မေးခွန်းက ' အခုတလော သင် ဘာစာအုပ်တွေ ဖတ်နေလဲ' ဆိုပြီး ပြောင်းသွားပြီလို့ ဆိုပါတယ်။ ဘုရင်မက ဝန်ကြီးချုပ်ကို စာအုပ်တွေ လက်ဆောင်ပေးတတ်ပြီး 'အိမ်စာ' တွေ မေးတတ်လေ့ရှိတယ်လို့ ဆိုတယ်။ ဝန်ကြီးချုပ်ကို စာအုပ်ဖတ်အပြီး ခံစားရတဲ့ ခံစားချက်တွေကို မေးမြန်းတာပဲ ဖြစ်တယ်။ ဘုရင်မဟာ ပြည်ပအကြီးအကဲ ခေါင်းဆောင်တွေနဲ့

တွေ့ဆုံချိန်မှာ လည်း စာအုပ်တွေ အကြောင်း ဆွေးနွေးတတ်ပါသေးတယ်။

စာရေးဆရာ Alan ရဲ့ စာအုပ်ထဲမှာ သူ့အကြောင်းအရေးခံရလို့ ဆိုပြီး ဘုရင်မက စိတ်မဆိုးခဲ့တဲ့ အပြင် စာရေးဆရာကို ဘွဲ့ဂုဏ်ပုဒ်ချီးမြှင့်ဖို့ နှစ်ကြိမ်တိုင်တိုင် ဖိတ်ခေါ်ခဲ့ပါတယ်။ ဒါကို စာရေးဆရာက ငြင်းဆန်ခဲ့ ပါတယ် ။ သူ့စာအုပ်ထဲ ဘုရင်မအကြောင်းထည့်ရေးတာဟာ ဘုရင်မကို ကျေနပ်စေအောင်၊ ကြိုက်အောင် ရေးတာ မဟုတ်ဘူး လို့ စာရေးဆရာက ဆိုပါတယ်။ ဒီစာအုပ်ရေးဖြစ်တဲ့ အကြောင်းက ၁၉၉၇ ခုနှစ်မှာ စာရေး ဆရာဟာ ကင်ဆာရောဂါခံစားနေရကြောင်းကို ဆေးစစ်ချက်အရ သိခဲ့ရ တယ်။ အဲဒီနောက် ရှေ့ဆက်မယ့် နေ့ရက်တိုင်းမှာ ဒီရောဂါဝေဒနာကို ခုခံအန်တုဖို့ စာဖတ်ခြင်းနဲ့ ပဲ သူအင်အားယူခဲ့ပါတယ်။ စာဖတ်ခြင်းထဲကနေ ခွန်

အားနဲ့ စိတ်ဓာတ်အသစ်တွေကို သူ ရခဲ့ပါတယ်။ ကျန်းမာရေးတည်ငြိမ် လာချိန်မှာ 'စာဖတ်လေ့မရှိသူ' ဆိုတဲ့ စာအုပ်ကို သူရေးသားခဲ့တာဖြစ်ပြီး စာဖတ်ခြင်းဟာ လူကို ဘယ်လိုကောင်းကျိုးပြုကြောင်း၊ စာဖတ်ခြင်းကြောင့် စာအုပ်ထဲကနေရတဲ့ ခွန်အား၊ ကူညီမှုတွေကို ဒီ့ထက်ပိုများ တဲ့ လူတွေကို ရရှိစေချင်ကြောင်း ပြောခဲ့ပါတယ်။

တိုက်ဆိုင်တဲ့ အဖြစ်အပျက်တစ်ခုပါပဲ။ ကနေဒါ စာရေးဆရာမ Alice Monroe ကလည်း ကင်ဆာရောဂါခံစားနေရကြောင်းကို ၂၀၀၉ ခုနှစ်မှာ ဆေးစစ်ချက်အရ သိခဲ့ရပါတယ်။ အဲဒီနောက်မှာ သူ ရိုးရိုးရှင်း ရှင်းနေထိုင်ခဲ့ပြီး စာရေးချိန်ကိုလျှော့ချခဲ့တယ်။
အချိန်တော်တော်များများကို စာဖတ်ခြင်းနဲ့ ပဲ ကုန်လွန်ခဲ့တယ်။ ၂၀၁၃ ခုနှစ် သူ စာပေနိုဘယ်လ်ဆုရခဲ့ ပါတယ်။ ဒါပေမဲ့

ကျန်းမာရေးအခြေအနေကြောင့် ဆွီဒင်ရဲ့ မြို့တော် Stockholm ကို သွားပြီး သူ ဆုမသွားယူခဲ့ပါဘူး။ ဒါပေမဲ့ နောက်ပိုင်း သူ့ရဲ့ပြောဆိုဆွေးနွေးတဲ့ စကားတွေထဲမှာ စာဖတ်ခြင်းက ခန္ဓာကိုယ်အတွက်ကောင်းမွန်ကြောင်း၊ အခြားအစားအစာ၊ ဆေးဝါးတွေထက်ကောင်းကြောင်း ကိုတော့ သူပြောခဲ့ပါတယ်။

သိပ္ပံပညာရှင်တွေရဲ့ လေ့လာဆန်းစစ်ချက်မှာ ၆ ခြောက်မိနစ်လောက် ဆိတ်ဆိတ်ငြိမ်ငြိမ် စာဖတ်ခြင်းက လူရဲ့ ဖိအားအဆင့်ကို သုံးပုံနှစ်ပုံ လျော့ကျစေတယ်လို့ ဆိုပါတယ်။ ဒါဟာ သီချင်းနားထောင်၊ အပြင် လမ်းထွက်လျှောက်တာထက် ကောင်းတယ်လို့ ဆိုပါတယ်။ သတင်းတွေ ပေါက်ကွဲတဲ့ ခေတ်မှာ စာဖတ်ခြင်းအတွက် လိုအပ်တဲ့ အာရုံစူးစိုက်မှုက ဦးနှောက်ကိုဖြည်လျော့စေနိုင်ပါတယ်။ အာရုံကြောကြွ

က်သားတွေကို ဖြည်လျော့စေနိုင်ပြီး နှလုံးခုန်နှုန်းကို လျှော့ချစေပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်းမှာ အမေရိကန် စ
စ ်သ ၁းတော ှဟ ၁ ကျောင်းတံခါးဝကနေ ထွက်ခဲ့ပြီးနောက် ဒါဟာ သူတို့ ရဲ့ ပထမဆုံးအကြိမ် စာဖတ်ခြင်းဖြစ်ခဲ့ပါတယ်။ စစချင်းမှာ စစ်သားတော်တော်များများက ပျင်းလို့ ၊ တခြားလုပ်စရာမရှိလို့ အဲဒီစာအုပ်တွေကို ကောက်ဖတ်လိုက်တာပဲ ဖြစ်ပါတယ်။ စစ်ပွဲက ကမ္ဘာကြီးရဲ့ ပုံစံကို ပြောင်းလဲစေခဲ့ပါတယ်။ စာဖတ် ခြင်းက ဒီလူတွေရဲ့ ဘဝတစ်သက်တာကို ပြောင်းလဲစေခဲ့ပါတယ်။

*

## အိမ်ခြေမဲ့ကြောင်ကို အလုပ်တစ်ခုပေးပါ

အန်နှာက Latvia တက္ကသိုလ်တစ်ခုက စာကြည့်တိုက်ဝန်ထမ်း တစ်ဦးပါ။ တစ်နေ့မှာ စာအုပ်တွေကို စာအုပ်စင်ပေါ်စီနေတုန်း စာကြည့် တိုက်ထဲ ကြောင်တစ်ကောင်ဝင်လာတာကို သူတွေ့လိုက်တယ်။

ကြောင်က ပိန်သေးသေးနဲ့ အမွေးတွေလည်း စိုနေပါတယ်။ ကြည့်ရတာ အိမ်ခြေမဲ့ကြောင်တစ်ကောင်ဖြစ်ပုံရတယ်။ Latvia နိုင်ငံရဲ့ ရာသီဥတုက အေးပါတယ်။ တကယ်လို့ ကြောင်ကို မောင်းထုတ်လိုက်ရင် လမ်းမပေါ်မှာ သူ အေးခဲပြီး သေဆုံးသွားနိုင်တယ်။

အန်နာက သနား ကရုဏာစိတ်နဲ့ ကြောင်ကို မုန့်တချို့ကျွေးလိုက်တယ်။

သိပ်မကြာပါဘူး။ စာကြည့်တိုက်ကို လာကြတဲ့ ကျောင်းသား တွေက ဒီချစ်စရာကောင်းတဲ့ ကြောင်ကို သတိပြုမိကုန်ကြတယ်။ စားပွဲပေါ် သူ အိပ်နေတဲ့ ပုံတွေ၊ ကိုယ့်အမြီးကိုယ်ပြန်လိုက်နေတဲ့ ပုံတွေက အရမ်း ချစ်စရာကောင်းခဲ့ပါတယ်။ တစ်ကိုယ်တည်း စာဖတ်နေတဲ့ ကျောင်းသား တွေအတွက် သူဟာ ခဏတာစိတ်ပျော်ရွှင်ရာဖြစ်ခဲ့ပါတယ်။ ကျောင်းသား တွေက သူ့ကို ဓာတ်ပုံရိုက်ကြတယ်။ မုန့်တွေ ယူ လာပြီး ကျွေးကြတယ်၊ ပြီးတော့ သူ့ကို ရီတာလို့ နာမည်တစ်ခုပေးလိုက်ကြတယ်။

ဒီအကြောင်းကို

ကျောင်းအကြီးအကဲသိသွားတဲ့ အခါ ဒီကြောင က ကျောင်းစာကြည့်တိုက်ရဲ့ ပုံရိပ်ကို ထိခိုက်

စေနိုင်ရုံမက စာအုပ်တွေကိုပါ ဖျက်ဆီးပစ်နိုင်တယ်။ ကျောင်းသားတွေကို စာကြည့်ပျက်စေတယ်ဆိုပြီး ကြောင်ကို မောင်းထုတ်ဖို့ ပြောပါတယ်။

ဒါကို အန်နာမလုပ်နိုင်ခဲ့ပါဘူး။ မရက်စက်နိုင်ခဲ့ပါဘူး။ ဒါကြောင့် ကျောင်းအုပ်ကြီးဆီ အန်နာ စာတစ်စောင်ရေးပို့လိုက်သလို အဲဒီစာကို မိတ္တူတစ်စောင်ပွားပြီး ကျောင်းနံရံမှာ ကပ်ခဲ့ပါတယ်။ စာထဲမှာ ရေးထား တာက 'ကျွန်မရဲ့ ဒီတာဝန်ကို ကြောင်ကလေးရီတာကို လွှဲပြောင်းပေး ပါတယ်။ ရီတာက အရည်အချင်းပြည့်ဝတဲ့ ကြောင်တစ်ကောင်ပါ။ ဒီ စာကြည့်တိုက်ထဲ သူရောက် လာပြီးတဲ့ နောက် စာအုပ်ကိုဖျက်ဆီးတဲ့ ကြွက်တွေ မတွေ့ရတော့ပါဘူး။ ရီတာက အလုပ်ကိုလေးစားသူဖြစ်တယ်။ သူဟာ ၂၄ နာရီလုံး ဒီစာကြည့်တိုက်ကို စောင့်ရှောက်ပါတယ်။ ရီတာကြောင့် ကျောင်း

သားတွေ ပိုစာဖတ်ဖြစ်ကြပါတယ်။ သူ လိုအပ်တဲ့ လုပ်အားခ ကလည်း နည်းလွန်းပါတယ်။ တစ်ရက် သုံးနပ်လေးပါပဲ။ သူဟာ အလွယ် တကူ အလုပ်ထွက်တတ်သူ မဟုတ်လို့ ဒီစာကြည့်တိုက်စောင့်ရှောက် ထိန်းသိမ်းရေးအလုပ်ကို သူ့ဆီလွှဲပြောင်းပေးဖို့ တောင်းဆိုပါတယ်' လို့ ပြောတယ်။

အန်နာရဲ့ စာကြောင့် ကျောင်းသားအများစုက ကြောင်ကို မောင်းမထုတ်ဖို့ ကန့်ကွက်ကြတယ်။ အန်နာရဲ့ အကြံပြုချက်ကိုလက်ခံဖို့ ကျောင်းအုပ်ကြီးကို ကျောင်းသားတွေ ဝိုင်းပြီး တိုက်တွန်းကြတယ်။ နောက်ဆုံးမှာ ကျောင်းဘက်က ဒီအကြံပြုချက်ကို သဘောတူပြီး ရှိတာကို သုံးလအစမ်းခန့်မယ်လို့ ဆုံးဖြတ်ခဲ့ကြတယ်။ တကယ်လို့ ဒီသုံးလအတွင်း မှာ သူ့လုပ်ဆောင်ချက် ကောင်းမွန်တယ်၊ တာဝန်ကျေတယ်ဆိုရင် အမြဲ ခန့်အပ်မှာ ဖြစ်တယ်။ သူ့နေရာ

ကိုဖယ်ပေးတဲ့ အန်နာကိုတော့ စာကြည့် တိုက်ရဲ့ သန့်ရှင်းရေးတာဝန်ယူစေပါတယ်။

သုံးလတာအစမ်းခန့်အပ်ချိန်ကို ကြောင်ကလေးရီတာ ကျော်လွန် နိုင်ဖို့ ကျောင်းသားတွေကလည်း ကူညီခဲ့ကြတယ်။ ကျောင်းသားတွေဟာ ကိုယ်ကိုယ်တိုင် စည်းကမ်းချက်တွေထုတ်ပြီး စာအုပ်ငှားချိန်မှာ ကိုယ်တိုင်စာရင်းမှတ်ကြတယ်။ စာအုပ်ကို အပျက်အစီးမရှိ သပ်သပ်ရပ်ရပ်ကိုင်တွယ် တယ်။ အချိန်မီစာအုပ်တွေကို ပြန်အပ်တယ်။ ပြန်အပ်ချိန်မှာလည်း အမျိုးအစားအလိုက် နေရာတကျပြန်ထားတယ်။ စာကြည့်တိုက်သန့်ရှင်း သပ်ရပ်ဖို့ကိုလည်း တတ်နိုင်သလောက်ပါဝင်ကူညီခဲ့ကြတယ်။

သုံးလလွန်မြောက်ချိန်မှာ စာကြည့်တိုက်ဟာ အရင်ကထက် ပိုသပ်ရပ်သန့်ရှင်းနေသလို

စာအုပ်ပျောက်ပျက်၊ ပျက်စီးတာမျိုးလည်း မရှိခဲ့တာကို ကျောင်းအုပ်ကြီး တအံ့တသြတွေ့ခဲ့ပါတယ်။ သူ့ကတိအတိုင်း စာကြည့်တိုက်မှာ ရှိတာကို အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်လိုက်ပါတော့ တယ်။

အန်နာနဲ့ ကျောင်းသားတို့ ရဲ့ ချစ်ခင်ကြင်နာစိတ်ကြောင့် အိမ်ခြေမဲ့ ကြောင်တစ်ကောင်ဟာ စာကြည့်တိုက်ဝန်ထမ်းဖြစ်လာခဲ့တယ်။ သူ့အတွက် နွေးထွေးတဲ့ အိမ်တစ်အိမ်ရှိစေခဲ့ပါတယ်။ တကယ်လို့ ကျွန်မတို့ကလည်း ကိုယ်နံဘေးက အိမ်ခြေမဲ့တိရစ္ဆာန်လေးတွေ၊ အိမ်ခြေမဲ့လူတွေကို ဂရုစိုက် မှုနဲ့ ကိုယ်တတ်စွမ်းတဲ့ စောင့်ရှောက်မှုတွေပေးနိုင်ခဲ့ရင် ကျွန်မတို့ ကိုယ်တိုင် လည်း ပျော်ရွှင်ခြင်းတွေ ရရှိမှာ ဖြစ်သလို သူတို့ လည်း နွေးထွေးကြင်နာမှုကို ရရှိနေမှာ ဖြစ်ပါတယ်။

'တခြားသူကို ကူညီနိုင်တဲ့ အင်အားရှိနေသရွေ့ လက်ပိုက်ပြီး ဘေးမှ ရပ်ကြည့်တဲ့ အခွင့်အရေး သင့်မှာ မရှိပါဘူး' လို့ ပြင်သစ်တွေးခေါ် ပညာရှင် Romain Rolland က ပြောခဲ့ပါတယ်။

မူရင်းရေးသားသူ - Tāng yuánlín

မူရင်းလင့် - http://www.85nian.net/zuowensucai/25873.html

*

## တက်ကျမ်းပုံပြင်တွေရဲ့
## အခြားတစ်ဖက်မှာ

သက်ကြီးသူတစ်ဦးက ကျွန်တော်တို့ နားယဉ်ပြီးသား ပုံပြင် နှစ်ပုဒ်ကို ပြောပြပါတယ်။ ဇာတ်သိမ်းကတော့ ထင်မှတ်မထားတဲ့ ဇာတ်သိမ်းမျိုးပေါ့။

ပထမပုံပြင်က စစ်သူကြီးတစ်ဦးဟာ စစ်ရှုံးပြီး ကိုယ်တိုင်လည်း ဒဏ်ရာရခဲ့တယ်။ သူဟာ ဇရပ်ပျက်တစ်ခုမှာ ခိုနားနေခဲ့တယ်။ ရှုံးနိမ့်ခြင်း အနာတရက မိုးသက်လေပြင်းထဲမှာ ပိုနာကျင်ခံစားနေခဲ့ရပါတယ်။ သူ့မျှော်လင့်ချက်တွေလည်း တစ်စစီ

ကွဲအက်နေခဲ့ပါတယ်။ အဲဒီအချိန်မှာ ပဲ တံစက်မြိတ်အောက်က ပင့်ကူအိမ်ပျက်တစ်ခု ပေါ်မှာ ပင့်ကူတစ်ကောင်ဟာ ကြိုးစားပြီး သူ့ အိမ်ကို ဖာထေးနေခဲ့ပါတယ်။ ပင့်ကူရဲ့ လှုပ်ရှားမှုအားလုံးကို စစ်သူကြီးက မမှိတ်မ သုန် စိုက်ကြည့်နေခဲ့တယ်။ စစ်တိုက်ခဲ့ရလို့ ပ င်ပန်းဒဏ်၊ နွမ်းနယ်ဒဏ်၊ အနာတရဒဏ်ရာ တွေကြောင့် စစ်သူကြီးဟာ ပင့်ကူကိုကြည့်နေ ရင်းက အိပ်ပျော်သွားခဲ့ပါတယ်။ သူနိုးလာတဲ့ အချိန်မှာ တော့ ပင့်ကူဟာ ပင့်ကူအိမ်ကို ရက် လုပ်ပြီးနေခဲ့ပါပြီ။ ကိုယ်ဖွဲ့ထားတဲ့ အိမ် မှာ ပဲ ပင့်ကူဟာ သက်သောင့်သက်သာနားနေရင်း သားကောင်တွေကို စောင့်နေခဲ့ပါတယ်။ ပင့်ကူ ရဲ့ ဇွဲလုံ့လက စစ်သူကြီးကို အားဖြစ်စေခဲ့တယ် ။ မိမိကိုယ်ကိုယ်ယုံကြည်စိတ်တွေ ဖြစ်စေခဲ့ပါ တယ်။ အဲဒီနောက် စစ်သူကြီး ဟာ အင်အား ကိုဖွဲ့စည်းပြီး စစ်ပွဲကို အနိုင်တိုက်နိုင်ခဲ့ပါတ

ယ်။

တကယ်တော့ သူ အိပ်မပျော်ခင် သူကြည့်ခဲ့တဲ့ ပင့်ကူက မိုးသက်လေပြင်းနောက် ပါသွားပြီး ရေနစ်သေဆုံးသွားခဲ့ပြီဆိုတာကို စစ်သူကြီး မသိလိုက်ပါဘူး။ သူ နိုးလာတဲ့ အချိန် တွေ့လိုက်တဲ့ ပင့်ကူက မိုးငြိမ် လေငြိမ်သွားချိန် ပျက်စီးနေတဲ့ ပင့်ကူအိမ်ကို လာဖာထေးတဲ့ နောက်ပင့်ကူ တစ်ကောင်ဖြစ်ပါတယ်။

ဒုတိယပုံပြင်က စီးပွားရေးမအောင်မြင်တဲ့ လူရွယ်တစ်ယောက် ဟာ စိတ်ပျက်လက်ပျက်နဲ့ သစ်ပင်တစ်ပင်အောက်မှာ ထိုင်နားနေခဲ့ပါတယ်။ ဒီလိုအချိန်မှာ သိပ်မဝေးတဲ့ နေရာတစ်နေရာမှာ ကျီးကန်းတစ်ကောင်ကို သူတွေ့လိုက်ပါတယ်။ အဲဒီကျီးကန်းဟာ ပုလင်းတစ်လုံးထဲက ရေကို သောက်ရဖို့ ကြိုးစားနေခဲ့ပါတယ်။ ပုလင်းဝက သေးပြီး ရေကလည်း မများ တာ

ကြောင့် ကျီးဟာ ရေကို သောက်လို့ မရခဲ့ပါဘူး ။ ဒီလိုမြင်ကွင်းကိုတွေ့ တော့ လူရွယ်ဟာ သူ့ အဖြစ်ကိုပြန်မြင်ပြီး သူဟာ အဲဒီကျီးနဲ့ အတူတူ ပါပဲ လား။ သူ့စိတ်ကူးအိပ်မက်က ပုလင်းထဲ က ရေလိုပဲ ကြည့်လိုက်ရင် မြင်နေရ ပေမယ့် လှမ်းယူဖမ်းဆုပ်လို့ မရခဲ့ဘူးလို့ တွေးတယ်။ လူရွယ်ဟာ အဲဒီလို တွေးပြီး ခေါင်းငိုက်စိုက်နဲ့ အဝေးကို ထွက်သွားခဲ့တယ်။ ကိုယ့်စိတ်ကူး အိပ်မက်ကို လက်လွှတ်ပြီး သူတစ်ပါးခိုင်းစေသူပဲ လုပ်တော့မယ်လို့ သူ ဆုံးဖြတ်လိုက်တယ်။

တကယ်တော့ သူထွက်သွားပြီးတဲ့ နောက် ထက်မြက်တဲ့ ကျီးကန်း က ပုလင်းထဲက ရေမျက်နှာပြင် မြင့်တက်လာအောင် ကျောက်စရစ်ခဲတွေ ကောက်ပြီး ပုလင်းထဲထည့်ခဲ့လို့ နောက်ဆုံးမှာ ရေသောက်လို့ ရသွားခဲ့ တယ်ဆိုတာကို တော့ အဲဒီလူရွယ်မသိသွားခဲ့ပါဘူး။

စစ်သူကြီးက ပင့်ကူရဲ့ ကံဆိုးမိုးမှောင်ကျခြင်းကနေ ယုံကြည်စိတ် ကို ရရှိခဲ့တယ်။ လူရွယ်က ကျီးကန်းရဲ့ ထက်မြက်ခြင်းကနေ လက်လွှတ်ခြင်းနဲ့ မျှော်လင့်ချက်မဲ့ခြင်းကို တွေ့ခဲ့တယ်။ စစ်သူကြီးရော လူရွယ်ကပါ ပုံပြင်ရဲ့ အဆုံးသတ်ကို မသိခဲ့တာ မဟုတ်ပါဘူး။ ကျွန်မတို့ ကိုယ်တိုင်လည်း တက်ကျမ်းပုံပြင်ရဲ့ အခြားတစ်ဖက်မှာ ဘာရှိနိုင်မလဲဆိုတာကို မသိခဲ့ကြ တာပါ။ ကျွန်မတို့ က ကိုယ့်ကိုယ်ကိုယ်ထောက်ခံဖို့ ပြင်ပလောကရဲ့ အားပေး မှုတွေ၊ စံနမူနာတွေ လိုအပ်တယ်လို့ ထင်ခဲ့ကြတယ်။ တကယ်တော့ တကယ့်အင်အားက ကိုယ့်ရင်ထဲ ကိန်းအောင်းနေတယ်ဆိုတာကို ဒီပုံပြင် နှစ်ပုဒ်က အသိပေးသွားခဲ့ပါတယ်။

တက်ကျမ်းပုံပြင်တွေက လူအများ ရဲ့ စိတ်ကို ကြည်နူးနွေးထွေး စေတယ်၊ စိတ်ခွန်အားဖြစ်စေတယ်ဆိုတာကိုတော့ ငြင်း

လို့ မရပါဘူး။ ဒါပေမဲ့ ဒီပုံပြင်တွေက ကျွန်မတို့ရဲ့ ခွန်အားကို နှိုးဆွပေးခြင်းရဲ့ တွန်းအားအစပဲဖြစ် တယ်။ အောင်မြင်မှု၊ ရှုံးနိမ့်မှုကို အဆုံးအဖြတ်မပေးနိုင်ပါဘူး။ ဒါဟာ ဘာကြောင့် လဲဆိုတော့ လူတချို့က အမြဲခွန်အားဖြည့်ပေးနေလည်း ဘာမှ ဖြစ်မြောက်မလာတာရှိသလို တချို့က တစ်ခါထိတွေ့ခံစားဖူးရုံနဲ့ မဆုံးတဲ့ ရှေ့ဆက်တိုးတက်ခြင်းတွေကို ရခဲ့ကြတယ်။ ဘယ်လိုအားပေးမှုမျိုးက ရင်ထဲ အသည်းထဲကလာတဲ့ စိတ်ကူးအိပ်မက်ရဲ့ အင်အားပါတဲ့ ကြိုးဝါး သံထက် ဘဝရဲ့ ရှေ့ဆက်လှမ်းတဲ့ ခြေလှမ်းကို တွန်းအားပေးနိုင်ဦးမလဲ။

ဒီကနေ့ခေတ်မှာ တက်ကျမ်းတွေ၊ စိတ်ခွန်အားဖြစ်စေတဲ့ စာတွေ ပျံ့နှံ့နေပါတယ်။ လူတော်တော်များများကလည်း တက်ကျမ်းပုံပြင်တွေ၊ အဆိုအမိန့်တွေနဲ့ အသိပေး နှိုးဆော်မှုတွေ၊ ရှေ့ဆက်လမ်းအတွက် တွဲခေါ်မှုတွေ လို

အပ်လာကြတယ်။ တက်ကျမ်းပုံပြင်တွေက ပြ
င်ပရဲ့ အားပေးမှုပါ။ တကယ်တမ်းမှာ ကိုယ့်
ရှေ့ဆက်မယ့်လမ်းအတွက် တကယ့် ခွန်အား
က ကိုယ့်ရင်ထဲကပဲ လာတာဖြစ်တယ်။ အဲဒီခွ
န်အားက လူ့ဘဝ အတွက်
ခိုင်မာပြတ်သားခြင်းနဲ့ မဆုတ်မနစ်ကြိုးပမ်းခြ
င်းတွေပဲ ဖြစ်တယ်။

*

# စာဖတ်တဲ့ လူမျိုး

ဂျူးလူမျိုးတွေက စာအလွန်ဖတ်သူတွေ ဖြစ်တယ်။ အစ္စရေး နိုင်ငံမှာ ၁၄ နှစ်အထက် လူတွေ ပျမ်းမျှတစ်လမှာ တစ်အုပ် စာဖတ် ကြတယ်။

အစ္စရေးမှာ လူတိုင်းနီးနီး စာကြည့်တိုက်ကတ် ရှိကြတယ်။ ကလေး တွေ နားလည်တတ်စအရွယ်မှာ မိခင်တိုင်းလိုလို ကလေးတွေကို စာဖတ်ဖို့ တိုက်တွန်းတတ်ကြတယ်။ စာအုပ်ထဲမှာ အသိဉာဏ်ပညာသိဝှက် ထားကြောင်း၊ ကျောက်သံပတ္တမြားတွေထက် တန်ဖိုးကြီးကြောင်း၊ အဲဒီ အသိဉာဏ်ပညာ

တွေ သူတစ်ပါးမခိုးနိုင်ကြောင်း လမ်းညွှန်ပြကြတယ်။

ဂျူးလူမျိုးက ကမ္ဘာပေါ်မှာ စာမတတ်သူမရှိတဲ့ လူမျိုးဖြစ်တယ်။ သူတောင်းစားတောင်မှ စာအုပ်နဲ့ မကင်းကွာနိုင်ကြပါဘူး။

အပြည်ပြည်ဆိုင်ရာ စာဖတ်နှုန်းလေ့လာဆန်းစစ်မှုမှာ ကိုရီးယားလူမျိုး တစ်ယောက်ဟာ ပျမ်းမျှအားဖြင့် တစ်နှစ်မှာ ၁၁ အုပ်ဖတ်တယ်။ ပြင်သစ်က ၈.၄ အုပ်၊ ဂျပန်က ၈.၅ လောက် ဖတ်တယ်။

ကမ္ဘာပေါ်မှာ နှစ်စဉ်နှစ်တိုင်း စာဖတ်နှုန်းအများ ဆုံးသူတွေထဲမှာ ဂျူးလူမျိုးက ထိပ်ဆုံးမှာ ဖြစ်တယ်။ လူတစ်ယောက်ဟာ တစ်နှစ်ကိုပျမ်းမျှ အားဖြင့် ၆၄ အုပ်ဖတ်တယ်။ မြန်မာပြည်မှာ တော့ ကျောင်းပြဌာန်း စာအုပ်က လွဲရင်တစ်နှစ်မှာ ပျမ်းမျှတစ်အုပ်လောက် ရှိပ့ါမလား

။

ဂျာမနီနိုင်ငံရဲ့ လမ်းမထက်မှာ ဖော်ရွေတဲ့ မျက်လုံး၊ ကြော့ရှင်းတဲ့ အမူအရာ၊ ညင်သာတဲ့ ခြေလှမ်းနဲ့ လှမ်းနေတဲ့ လူအိုတွေမှာ ပဲဖြစ်ဖြစ်၊ လှပဆွဲဆောင်မှုရှိတဲ့ မိန်းမလှတွေမှာ ပဲဖြစ်ဖြစ်၊ ရုံးတက်ရုံးဆင်း ဝန်ထမ်း ဝတ်စုံဝတ်ထားသူတွေမှာ ပဲဖြစ်ဖြစ် သူတို့ ရဲ့ ချိုင်းအောက်မှာ စာအုပ်တစ်အုပ် တော့ ညှပ်ထားတတ်တယ်။

ဂျာမနီရဲ့ ထုတ်ကုန်တွေကို နိုင်ငံတကာက တန်ဖိုးထားကြတယ်။ ဒီထုတ်ကုန်တွေက သိပ္ပံနဲ့ နည်းပညာကနေ လာတယ်။ ဒီနည်းပညာတွေက စာဖတ်ခြင်းကနေ လာတာဖြစ်တယ်။

စာဖတ်ခြင်းဆိုတာ ကမ္ဘာပေါ်မှာ အရင်းအနှီးအနည်းဆုံး မြင့်မြတ် တဲ့ အရာတစ်ခုပေါ့။

ဟမ်ဘာဂါတစ်လုံးလောက်ပဲရှိတဲ့ တန်ဖိုးနဲ့ စာရေးသူရဲ့ အနှစ်နှစ် အလလ တွေးခေါ်မှုနဲ့

အချိန်ကို ရနိုင်တယ်။

အားလပ်ချိန်တိုင်း စာဖတ်ပါတဲ့ ။ စာအုပ်ထဲမှာ တန်ဖိုးဖြတ်မရတဲ့ ရတနာတွေ သိုဝှက်ထားတယ်။

တကယ်လို့ ကောင်းကင်ဘုံဆိုတာ ရှိခဲ့ရင် အဲဒီကောင်းကင်ဘုံ ဟာ စာကြည့်တိုက်ပုံစံပဲ ဖြစ်မယ် ထင်ပါရဲ့ ...။

*

## စာအုပ်တစ်အုပ်... ကားခအခမဲ့

ရိုမေးနီးယားနိုင်ငံဟာ အရှေ့ ဥရောပမှာ ရှိတဲ့ လှပဆွဲဆောင်မှု ရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်။ ဒီနိုင်ငံဟာ သဘာဝတောတောင်ရေမြေ ရှုခင်းနဲ့ လှပတဲ့ black sea ခေါ်တဲ့ ကုန်းတွင်းပင်လယ်တစ်ခုရှိတဲ့ အပြင် ရာသီဥတုသင့်တင့်မျှတတာကြောင့် ကမ္ဘာ့အရပ်ရပ်က ခရီးသွားတွေကို ဆွဲဆောင်ထားတဲ့ နိုင်ငံဖြစ်တယ်။ အမိကက ဒီနိုင်ငံက လူတွေဟာ စာဖတ် တာကို ဝါသနာပါကြတယ်။ ရုံးတက်ရုံးဆင်းတဲ့ ဝန်ထမ်းပဲဖြစ်ဖြစ် ဘတ်စ်ကား စီးတဲ့ အခါတိုင်း လက်ထ `မ ၂၁ စာအုပ်တစ်အုပ်ကိုင်ဖတ်နေတာကို တွေ့ရ တတ်တယ်။ ဒီလိုစာပေယဉ်ကျေးမှုရှိ

တဲ့ အမူအကျင့်က မြင်ရသူအဖို့ လှပသက်ဝင်လွန်းလှတယ်။

ရှိမေးနီးယားနိုင်ငံက ဘတ်စ်ကားတွေပေါ်မှာ လူတိုင်းနီးနီး စာအုပ် တစ်အုပ်ကိုယ်စီနဲ့ ပါ။ ဒီနိုင်ငံကိုရောက်ရင် စာဖတ်နေတဲ့ ခရီးသည်တွေဟာ ဘတ်စ်ကားခပေးစရာမလိုတဲ့ ထူးဆန်းတဲ့ အဖြစ်ကို သင်သတိထားမိပါ လိမ့်မယ်။

အရင်တုန်းကတော့ လူတွေဟာ ဘတ်စ်ကားပေါ်ရောက်တာနဲ့ ရပ်စီးတဲ့ သူပဲဖြစ်ဖြစ်၊ ထိုင်စီးတဲ့ သူပဲဖြစ်ဖြစ် အာလာပသလလာပပြောနေတာ မျိုး၊ လက်ကိုင်ဖုန်းကစားနေတာမျိုး၊ တချို့က အိပ်နေတာမျိုးတွေ ရှိခဲ့တယ်။ သတင်းမီဒီယာတွေကလည်း လူတွေဟာ စာမဖတ်ကြဘူး၊ သတင်းစာ မဖတ်ကြဘူးလို့ ဝေဖန်သရော်ခဲ့ကြပေမယ့် အကျိုးသက်ရောက်မှုမရှိခဲ့ပါ ဘူး။ ဒီ

လိုပျှင်းရိတဲ့ ဖြစ်အင်ကိုကြည့်ပြီး စာချစ်သူတစ်ဦးဖြစ်တဲ့ Victor Miron လို့ ခေါ်တဲ့ ရိုမေးနီးယားပြည်သူတစ်ယောက်ဟာ Cluj-Napoca မြို့ရဲ့ မြို့တော်ဝန်ကို အီးမေးလ်တစ်စောင်ရေးပို့လိုက်တယ်။ အီးမေးလ်မှာ ရေးထားတာက ' ကျွန်တော်တို့ ရဲ့ ပြည်သူတွေ စာဖတ်ခြင်းကို ဒီထက်ပိုပြီး လျစ်လျူမရှုသင့်ဘူး။ ဒါဟာ တိုင်းပြည်တိုးတက်ရေးကို ထိခိုက်စေနိုင်ပါတယ်။ တကယ်လို့ စာဖတ်ကျင့်ကို ရက်တိုတိုအတွင်း ပြည်သူတွေ မွေးမြူ နိုင်ဖို့ ဆိုရင် ဘတ်စ်ကားပေါ်မှာ စာဖတ်သူတိုင်းကို ကားအခမဲ့စီးခွင့်ပေးရင် ရနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်'

Victor ရဲ့ အကြံကို လူတော်တော်များများ ကန့်ကွက်ခဲ့ကြတယ်။ အခုခေတ်လူတွေက လက်ကိုင်ဖုန်းလို မြန်ဆန်တဲ့ အီလက်ထရွန်နစ်ဖတ်ရှုခြင်းကို အမှီအခိုပြုလွန်းတယ်၊ စက္ကူနဲ့

ဖတ်ရှုခြင်းကို ခက်ခက်ခဲခဲ လှုံ့ဆော်ရလိမ့်မယ်လို့ ဆိုကြတယ်။

ဒါပေမဲ့ Victor ရဲ့ အကြံက မြို့တော်ဝန်ကို ပိုစိတ်ဝင်စားစေခဲ့ တယ်။ အဲဒီအကြံအတိုင်း တစ်ပတ်လောက်စမ်းသပ်ဖို့ သူ ဆုံးဖြတ်လိုက်တယ်။ ပထမဦးဆုံး ဖေ့စ်ဘွတ်ပေါ်မှာ 'စာအုပ်နဲ့ အတူ ဓာတ်ပုံရိုက်မျှဝေ' ရင် တိရစ္ဆာန်ရုံဝင်ခ သို့မဟုတ် ဆံသဆိုင်မှာ ဆံပင်အခမဲ့ညှပ်နိုင်တဲ့ လှုပ်ရှားမှုကို စတင်လိုက်တယ်။ တစ်ဖက်မှာ လည်း ဘယ်ဘတ်စ်ကားလိုင်းကိုစီးစီး ကား‌ပေါ်မှာ စာဖတ်တဲ့ သူတွေကို ကားခမကောက်ဘူးလို့ ဆိုတယ်။

လူတွေက ထူးဆန်းအံ့ဩမှုအပြည့်နဲ့ ကားအခမဲ့စီးခွင့် တကယ်ရ မရ စမ်းသပ်ကြည့်ခဲ့ကြတယ်။ တကယ်ပဲ အသက်ဝင်ခဲ့ပါတယ်။ အကြွေ ဆောင်စရာမလိုတဲ့ ခံ

စားချက်က သိပ်မိုက်တာပဲလို့ လူတချို့က ဆိုကြ တယ်။ ပြည်သူတချို့ကလည်း တစ်လ နေလို့ စာအုပ်တစ်အုပ်ဖတ်ပြီးဖို့ ဆိုတာ တော် တော်နဲ့ မလွယ်ခဲ့ဘူး။ အခုတော့ တစ်လ သုံး အုပ်ဆိုလည်း ရတယ်လို့ ဆိုကြတယ်။

လူတစ်ဦး စာအုပ်တစ်အုပ်ဆိုတဲ့ အကျင့်စ ရိုက်က ဘတ်စ်ကား ပေါ်က ကျန်ခရီးသွားတွေ ကိုပါ သက်ရောက်စေခဲ့တယ်။ တကယ်လို့ သ င်ဟာ ရိုမေးနီးယားနိုင်ငံကို သွားလည်တဲ့ သူ ဆိုရင် စာကြည့်တိုက် သို့မဟုတ် စာအုပ်ဆိုင် ထဲရောက်သွားသလားလို့ ထင်မှတ်မှားပြီး စ ကားကျယ်ကျယ် မပြောရဲဖြစ်လိမ့်မယ်။ လူတို င်း အာရုံစူးစိုက်ပြီး စာဖတ်နေကြလို့ ပါ။ ကော င်းတဲ့ အကျင့်စရိုက်က အလျင်အမြန် ပျံ့နှံ့ကျ ယ်ပြန့်လာခဲ့ပါတယ်။

ဒါဟာ မြို့တော်ဝန် ထင်မထားတဲ့ အဖြစ်

ဆိုပေမယ့် Victor က ဒီလိုအကျိုးဖြစ်ထွန်းမယ်လို့ အစောကြီးကတည်းက တွေးထင်ထားပြီဖြစ်တယ်။

ရှိမေးနီးယားပြည်သူတွေဟာ လက်ကိုင်ဖုန်းရဲ့ အထိန်းအချုပ်ကိုမခံတော့ဘဲ စာထဲအာရုံစူးစိုက်နေကြတာဟာ ဘာကြောင့် လဲ။ ဘယ်အရာက သူတို့ ကို ပြောင်းလဲစေခဲ့သလဲဆိုတာကို လူတွေနားမလည်ဖြစ်ခဲ့ကြတယ်။

သိလိုစိတ်နဲ့ သတင်းထောက်တစ်ဦးက Victor ကို ရှာပြီး မေးခဲ့တယ်။

'ကားပေါ်စာဖတ်ရင် ကားအခမဲ့စီးခွင့်ရတယ်ဆိုတဲ့ နည်းလမ်းကို ဘယ်လိုစဉ်းစားခဲ့မိသလဲ၊ လူတွေရဲ့ စာဖတ်လိုစိတ်ကို ဘယ်လိုနှိုးဆွခဲ့သလဲ'

'တကယ်တော့ လွယ်လွယ်လေးပါ။ ဆုချီးမြှင့်တဲ့ နည်းနဲ့ လူတွေကို စာဖတ်ဖို့ အား

ပေးခဲ့တာပါ။ ဒါဟာ ဝေဖန်အပြစ်ဆိုတာထက် ပိုကောင်းပါ တယ်။ ရိုမေးနီးယား ပိုဆွဲဆောင်မှုရှိလာဖို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဒီ့ထက် ပိုများ တဲ့ ကမ္ဘာလှည့်ခရီးသည် တွေ ကျွန်တော်တို့ ဆီက လူ့သဘာဝ ကို မှတ်မိသွားစေဖို့ ကျွန်တော်မျှော်လင့်ပါတယ်' လို့ Victor က သတင်း ထောက်ကို ပြုံးပြီး ပြန်ဖြေခဲ့တယ်။

ဘတ်စ်ကားပေါ်မှာ စာဖတ်ရင် ကားခအခမဲ့ဆိုတဲ့ ဆောင်ရွက် ချက်က ရိုမေးနီးယားနိုင်ငံကို လှပသစ်လွင်တဲ့ ရှုခင်းတစ်ခုဖြစ်စေခဲ့တဲ့ အပြင် ပြည်သူတွေရဲ့ စိတ်ဓာတ်ကိုလည်း စာပေအနုပညာနဲ့ ပြည့်ဝဖွံ့ ဖြိုး စေနိုင်ခဲ့ပါတယ်။ နေ့တိုင်း စာပိုဖတ်ဖြစ်ကျရင် နိုင်ငံတစ်ခုလုံးလည်း ဒီထက် ကြီးမားတဲ့ အကျိုးရလဒ်ကို ရရှိလာနိုင်မှာ ဖြစ်ပါတယ်။

*

# စာဖတ်ဒဏ်

Najib Zadeh လို့ ခေါ်တဲ့ လူတစ်ဦးက အီရန်နိုင်ငံ အရှေ့ မြောက်ပိုင်း Gonbad-e Kavus မြို့က တရားသူကြီးတစ်ဦးဖြစ်တယ်။ တစ်ခါက သူ တရားစီရင်တဲ့ အမှုတစ်ခုမှာ Qasim လို့ ခေါ်တဲ့ ၁၆ နှစ်အရွယ် လူငယ်တစ်ဦးနဲ့ ဆုံခဲ့တယ်။ အထက်တန်းကျောင်းတက်နေတဲ့ Qasim က လုယက်မှုနဲ့ ရောက်လာတာပါ။ သူ လုယက်ရတာကလည်း သူ့မိခင် နေမကောင်းလို့ ၊ ဆေးဖိုးဝါးခ မရှိလို့ လမ်းသွားလမ်းလာ အမျိုးသမီး တစ်ယောက်ကို လုယက်ပြီး ရလာတဲ့ ပိုက်ဆံနဲ့ သူ့အမေကို ဆေးရုံတင်ခဲ့ တာဖြစ်တယ်။

အမေဖြစ်သူ နေကောင်းသွားပေမယ့် Qasi m က လုယက်မှုနဲ့ တရားရင်ဆိုင်ခဲ့ရတယ်။ အီရန်နိုင်ငံရဲ့ ဥပဒေအရ Qasim ထောင် ခြောက်လ ကျခံရပါတယ်။ ထောင်ခြောက်လသာဆိုပေမယ့် ဒါဟာ Qasim ရဲ့ ဘဝကို အမည်းစက်စွန်းထင်းစေတဲ့ အပြင် နေ ၁က ်ပ ို င ်းမ ၂၁ အလုပ်အကိုင်ရှာဖွေတာပဲဖြစ်ဖြစ်၊ ဘဝနေထိုင်မှုမှာ ပဲဖြစ်ဖြစ် အရိပ်မည်းကြီးလိုလိုက်ပါ နေမယ့် အရာဖြစ်တယ်။ ထောင်ကထွက်လာရင်လည်း အတန်းသားတွေရဲ့ အထင်သေး၊ ရှောင်ဖယ်တာကို ခံရဦးမယ်။ တကယ်လို့ ကျောင်းထွက်လိုက် ရင် အလုပ်ရှာရာမှာ ခက်ခဲနိုင်သလို အိမ်ထောင်ပြုမှုမှာ လည်း အဆင်ပြေမှာ မဟုတ်ဘူး ။ တရားသူကြီး Najib က Qasim ကို များစွာနှမြောခဲ့တယ်။ ထောင်ကျဖူးတဲ့ လူငယ်တွေဟာ နောက်တစ်ကြိမ်ပြစ်မှုကျူးလွန်ဖို့ ဝန်မ

လေး ကြတော့ဘူးဆိုတာကို သူ သတိထားခဲ့တယ်။ သူတို့ ကိုယ်ပေါ်မှာ 'အမည်း စက်'နဲ့ 'တံဆိပ်'ဆိုတာ ရှိခဲ့ပြီမို့ ပတ်ဝန်းကျင်ရဲ့ ပြောဆိုနှိမ်ချမှုကို ခံရပြီး စိတ်ဒဏ်ရာတွေ ရသွားကြတယ်။ ဒါကြောင့် အီရန်က လူငယ်တွေရဲ့ ပြစ်မှု ကျူးလွန်မှုမှာ နှစ်တိုင်း တိုးမြင့်နေတာဖြစ်တယ်။

Najib က လူငယ်လူရွယ် ပြစ်မှုကျူးလွန်ကြတာဟာ သာမန် အားဖြင့် သူတို့ ဟာ စိတ်ဆတ်တဲ့ အရွယ်၊ ဥပဒေအသိအမြင် ဗဟု သုတတွေကင်းမဲ့တဲ့ အရွယ်ဖြစ်လို့ ဖြစ်တယ်။ တကယ်လို့ သူတို့ သာ စာဖတ်ကျရင် ဖြစ်ဖြစ်၊ ဥပဒေဆိုင်ရာစာတွေကို ပိုဖတ်ကျရင်ဖြစ်ဖြစ်၊ ပြစ်မှုကျူးလွန်မှု နည်းပါးဖို့ အထောက်အကူပြုလိမ့်မယ်လို့ တွေးမိတယ်။ ပြစ်မှုသေးတဲ့ လူငယ်တွေ ဒါမှ မဟုတ် ရာဇဝတ်မှု တစ်ခါမှ မရှိတဲ့ လူငယ်တွေကို 'စာဖတ် ဒဏ်'နဲ့ အပြစ်ပေးလို့

မရနိုင်ဘူးလားလို့ သူတွေးမိတယ်။

ဒီလိုနဲ့ Najib ဟာ သူ လေ့လာဖတ်ရှုခဲ့တဲ့ စာတမ်းနဲ့ သူ့အတွေး အခေါ် တချို့ပေါင်းပြီး စာတမ်းတစ်စောင် ပြုစုလိုက်တယ်။ ပြီးတော့ အဲဒီ စာတမ်းကို အထက်တရားလွှတ်တော်ဆီ တင်ပြလိုက်တယ်။ 'စမ်းသပ် ကြည့်နိုင်တယ်' ဆိုတဲ့ ခွင့်ပြုချက်ရပြီးနောက် Najibဟာ လုယ က်မှုနဲ့ ထောင်ကျမယ့် Qasim ကို 'စာဖတ်ဒဏ် ' ဆိုပြီး ပေးလိုက်တယ်။ Qasim ထောင်ထဲ နေ စရာမလိုဘူး။ ဒါပေမဲ့ တရားသူကြီးပေးလိုက် တဲ့ စာအုပ်ငါးအုပ် ကိုတော့ အပြီးဖတ်ရမယ်။ ဖတ်ပြီး အဲဒီစာအုပ်ကို ဖတ်လို့ ရတဲ့ ခံစားချက် ၊ ဖတ်ပြီးရရှိတဲ့ အတွေးအမြင်တွေကို ချရေးပြီး တင်ပြရမယ်။

ဒီလိုနဲ့ Qasim ကျောင်းပြန်တက်ရတယ်။ ကျောင်းတက်ရင်း တစ်ဖက်ကလည်း ချမှတ်

ထားတဲ့ ပြစ်ဒဏ်ကို လိုက်နာတယ်။ (တရား သူကြီးပေးတဲ့ စာအုပ်ငါးအုပ်ကို ဖတ်တယ်။) နောက်ပိုင်းမှာ Qasim တစ်ယောက် အီရန်က နာမည်ကြီးတက္ကသိုလ်တစ်ခုဖြစ်တဲ့ Tehran တက္ကသိုလ်တက်ခွင့်ရခဲ့တယ်။ အဲဒီနောက် နာမည်ကြီးကုမ္ပဏီတစ်ခုမှာ အလုပ်ရခဲ့တယ်။

Qasim က ပြောတယ်။ တရားသူကြီးသာ သူ့ကို 'စာဖတ်ဒဏ်'မပေးခဲ့ရင် ဒီကနေ့ သူဆိုတာ ရှိလာမှာ မဟုတ်ဘူး တဲ့ ။ 'စာဖတ်ဒဏ်' ကို ထွင်ခဲ့တဲ့ တရားသူကြီးကို သူ ကျေးဇူးတင်ကြောင်းပြောတယ်။

စာဖတ်ဒဏ်ကို Gonbad-e Kavus မြို့မှာ စမ်းသပ်ပြုလုပ်ပြီးတဲ့ နောက် လူငယ်တွေ၊ မိဘ အုပ်ထိန်းသူတွေနဲ့ ဥပဒေပညာရှင်တို့ ရဲ့ ချီးကျူး အားပေးမှုကို ခံခဲ့ရတယ်။ အဲဒီမြို့နယ်မှာ လူငယ်တွေ ဒုတိယအကြိမ်ပြစ်မှု ကျူးလွန်

နှုန်း သုညအောက် ထိုးကျသွားခဲ့တယ်။ သိပ်မကြာခင်တုန်းက အီရန်ဥပဒေမှာ ပြစ်မှုသေးငယ်တဲ့ လူငယ် ဒါမှ မဟုတ် ရာဇဝတ်မှုမရှိတဲ့ လူငယ်တွေကို ပြစ်မှုအလေးအပေါ့ပေါ်မူတည်ပြီး တရားသူကြီးက ပြစ်ဒဏ် ချမှတ်နိုင်တယ်။ ပြစ်ဒဏ်ထဲမှာ 'စာဖတ်ခြင်းကို ပြစ်ဒဏ်နဲ့ အစားထိုး နိုင်တယ်' ဆိုပြီး 'စာဖတ်ဒဏ်' ကို တရားဝင်ဥပဒေတစ်ရပ်အဖြစ်ပြဋ္ဌာန်း လိုက်ပါတယ်။

မူရင်းလင့် - http://www.bbc.com/news/blogs-news-from-elsewhere- 34200912

*

## စာကြည့်တိုက်က အမျိုးသမီး

လွန်ခဲ့တဲ့ ၁၆ နှစ်ခန့် ကျွန်မ အလယ်တန်း တက်နေတဲ့ အချိန် တုန်းကပေ့ါ။ တစ်နေ့တော့ စာကြည့်တိုက်မှာ ကျွန်မ စာအုပ်တစ်အုပ် တွေ့လိုက်မိတယ်။ စာအုပ်မျက်နှာဖုံးက အရမ်းလှတဲ့ မြင်းလှည်းပုံလေး။ မြင်းလှည်း ဘီးက ရွှေရောင်လက်လက်ထနေခဲ့လို့ အဲဒီစာ အုပ်ကို ကျွန်မ ငှားလာခဲ့တယ်။ အိမ်ရောက် တော့ မေမေက စာအုပ်ကိုကြည့်ပြီး ဒါဟာ စိ တ်ဆန္ဒကို နိုးကြွစေတဲ့ စာအုပ်တစ်အုပ်၊ ကျွန် မဖတ်ဖို့ မသင့်တော်ဘူး ဆိုပြီး ကျွန်မကို စာကြည့်တိုက်ဆီ အတင်းဆွဲခေါ်လာခဲ့ပါတယ် ။ ပြီးတော့ စာကြည့်တိုက်ဝန်ထမ်းကို ကျွန်မ

အသက်အရွယ်နဲ့ သင့်တော်မယ့်စာအုပ်တစ်အုပ်လဲပေးဖို့ ပြောလိုက်တယ်။ သူတို့ ဘေးမှာ ရပ်ပြီး ကျွန်မ အနေကျပ် ခဲ့ပါတယ်။

စာကြည့်တိုက်ဝန်ထမ်းက လူလတ်ပိုင်း အမျိုးသမီးတစ်ဦးပါ။ ပိန်ပိန် ရှည်ရှည်၊ ဆံပင်တိုတိုနဲ့ ဆွယ်တာအင်္ကျီဝတ်ထားပါတယ်။ ကျွန်မကို သူ ခေါင်းငုံ့ကြည့်ပြီး ရယ်ပြတယ်။ အဲဒီနောက် ကောင်တာနောက်ကနေ ထွက် လာပြီး သူ့နောက် ကျွန်မကို လိုက်ခဲ့ဖို့ မျက်ရိပ်ပြပါတယ်။

လေးလံထုံထိုင်းတဲ့ ကွန်ပျူတာတွေကို ကျွန်မတို့ ကျော်ပတ်ပြီး စကြဍတစ်လျှောက်ဖြတ်လျှောက်လာခဲ့တယ်။ အရွယ်ရောက်သူတွေဖတ်တဲ့ စာအုပ်စင်နား ကျွန်မတို့ ရောက်လာခဲ့တယ်။

'ဒီတစ်အုပ်ဆိုရင် ဘယ်လိုနေမလဲ ...။ စာ

အုပ်နာမည်က I Capture the Castle တဲ့ ။ စာရေးဆရာမ Dodie Smith ရေးတာ။ သူက 101 Dalmatians (ခွေးနက်ကျား ၁၀၁ ကောင်)ဆိုတဲ့ စာအုပ်ကို လည်း ရေးခဲ့တယ်'

သူက အင်္ဂလန်လေသံပါတဲ့ စကားသံနဲ့ ကျွန်မကို ပြောပါတယ်။

ကျွန်မကိုယ်ကျွန်မ အရှယ်ရောက်နေပြီလို့ ကျွန်မထင်တယ်။ လိမ်ညာဉာဏ်ဆင်ရေးထားတဲ့ အဲဒီခွေးဇာတ်လမ်းကို မကြိုက်လို့ ကျွန်မ အသံတိတ်နေလိုက်တယ်။

'ဒီစာအုပ်က ခွေးနက်ကျား ၁၀၁ ကောင်စာအုပ်နဲ့ လုံးဝမတူဘူး'

မျှော်လင့်ချက်မဲ့တဲ့ ကျွန်မပုံစံကို တွေ့သွားလို့ သူက စကား ဆက်ပြောပြန်တယ်။

သူ့ကို ကျွန်မ လေးစားပေမယ့် ကျွန်မ တွေဝေနေပြန်တယ်။ 'I Capture the Castle' (ကျွန်

မရဲ့ လှို့ဝှက်ရဲတိုက်) ဆိုတဲ့ နာမည်က ဖတ်ရတာ တစ်မျိုးပဲ။ ကလေးတွေကို ချော့သိပ်တဲ့ ဒဏ္ဍာရီစာအုပ်လိုလို ဘာလိုလို...။

နောက်ဆုံးတော့လည်း အဲဒီစာအုပ်ကို ကျွန်မ မကျေမနပ်နဲ့ အိမ်ငှားပြန်ခဲ့ပါတယ်။ အိမ်ရောက်တာနဲ့ ပြတင်းပေါက်နားကခုံမှာ ထိုင်ပြီး စာအုပ်ကို ကျွန်မ လှန်လှောဖတ်ကြည့်လိုက်တယ်။ စာအုပ်ပါအကြောင်း အရာက အသက် ၁၇ နှစ်အရွယ် ကောင်မလေးတစ်ယောက်ရဲ့ အတွေ့ အကြုံတွေ ခံစားရေးဖွဲ့ထားတယ်။ ဇာတ်လမ်းက ကျွန်မကို တစ်ခဏချင်း မှာပဲ ဆွဲဆောင်သွားခဲ့ပါတယ်။ စာဖတ်နေရင်း ကျွန်မစိတ်ထဲမှာ လည်း 'ငါလည်း စာရေးဆရာတစ်ဦးလုပ်မယ်'လို့ ဆုံးဖြတ်ချက်တစ်ခု တိုးတိုး တိတ်တိတ် ချခဲ့မိတယ်။ ဆန်းကြယ်လှို့ဝှက်တဲ့ အရေးအဖွဲ့တွေကို ကျွန်မ ကြိုက်တယ်။ ကဗျာရေးဖွဲ့ရတာကိုလည်း ကျွန်မနှစ်

သက်တယ်။ ရေးတာ မကောင်းတာပဲ ရှိတာ ပေါ့လေ။

အဲဒီစာအုပ်ဟာ ကျွန်မအပေါ် ကြီးမားတဲ့ သက်ရောက်မှုရှိခဲ့ တယ်ဆိုတာ စာကြည့်တိုက်က အမျိုးသမီးကို ကျွန်မ မပြောပြခဲ့ပါဘူး။ အဲဒီနောက်မှာ တော့ ကျွန်မတစ်ကိုယ်တည်း တောအုပ်တစ်အုပ်ကိုဖြတ်ပြီး ကြည်လင်အေးမြတဲ့ စမ်းချောင်းဘေးက သစ်ပင်ကြီးတစ်ပင်ပေါ်မှာ စာရေးဆရာလုပ်မယ်ဆိုတဲ့ ကျွန်မရဲ့ အိပ်မက်ကို ထွင်းထုခဲ့တယ်။ အခု အချိန်မှာ ကျွန်မရဲ့ အိပ်မက်ကို အကောင်အထည်ဖော်နိုင်ခဲ့ပါပြီ။ စာအုပ်တော်တော်များများ ကျွန်မ ထုတ်ဝေနိုင်ခဲ့ပါပြီ။ ကျွန်မငယ်ငယ်က အမြဲ သွားခဲ့တဲ့ စာကြည့်တိုက်မှာ ကျွန်မရဲ့ စာအုပ်တွေ စင်တင်နိုင်ခဲ့ပါပြီ။ ကျွန်မရဲ့ စာအုပ်တစ်အုပ်က အဲဒီစာကြည့်တိုက်မှာ တစ်နှစ်ပတ်လုံး အငှားရဆုံး၊ စာဖတ်သူ

အကြိုက်ဆုံးစာအုပ်တွေထဲမှာ တစ်အုပ်အပါ အဝင်ဖြစ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပတ်ခန့်က မြို့ကနေ နှစ်နာရီ ခွဲကြာလောက် ကားမောင်းပြီး ရွာကို ကျွန်မပြ န်ခဲ့တယ်။ ရွာမှာ ပဲ အမြဲနေနေတဲ့ မေမေ့ကို သွားကြည့်တာပါ။ လက်ဖက်ရည်ဆိုင်တစ်ဆို င်မှာ နေ့လယ်စာအတူစားဖို့ မေမေနဲ့ ချိန်း ထားပါတယ်။ ကျွန်မရဲ့ သမီးငယ်ကိုလည်း ကျွ န်မခေါ်လာ ခဲ့တယ်။ ခါတိုင်းဆိုရင် သမီးငယ် ကိုခေါ် ပြီး ကျွန်မ ကားမမောင်းပါဘူး။ သမီး က အိပ်မပျော်မချင်း သူ့ကို စကားပြောချော့နေ ရလို့ ပါ။

ရွာကို ကျွန်မရောက်လာခဲ့ပါတယ်။ လက်ဖ က်ရည်ဆိုင်မှာ ထိုင်ပြီး ကော်ဖီသောက်ရင်း ကျွန်မ အပန်းဖြေနေခဲ့တယ်။ ရုတ်တရက် ကျွ န်မ ခေါင်းမော့အကြည့်မှာ စာကြည့်တိုက်က

အမျိုးသမီးကို ကျွန်မတွေ့လိုက် မိပါတယ်။ ၁၆ နှစ်ကျော်ကာလအတွင်းမှာ သူ့မျက်ထောင့်ထက်အရစ် အကြောင်းတွေ ပိုလာခဲ့ပါတယ်။ လမ်းလျှောက်ရာမှာ လည်း တုံ့နှေးလာခဲ့ တယ်။ ဒါပေမဲ့ သူ့ရဲ့ ကျက်သရေရှိပြီး ရည်မွန်တဲ့ အပြုအမူက နဂိုအတိုင်း ပါပဲ။ ဆိုင်ထဲ သူ ဝင်လာပြီး စားပွဲခုံတစ်ခုမှာ ထိုင်ချလိုက်ပါတယ်။

အိုမင်းသွားတဲ့ သူ့ကိုကြည့်ပြီး ကျွန်မရင်ထဲ ဆို့နင့်လာမိတယ်။ သောက်လက်စ ခွက်ကို ကျွန်မ အမြန်ချပြီး ထိုင်ရာမှ ထလိုက်တယ်။ ပြီးတော့ သူ့ဆီကို အမြန်လျှောက်သွားလိုက်ပါတယ်။ ပင်ပန်းတဲ့ ဒဏ်၊ အံ့သြဝမ်းသာမှုကြောင့် ကျွန်မမျက်နှာ ထူပူနေပါတယ်။

'အန်တီ စာကြည့်တိုက်မှာ အလုပ်လုပ်ခဲ့တယ် မဟုတ်လား။ 'I Capture the Castle' ဆိုတဲ့ စာအုပ် ကျွန်မကို အန်တီငှားလိုက်သေး တယ်

လေ။ ကျွန်မ အခု စာရေးဆရာဖြစ်နေပါပြီ အ န်တီ။ အန်တီမိတ်ဆက် ပေးခဲ့တဲ့ အဲဒီစာအုပ် က အခုထိ ကျွန်မအနှစ်သက်ဆုံးစာအုပ်ပါ' လို့ သူ့ကို ကျွန်မ အော်ပြောလိုက်တယ်။

အဲဒီအမျိုးသမီးက

ခဏလောက်တွေဝေသွားတယ်။ ပြီးမှ ကျွန်မ ကို ကြည့်ပြီး ကြင်ကြင်နာနာရယ်ပြတယ်။ ရ ယ်ပြပြီးတာနဲ့ သူဟာ ခေါင်းတစ်ဖက် လှည့်သွားပြီး အခြားတစ်နေရာကို တူရူငေးကြည့်နေလိုက်တယ်။ ကျွန်မကို စ ကားတစ်ခွန်းမှ သူပြန်မပြောပါဘူး။ သူ့ကြည့် ရတာ အသက်အရွယ်ကြီးရင့် သွားလို့ မှတ်ဉာ ဏ်ကောင်းပုံ မရတော့ပါဘူး။ ကျွန်မ ဘာပြော လိုက်မှန်းကို လည်း သူ သဘောပေါက်မှာ မ ဟုတ်ပါဘူး။ ကျွန်မ နေမထိထိုင်မသာနဲ့ နော က်ကို ခြေတစ်လှမ်းဆုတ်လိုက်မိပါတယ်။ သူနဲ့ ခပ်ဆင်ဆင်တူတဲ့ ၊ သူ့ထက် အသက်ငယ်ရွယ်

တဲ့ အမျိုးသမီးတစ်ဦး သူ့ဆီလျှောက်လာပါတယ်။ သူ့ ညီမဖြစ်လိမ့်မယ်လို့ ကျွန်မခန့်မှန်းလိုက်တယ်။ အဲဒီအမျိုးသမီးငယ်က သူ့လက်မောင်းကို တွဲပြီး ဖြည်းဖြည်းချင်း ထွက်ခွာသွားခဲ့ပါတယ်။

သူထွက်သွားတာကို ကျွန်မ ငေးကြည့်နေမိတယ်။ သူ့ခြေလှမ်း တွေဟာ ဟိုးတစ်ချိန်တုန်းကလိုပဲ သိမ်မွေ့နေတုန်းပါပဲ။ သူ့နောက်ကျောအရိပ်ကိုကြည့်ပြီး ကျွန်မတို့ ဟာ ကျွန်မတို့ တစ်သက်မှာ ကောင်းမွန်မြင့်မြတ် တဲ့ အလုပ်တွေ ဘယ်လောက်လုပ်ခဲ့ပြီး၊ လူဘယ်နှယောက်ရဲ့ ဘဝကို ပြောင်းလဲခဲ့ပြီဆိုတာကို ကျွန်မတို့ ကိုယ်တိုင် သတိမထားမိတာပဲရှိမယ်လို့ ကျွန်မ တွေးနေခဲ့မိတယ်။ ဒီစာကြည့်တိုက်အမျိုးသမီးလိုပေါ့။ စာအုပ် လေးတစ်အုပ်ကိုပဲ ကျွန်မကို သူ မိတ်ဆက်ပေးလိုက်တာပါ။ ဒါဟာ ကျွန်မ ဘဝတစ်သက်တာအတွက် အရေးပါဆုံး အ

တွေ့အကြုံတစ်ခုဖြစ်ခဲ့ ပါတယ်။

မူရင်းလင့် - http://www.85nian.net/rensheng/21215.html

*

# ရော့ခ်ဂီတရဲ့ စွမ်းအား

နှစ်စဉ်နှစ်တိုင်း ဂျပန်နိုင်ငံမှာ ကျင်းပတဲ့ ဖူဂျီရော့ခ်ဂီတပွဲတော် (Fuji Rock Festival) ဟာ အာရှမှာ အကြီးမားဆုံးဂီတပွဲတော်ဖြစ်တယ်။ သုံးရက်ကြာကျင်းပတဲ့ ပွဲဖြစ်တယ်။ ကမ္ဘာ့တစ်ဝန်း အနယ်နယ်အရပ်ရပ်က လူပေါင်း တစ်သန်းကျော်တို့ ဟာ အဲဒီပွဲတော်မှာ ဂီတရဲ့ဆွဲငင်ခြင်းကို လာရောက်ခံယူကြတယ်။ ကမ္ဘာအရပ်ရပ်က အဆိုတော် ၂၀၀ ကျော်တို့ ရဲ့ တေးဂီတသံစဉ်နောက်လိုက်ပြီး လူငယ်လူရွယ်တွေဟာ ကိုယ်ကိုလှုပ်ယမ်း ကြ၊ အော်ဟစ်လိုက်ဆိုကြနဲ့ ကောင်းကင်ကြီးပြိုပျက်မတတ် ဂီတနဲ့ အမြင့်ဆုံးအရှိန်အထိ

လိုက်ပါစီးမျောကြတယ်။

ဒီပွဲတော်မှာ လူတွေကို အံ့သြတုန်လှုပ်စေတာက များ ပြားလှတဲ့ လူအရေအတွက်ကြောင့် မဟုတ်သလို အကောင်းဆုံး တေးဂီတကြောင့် လည်း မဟုတ်ပါဘူး။ ပွဲမှာ ရှိတဲ့ ပရိသတ်တွေကြောင့် ဖြစ်ပါတယ်။

ပရိသတ်တစ်သန်းကျော်ဟာ ၁၀ နာရီကျော်လောက် ပွဲကြည့် ခဲ့ကြပေမယ့်၊ မိုးရွာပြီးစ ရွှံ့တွေနဲ့ ဆိုပေမယ့် အဲဒီပွဲခင်းမှာ အမှိုက်တွေ ကျမနေခဲ့ပါဘူး။ ဆေးလိပ်သောက်သူတွေက ဆေးလိပ်ပြာခွက်တစ်ခုကို လွယ်ထားကြပါတယ်။ လူတိုင်းရဲ့ ဘယ်ဘက်လက်မှာ အမှိုက်အိတ်တစ်လုံး ကိုယ်စီကိုင်ထားကြပါတယ်။ တေးသီချင်းတွေနဲ့ ၁၀ နာရီကျော်လောက် လိုက်က၊ လိုက်ခုန်ပြီး ပွဲသိမ်းချိန်မှာ အားလုံးမောပန်းနွမ်းနယ်နေကြပြီဆို ပေမယ့်

အချိန်ပေးပြီး သူတို့ အမှိုက်လှည်းကျင်းကြပါ တယ်၊ ပြီးရင် အချိန်ပေး တန်းစီပြီး အမှိုက်ပ စ်ကြတယ်။ ရေသန့်ဘူးကို သတ်သတ်စီခွဲပြီး တစ်နေရာ ပစ်တယ်။ အဖုံးကို တစ်နေရာပစ် တယ်။ စက္ကူကို တစ်နေရာ၊ ဖန်ပုလင်းတွေ ကို တစ်နေရာစီ ခွဲပစ်ကြတယ်။ နောက်တစ်ရက်မှာ အဲဒီပွဲခင်းက နဂိုအတိုင်း သန့်ရှင်းနေပြန်တယ်။ သူတို့ ရဲ့ အစီအစဉ်ကျ နပုံက တခြားနိုင်ငံက လာရောက်သူတွေကို အံ့ဩတုန်လှုပ်စေခဲ့ပါတယ်။

အဲဒီပွဲကို သွားရောက်ခဲ့ဖူးတဲ့ တရုတ်အဆို တော်တစ်ဦးက 'ကြောက်ဖို့ တောင် ကောင်း တယ်'လို့ အံ့အားသင့်ပြောခဲ့ပါတယ်။ လူ သန်း ပေါင်းများ စွာရဲ့ စည်းကမ်းရှိခြင်း၊ ကိုယ့်စည်း ကမ်းနဲ့ ကိုယ် နေထိုင် ခြင်းက ဒ ိဂ ိတ ပ ွဲတေ ာ်မ ၂၁ ရော့ခ်အဖြစ်ဆုံးလို့ သူကပြောခဲ့ပါတယ်။

ရှော့ခ်ဆိုတာ ရေသန့်ဘူးနဲ့ ပစ်ပေါက်ရိုက်ခွဲပြီး အင်အားကို ပြတာ မဟုတ်ပါဘူး။ ငယ်ရွယ်နုပျိုစိတ်ကို သင်နှိုးဆွ၊ မြှင့်တင်နိုင်ပေမယ့် အသိမဲ့လို့ မရပါဘူး။ ဂီတက လူကို ပေါ့ပါးဖြည်လျှော့စေပါတယ်၊ ပေါက်ကွဲ ကျူးလွန်စေတာ မဟုတ်ပါဘူး။ ဒါကမှ ရှော့ခ်ဂီတရဲ့ စွမ်းအားဖြစ်တယ်။

*

# စိတ်ကူးအိပ်မက်စစ်စစ်

## (၁)

ကာကာက ဘရာဇီးနိုင်ငံ Rocinha ဆိုတဲ့ ဆင်းရဲသားနယ်မြေ မှာ နေထိုင်တဲ့ ၁၃ နှစ်အရွယ် ကောင်လေးတစ်ယောက်ဖြစ်တယ်။ ငယ်ရွယ်စဉ်ကတည်းက သူ့ရဲ့ စိတ်ကူးအိပ်မက်က လူဆိုးဂိုဏ်းအဖွဲ့ဝင် တစ်ယောက်ဖြစ်ဖို့ ၊ သေနတ်ကိုလွယ်ပြီး တိုက်ခိုက်သတ်ဖြတ်ဖို့ ဖြစ်တယ်။ ကာကာရဲ့ မိဘတွေက တခြားသူဆီမှ အလုပ်လုပ်ပြီး အသက်မွေး ဝမ်းကျောင်းသူမို့ ကာကာရဲ့ စိတ်ကူးအိပ်မက်ကို မထူးဆန်း မအံ့ဩခဲ့ဘူး။ ကာကာသာ လူဆိုးဂိုဏ်းအဖွဲ့ဝင်

တစ်ယောက်ဖြစ်ခဲ့ရင် သူတို့ ရဲ့ စားဝတ်နေရေးအဆင်ပြေလိမ့်မယ်လို့ သူတို့တွေးထင်ခဲ့ကြတယ်။ သူတို့ ရဲ့ စိတ်ကူး အိပ်မက်တွေက ဒီလိုပဲ ရိုးရှင်း၊ ကြမ်းတမ်း၊ အရိုင်းဆန်ခဲ့ပါတယ်။

၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလမှာ တရုတ်နိုင်ငံက SGCC (State Grid Corporation of China) ဆိုတဲ့ လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီ တစ်ခု ဘရာဇီးကို ရောက်လာခဲ့တယ်။ ဒီကုမ္ပဏီက ဘရာဇီးမြောက်ပိုင်း ဒေသမှာ ဗို့အားမြင့်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ဘရာဇီးစီးပွားရေးဖွံ့ ဖြိုးတိုးတက်ရေးအတွက် ကြီးမားတဲ့ ပြောင်းလဲမှုကို သယ်ဆောင်လာ ခဲ့ပါတယ်။ ကုမ္ပဏီဝန်ထမ်းတွေဟာ လုပ်ငန်းဆောက်လုပ်နေစဉ်အတွင်း မှာ အဲဒီဒေသက ဆင်းရဲသားကလေးငယ်တွေဟာ တစ်နေ့လုံး လမ်းပေါ် မှာပဲ လျှောက်သွားနေတာ၊ ရန်ဖြစ်နေတာ၊ လူဆိုး

ဂိုဏ်းတွေကိုပဲ အားကျတာ၊ မူးယစ်ဆေးဝါး ရောင်းဝယ်တာ စတဲ့ အရာတွေနဲ့ အချိန်ကုန်နေတာကို သွားတွေ့ခဲ့မိတယ်။

ကလေးငယ်တွေရဲ့ အပြစ်ကင်းတဲ့ မျက်နှာကို ကြည့်ပြီး ဝန်ထမ်းတွေ ရင်နာခဲ့ကြတယ်။

လမ်းပေါ်မှာ ပဲ အချိန်ဖြုန်းနေတဲ့ ဒီကလေးငယ်တွေအတွက် ဘာများ လုပ်ပေးနိုင်မလဲလို့ သူတို့ စဉ်းစားကြတယ်။ ကလေးငယ်တွေရဲ့ အနာဂတ်သာယာလှပဖို့ သူတို့ မြင်ချင်ခဲ့ကြတယ်။ ဒီလိုနဲ့ Rocinha ဆင်းရဲသားရပ်ကွက်မှာ ဂီတကျောင်းတစ်ကျောင်း သူတို့ ဆောက်လုပ်လိုက်ကြတယ်။ ကလေးငယ်တွေကို ဂီတအမျိုးမျိုး အခမဲ့သင်ကြားပေးခဲ့ ကြတယ်။ ကလေးငယ်တွေ တစ်ခုခုတတ်မြောက်ပြီး နောင်တစ်ချိန်မှာ လူ့အဖွဲ့အစည်းအတွက် အသုံးဝင်မယ့်ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ခဲ့ကြတယ်။

(၂)

ဂီတကျောင်းမှာ အခမဲ့ သင်ခွင့်ရှိတယ်ဆို တာကို သိရတော့ ကလေးငယ်တွေ ပျော်ရွှင်ကြတယ်။ ဂီတကိုသင်ယူဖို့ သူတို့ အပြေးအလွှား စာရင်းလာသွင်းကြတယ်။ ရက်တိုတိုအတွင်းမှာ ကလေးငယ်ပေါင်း ၃၀၀ ကျော် ကျောင်းလာအပ်ခဲ့ကြတယ်။ ဒီကလေးငယ်တွေဟာ အသက် ၇ နှစ်မှ ၁၃ နှစ်အရွယ်တွေ ဖြစ်ကြတယ်။

တစ်နေ့မှာ ကာကာတစ်ယောက် ကျောင်းရှေ့ကို ရောက်လာခဲ့ တယ်။ စာသင်ခန်းထဲက နေ ပျံ့လွင့်လာတဲ့ ဂီတသံက သူ့နားထဲ တိုးဝင်လာ ခဲ့လို့ ပြတင်းပေါက်ကနေ အထဲကို သူ တအံ့တသြကြည့်လိုက်မိတယ်။ သူတွေ့လိုက်တာက သူ့အရွယ်ကလေးငယ်တွေဟာ တယောဆွဲနေကြ တယ်။ ချိုမြတဲ့ တယောသံက အဲဒီတ

ယောကြိုးကနေ ထွက်ပေါ်လာတာကို သူ အံ့ဩမှ င်တက်တွေ့လိုက်ပါတယ်။ ပတ်ဝန်း ကျင်ကို ဂရုမစိုက်မိ လောက်အောင် တယော သံထဲ သူ နစ်မျောသွားခဲ့တယ်။

အဲဒီအချိန်မှာ ရုတ်တရက် အခန်းတံခါးပွင့် သွားတယ်။ တံခါး ထဲကနေ ပြုံးရွှင်တဲ့ မျက်နှာ ထားနဲ့ လူတစ်ဦးထွက်လာပါတယ်။ ပြီးတော့ ရင်းနှီးဖော်ရွေတဲ့ အသံနဲ့ 'ကောင်ကလေး အ ထဲကိုဝင်ခဲ့လေ' လို့ ဆိုတယ်။ကာကာက ရှက် ကိုးရှက်ကန်းနဲ့ ကျောင်းခန်းထဲ ဝင်လိုက်ပါတ ယ်။ ကလေးတွေနားအထိ သူလျှောက်သွားပြီး ဟိုတူရိယာကို ကိုင်ကြည့်လိုက်၊ ဒီတူရိယာကို ထိကြည့်လိုက်နဲ့ ရင်ထဲမှာ ပျော်ရွှင်ကြည်နူးနေ ခဲ့တယ်။

ဒါဟာ ပထမဆုံးအကြိမ် ဂီတတူရိယာကို သူ တွေ့ဖူးတာပဲ ဖြစ်တယ်။ ဒီတူရိယာတွေ

ဟာ သူ့မျက်ဝန်းထဲမှာ လှပတဲ့ အရောင်စုံတွေ ဖူးပွင့်နေသလိုပါပဲ။

'တယောထိုးတာ သင်ချင်သလား' လို့ ဆရာက သူ့ကို ချိုချို သာသာနဲ့ မေးပါတယ်။

ကာကာ့မျက်ဝန်းထဲကနေ ဝမ်းသာပျော်ရွှင်တဲ့ အရိပ်အယောင် တွေ ထွက်ပေါ်လာပါတယ်။ ပြီးမှ မေ့းမှိန်သွားပြီး 'သင်ချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အိမ်မှာ ပိုက်ဆံမရှိဘူး' လို့ ဆိုတယ်။

ဆရာက ကာကာရဲ့ ခေါင်းကို ကိုင်ပြီး ညင်သာစွာနဲ့ ... 'ဒီမှာ ပိုက်ဆံပေးစရာမလိုဘူး။ သား သင်ချင်တယ်ဆိုရင် သားတတ်အောင် သင်နိုင်ပါတယ်' လို့ ပြောလိုက်တယ်။ ပြီးတော့ ကာကာရဲ့ လက်ကို ကိုင်မြှောက်ပြီး တစ်ဆက်တည်း 'ဒီလက်ကလေးက တယောထိုးတဲ့ လက်ကလေးပါလား' လို့ ပြောလိုက်ပါတယ်။

ကာကာဟာ ကိုယ့်လက်အစုံကို ကိုယ်တိုင်ကိုင်ကြည့်ပြီး 'ငါ့လက်တွေက တကယ်ပဲ တယောထိုးနိုင်မလား'လို့ အထပ်ထပ်အခါခါ ကိုယ့်ကိုယ်ကိုယ်မေးလိုက်မိတော့တယ်။

(၃)

ကာကာဟာ လှုပ်ရှားပျော်ရွှင်တဲ့ စိတ်နဲ့ တရုတ်ကုမ္ပဏီက ဖွင့် လှစ်ထားတဲ့ ဒီဂီတကျောင်းမှာ လာရောက်သင်ယူခဲ့ပါတယ်။ သူ့မှာ ဂီတပါရမီရှိလို့ ပဲလား။ တယောထိုးတာကို သူ အလွယ်တကူ သင်ယူနိုင် ခဲ့ပါတယ်။ သူ့တယောသံက ငှက်ကလေးတွေ တေးသီကျူးနေသလိုပဲ နားဝင်ချိုလှပါတယ်။

အိမ်ပြန်ရောက်တိုင်း ကာကာဟာ အိမ်မှာလည်း တယောထိုး ကျင့်ခဲ့တယ်။ ပြတင်းပေါက်ရှေ့ရပ်ပြီး တယောထိုးကျင့်နေတဲ့ သူ့တယောသံ ဟာ အတောင်ပံပေါက်လာသလို လေ

ထုထဲ တိုးဝင်ပြီး ဆင်းရဲသား ရပ်ကွက်ကြား ဟိုဒီပျံ့ဝဲပျံ့လွင့်နေခဲ့ပါတယ်။ လူကြီးလူငယ် တော်တော် များများက ပြတင်းပေါက်ဘောင် ပေါ် မှီပြီး လှပတဲ့ သူ့တယောသံထဲ ပျော်ဝင် နစ်မျောနေခဲ့ကြတယ်။ သူတို့ ရဲ့ မျက်ဝန်းမှာ ကြည်နူးတဲ့ အရိပ်အယောင် တွေ လင်းလက်နေခဲ့ပါတယ်။ 'မင်းတို့ ကြီးလာရင်လည်း ကာကာ့ကို အတု ယူကြနော်။ ဒါမှ အကျိုးရှိတာ' လို့ တချို့မိဘတွေက ဆိုတယ်။

ကာကာရဲ့ မိဘတွေက ကာကာတယော တီးသင်တာကို အရမ်း အားပေးကြတယ်။ ကာကာရဲ့ စိတ်ကူးအိပ်မက်သစ်အတွက် သူတို့ ဝမ်းသာ ပျော်ရွှင်ကြတယ်။ တယောကို သူတို့ ကိုင်ကြည့်ပြီး 'ဒါမှ တကယ့်စိတ်ကူး အိပ်မက် မက်တဲ့ သူ'လို့ ပြောကြတယ်။

ကာကာဟာ သူ့ဂီတအဖွဲ့နဲ့ အတူ ဆင်းရဲ

သားနယ်မြေက ထွက်ခွာ လာနိုင်ခဲ့ပြီး ဘုရားဇီး နေရာအနှံ့၊ ဇာတ်ရုံ၊ ကျောင်း၊ ရပ်ကွက်တွေမှ ဖျော်ဖြေ ခွင့်ရခဲ့တယ်။ သူတို့ ရဲ့ သာယာငြိမ့် ညောင်းတဲ့ တယောသံက လူအများ ရဲ့ ကြိုဆို အားပေးခြင်းကို ရခဲ့ကြတယ်။ အားပေးတဲ့ လက်ခုပ်သံတွေကြောင့် ကာကာ့ရင်ထဲ ဂုဏ်ယူခြင်း၊ ဝမ်းသာပျော်ရွှင်ခြင်းတွေ ပြည့်နှက်ခဲ့တယ် ။

ချိုသာတဲ့ တယောသံတွေက ဆင်းရဲသားနယ်မြေမှာ လူးလား ခေါက်ပြန်ပျံ့လွင့်နေခဲ့ပါတယ်။ ချိုမြတဲ့ ဝတ်ရည်လို လူ့နှလုံးသားကို စွတ်စို အေးမြစေပြီး အဆုံးမရှိတဲ့ ချစ်ခြင်းမေတ္တာ၊ ကျေးဇူးတရားတွေကို တသွင်သွင် စီးဆင်းစေခဲ့ပါတယ်။ အခု ကာကာ့မှာ ဘဝအတွက် ရွေးချယ် စရာတွေ အများကြီးရှိနေခဲ့ပါပြီ။ သူ့လို ဆင်းရဲသားနယ်မြေမှာ ကြီးပြင်းလာ မယ့် ကလေးငယ်တွေရဲ့ ဘဝကို သူ့တယောသံနဲ့ သူ

ပြောင်းလဲခွင့်ရနေခဲ့ ပါပြီ။

မူရင်းလင့် - http://www.85nian.net/shiye/41596.html

*

## ကလေးကို ကျရှုံးတဲ့ အခွင့်အရေးပေးပါ

အင်္ဂလန်ကို အလည်သွားတော့ အမျိုးသားရဲ့ မိတ်ဆွေတစ်ဦး အိမ်မှာ ကျွန်မတို့ တည်းခိုဖြစ်ခဲ့ကြတယ်။ အမျိုးသားရဲ့ မိတ်ဆွေက ချာလီလို့ ခေါ်ပါတယ်။ အရင်က တရုတ်ကုမ္ပဏီတစ်ခုမှာ အမျိုးသားနဲ့ အတူ တာဝန်ထမ်းဆောင်ခဲ့ဖူးသူပါ။ ချာလီရော သူ့အမျိုးသမီးကက်သရင်းပါ ကျွန်မတို့ ကို ဖော်ဖော်ရွေရွေ ကြိုဆိုကြတယ်။ ချာလီတို့ ဇနီးမောင်နှံမှာ အသက်ခုနစ်နှစ်အရွယ် သားလေးတစ်ယောက်ရှိပါတယ်။ ကောင်လေးက တစ်ခေါင်းလုံး ရွှေဝါရောင်ဆံနွယ်ရှိပြီး သွက်လက်ချက်ချာပါတယ်။ တရုတ်စကားကို အနည်းအကျဉ်းတတ်ပါတယ်။

ချာလီတို့ အိမ်မှာ ကျွန်မတို့ တည်းခဲ့တဲ့ ရက်အတောအတွင်း သူတို့ ဇနီးမောင်နှံရဲ့ သားအပေါ်ထားရှိတဲ့ ချစ်ခြင်းမေတ္တာတစ်မျိုးက ကျွန်မတို့ကို နက်နဲတဲ့ တွေးတောဆင်ခြင်မှုတွေပေးခဲ့ပါတယ်။

အင်္ဂလိပ်လူမျိုးတွေရဲ့ သားသမီးအပေါ် သွန်သင်ဆုံးမမှုတွေက ကျွန်မတို့ နဲ့ မတူကြောင်းကို ချာလီတို့ အိမ်ရောက်သွားတဲ့ ပထမနေ့မှာပဲ ကျွန်မ သတိထားခဲ့မိပါတယ်။ အဲဒီနေ့က ညစာစားပြီးချိန်မှာ ကက်သရင်းကို ကျွန်မ အိမ်မှုကိစ္စ ကူလုပ်ပါတယ်။ ဒါကို ချာလီတို့ က ဒီအလုပ်တွေ ကျွန်မ လုပ်စရာမလိုဘူးလို့ တားပါတယ်။ ဒါဟာ အင်္ဂလိပ်လူမျိုးတွေက ကျွန်မတို့လိုပဲ အားနာတတ်လို့ ဖြစ်မယ်လို့ ကျွန်မထင်မိပါတယ်။ ဒါပေမဲ့ ကျွန်မ အထင်ရော အမြင်ပါလွဲသွားခဲ့ပါတယ်။ ဒီအလုပ်က သူတို့ ရဲ့ သား လုပ်ရမယ့် အလုပ်ဆိုတာကို ကျွန်မ တ

အံ့တသြသိလိုက်ရပါတယ်။

'သူ ဒီလောက်ငယ်တာ ဒီအလုပ်တွေ သူလုပ်နိုင်ပါ့မလား'လို့ ကျွန်မ ထူးဆန်းစွာမေးတော့ ကက်သရင်းက ရယ်ပြီး 'မအံ့သြပါနဲ့ ... သားလေး နှစ်နှစ်အရွယ်လောက်ကတည်းက ပန်းကန်ဆေးနေခဲ့ပါပြီ။ ဒီအလုပ်က သူ့အတွက် ဘာမှ မဖြစ်စလောက်လေးပါ' လို့ ဆိုတယ်။

'ဘုရားရေ... နှစ်နှစ်အရွယ်ကလေးက ဒါတွေကိုလုပ်နိုင်တယ်' လို့ ကျွန်မ လွှတ်ခနဲ ပြောလိုက်မိပါတယ်။

'ဘာဖြစ်လို့ မလုပ်နိုင်ရမှာ လဲ' လို့ ကျွန်မ တအံ့တသြဖြစ်နေ တဲ့ ပုံကို ကက်သရင်းက ထူးဆန်းသလို ပြန်ကြည့်ရင်း ပြောပါတယ်။

နံဘေးမှာ ရပ်နေတဲ့ ချာလီက ကျွန်မကို ရှင်းပြပါတယ်။ လွန်ခဲ့တဲ့ နှစ်တွေမှာ သား ပန်း

ကန်မဆေးနိုင်သေးတာကို သူသိပေမယ့် သား ကို သူ စမ်းသပ်ခွင့်ပေးလိုက်ပါတယ်။ အဲဒီတု န်းက သားဟာ ပန်းကန်ဆေးရင်း တစ်ကိုယ် လုံး ရွှဲရွှဲစိုနေခဲ့တဲ့ အပြင် ပန်းကန်တွေပါ ကျ ကွဲခဲ့ပါတယ်။ စိတ်ပျက် လက်ပျက်နဲ့ သားက ငိုတော့ ချာလီက သားကို ကိုယ်တိုင်ရေချိုးပေးပြီး အဝတ်အစားတွေ လဲ ပေးလိုက်တယ်။ ပြီးတော့ ပန်းကန်ကို ဘယ် လို ဆေးရမယ်၊ အဝတ်စနဲ့ ဘယ်လိုခြောက် အောင် သုတ်ရမယ်ဆိုတာကို ချာလီကိုယ်တိုင် လုပ်ပြခဲ့ပါတယ်။ ဒီလိုနဲ့ သား ပန်းကန်ဆေး တတ်သွားခဲ့ ပါတယ်။ ချာလီရဲ့ အတွေးက ရှင်းရှင်းလေးပါ။ ကလေးကို ကျရှုံးတဲ့ အခွင့် အရေးပေးရမယ်၊ ကျရှုံးမှုနဲ့ ရင်ဆိုင်ရချိန် အောင်မြင်မှုရရှိတဲ့ အထိ အမှား တွေကို အကြိ မ်ကြိမ်ပြုပြင်ရမယ်။ ဒါဟာ တတ်ကျွမ်းမှုကို ထိန်းချုပ် ဖမ်းဆုပ်တတ်ဖို့ ကလေးတွေကို သ

င်ပြပေးနေတာနဲ့ တစ်ပြိုင်နက် လူ့ဘဝရဲ့ စိတ်နေစိတ်ထားတစ်ခုကိုပါ သင်ပြပေးနေတာဖြစ်ပါတယ်။

'ကလေးကို ကျရှုံးတဲ့ အခွင့်အရေးပေးပါ' ချာလီတို့ ဇနီးမောင်နှံရဲ့ ကလေးအပေါ်သွန်သင်မှုက ကျွန်မကို တုန်လှုပ်စေခဲ့ပါတယ်။ အချိန်တော် တော်များများက ကျွန်မတို့ က စိတ်ရှည်သည်းခံလိုစိတ် နည်းခဲ့ကြတယ်။ ကလေးကို ပေးလုပ်မယ့်အစား ကိုယ်တိုင်ပဲ ထလုပ်မယ်လို့ ပဲ တွေးကြတယ်။ သတ္တိရှိရှိ ကလေးကို လက်လွှတ်ပြီး စမ်းသပ်ခိုင်းရဲရမယ်၊ ဘေးအန္တရာယ် မဖြစ်အောင် ကလေးတွေငယ်စဉ်ကတည်းက သင်ယူရမယ်ဆိုတာကို မိဘတော်တော်များများ လျစ်လျူရှုခဲ့မိကြပါတယ်။ ကလေးတွေက ကျွန်မတို့ ရဲ့ မျက်စိအောက်မှာ အမြဲရှိနေကြတာ မဟုတ်ပါဘူး။ ရေနွေးပူလောင်တာ၊ ကတ်ကြေးနဲ့ ညှပ်မိတာမျိုးက နေ့

စဉ် လူနေမှုမှာ အမြဲကြုံတွေ့ရတဲ့ ဘေးအန္တရာယ်တွေဖြစ်ပါတယ်။

ချာလီတို့ အိမ်မှာ ကျွန်မတို့ နေလာခဲ့တဲ့ ရက်အတောအတွင်း သူတို့ ရဲ့ သားလေးဟာ ဘာမဆို ကိုယ်တိုင်လုပ်၊ ကိုယ့်အားကိုယ်ကိုးတာကို ပဲ တွေ့ခဲ့ရပါတယ်။ နေ့တိုင်း သူကိုယ်တိုင်နှိုးစက်လုပ်ပြီး အိပ်ရာထတယ်။ သူကိုယ်တိုင် သွားနို့ထည့်၊ ကြက်ဥကြော်တယ်၊ အားလုံးပြင်ဆင်ပြီးရင် သူကိုယ်တိုင် ကျောင်းကားမှတ်တိုင်မှာ ကျောင်းကားအလာကို သွားစောင့်တယ်။ ဒါတင်မက အိမ်မှာ ရေပိုက်ပျက်တာ၊ မီးသီးကျွမ်းတာတွေကို သူကိုယ်တိုင်ပြင်နိုင်ခဲ့ပါတယ်။ ကားပြင်တာကိုတောင် သူ အချက်အလက် ကျကျပြောနိုင်ခဲ့ပါတယ်။

ချာလီတို့ ရဲ့ သားနဲ့ နှိုင်းယှဉ်ကြည့်ရင် ကျွန်မသားရဲ့ ဘဝနေထိုင် မှုစွမ်းရည်က အဘက်

ဘက်မှာ အရမ်းကွဲပြားခြားနားတာကို တွေ့လိုက် မိတယ်။ ခါတိုင်းအချိန်တွေမှာ သားက စမ်းသပ်လုပ်ကြည့်ချင်တယ်ဆိုရင် တောင် တခြားမိဘအများ တွေလိုပဲ ကျွန်မတို့ က သူ မလုပ်နိုင်မှာ ကို စိုးရိမ် မိတတ်ခဲ့ ကြတယ်။

ကလေးကို ကျရှုံးတဲ့ အခွင့်အရေး မပေးရင် ကြီးပြင်းဖို့ ကို သူ ဘယ်လိုသင်ယူနိုင်မှာ လဲ။

အင်္ဂလန်က မိတ်ဆွေမိသားစုဆီကနေ ကလေးသွန်သင်ဆုံးမ နည်းကို ကျွန်မသင်ယူနိုင်ခဲ့ရုံမက အရင်တုန်းက သားကို ကျွန်မ သွန်သင် ဆုံးမခဲ့တာတွေကိုလည်း တွေးတောဆင်ခြင်စရာ ရရှိခဲ့ပါတယ်။ ကျွန်မ တို့ က အိမ်မှုကိစ္စလုပ်ရတာ မောလိုက်တာလို့ အမြဲညည်းတွားခဲ့ကြပါတယ်။ ဒါဟာ ကလေးတွေ စမ်းသပ်လုပ်ဆောင်ချင်တဲ့ အခွင့်အရေးတော်တော် များများကို ကျွန်မတို့ တားမြစ်ပိ

တ်ပင်ခဲ့ကြလို့ ပဲလား...။

မူရင်းရေးသားသူ - Péng gēn chéng

မူရင်းလင့်- http://www.85nian.net/shiye/23577.html

*

## ကပ်စေးနဲ့တဲ့ ဒတ်(ချ်)လူမျိုး

နယ်သာလန်ကို ရောက်တာနဲ့ ညော့်လမ်းညွှန်က ကျွန်မတို့ ကို ပြောပါတယ်။ 'ဒတ်(ချ်)လူမျိုးတွေက အရမ်းကပ်စေးနဲ့တယ်' တဲ့ ။

စစချင်းမှာ ဒါကို ကျွန်မတို့ မယုံပါဘူး။ နယ်သာလန်က ကမ္ဘာပေါ်မှာ အချမ်းသာဆုံး နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်လို့ ပါပဲ။ ဒီလိုချမ်းသာတဲ့ နိုင်ငံက လူတွေ ဘယ်လိုလုပ် ကပ်စေးနဲ့မှာ လဲပေါ့။ နောက်ပိုင်း ကျွန်မတို့ တဖြည်းဖြည်းလက်တွေ့သိမြင်လာမှ ဒတ်(ချ်)လူမျိုးတွေဟာ တကယ် 'ကပ်စေးနဲ'တယ်ဆိုတာကို ကျွန်

မတို့ သိလာခဲ့ရပါတယ်။

(၁) လေအေးစက်သုံးရမှာ သူတို့ နှမြောကြတယ်။

တစ်နေ့မှာ နယ်သာလန်ရဲ့ Thorn လို့ ခေါ်တဲ့ မြို့လေးတစ်မြို့ကို ကျွန်မတို့ ရောက်သွားခဲ့ကြတယ်။ အဲဒီနေ့ရဲ့ နေအပူချိန်က 36 ~ 37 ဒီဂရီ ဆဲစီယပ်စ်လောက်ရှိတယ်။ ကျွန်မတို့ တစ်သိုက် ပူလွန်းလို့ ကျောပြင်တစ်ခု လုံး ချွေးတွေနဲ့ ရွဲနစ်နေခဲ့ပါတယ်။ အဲဒီအချိန်မှာ လမ်းဘေးက ကော်ဖီဆိုင် တစ်ဆိုင်တွေ့လို့ ဆိုင်ထဲကို ကျွန်မတို့ ဝင်သွားကြပါတယ်။ ဆိုင်ထဲမှာ ပူလောင်အိုက်စပ်နေပါတယ်။ လေအေးစက်မရှိပါဘူး။ ညှော်လမ်းညွှန်က ဒီဒေသမှာ ပဲ လေအေးစက်မရှိတာ မဟုတ်ဘူး ။ နယ်သာလန်က မြို့တော် တော်များများမှာ လည်း လေအေးစက်မရှိတဲ့ အိမ်တွေ၊ ဆိုင်တွေများ

တယ် လို့ ပြောပါတယ်။ ကျွန်မတို့ တည်းမယ့် တည်းခိုခန်းမှာ လည်း မရှိပါဘူးတဲ့ ။ ညအချိန် တည်းခိုခန်းမှာ ကျွန်မတို့ တည်းတော့ တကယ်ပဲ လေအေးစက် မရှိခဲ့ပါဘူး။ မနက်ရောက်တော့ ဧည့်လမ်းညွှန်ကို လေအေးစက်ရှိတဲ့ တည်းခိုခန်းမှာ တည်းပါရစေလို့ ကျွန်မတို့ တောင်းဆိုခဲ့မိကြတယ်။

ဧည့်လမ်းညွှန်က ကျွန်မတို့ ကို ကြည့်ပြီး ' ကမ္ဘာကြီးဖျားနေပြီ ဆိုတာ မသိကြဘူးလား။ ကမ္ဘာဖျားအောင်လုပ်တာ ကျွန်မတို့ လူသားတွေပါ။ နယ်သာလန်တွေက လေအေးစက်မပြောနဲ့ ပန်ကာတောင် မသုံးကြပါဘူး၊ သုံးခဲ့ရင်လည်း တကယ့်လိုအပ်မှ သုံးကြတယ်။ အခန်းထဲမှာ လူမရှိတာနဲ့ ပန်ကာကို ပိတ်ပါတယ်။ မီတာခပေးစရာမလိုတဲ့ တည်းခိုခန်းမှာ တည်း ရင်လည်း အခန်းမှာ လူမရှိရင် ပိတ်ပါတယ်' လို့ ပြောပါတယ်။

(၂) ကားဝယ်ရမှာ နှမြောတယ်

နယ်သာလန်က ဥရောပနိုင်ငံတွေထဲမှာ စက်ဘီးအများ ဆုံးနိုင်ငံ ဖြစ်တယ်။ တောရွာမှာဖြစ်ဖြစ်၊ မြို့ပြမှာ ဖြစ်ဖြစ် စက်ဘီးစီးတဲ့ သူအများ အပြား ကို တွေ့ မြင်နိုင်ပါတယ်။ ဧည့်လမ်းညွှန်က နယ်သာလန်အစိုးရဟာ စက်ဘီး စီးဖို့ ကို အားပေးတယ်လို့ ဆိုတယ်။ စက်ဘီးစီးပြီး အလုပ်တက်သူတိုင်းဟာ ဆုကြေးငွေ ချီးမြှင့်ခြင်းခံရသလို သူတို့ ရဲ့ အလုပ်က ဝင်ငွေခွန်လည်း လျှော့ပေါ့ခြင်းခံရပါတယ်။

တကယ်တမ်းပဲ နယ်သာလန်ရဲ့ လမ်းကြီးလမ်းသွယ်တွေမှာ စက်ဘီးစီးသူတွေနဲ့ ပြည့်နေခဲ့ပါတယ်။

(၃) ရေပူရေနွေးသုံးရမှာ နှမြောတယ်။

ဧည့်လမ်းညွှန်က ကျွန်မတို့ ကို

'ရေပူရေနွေးနဲ့ ရေချိုးတာကို နှစ်သက်သူတွေ နယ်သာလန်ရောက်ရင် သတိထားပါ။ နယ်သာလန်က ရေအပူချိန်ကို အမြဲတမ်း ၄၅ ဒီဂရီ ဆဲစီယပ်စ်အဖြစ် တစ်သမတ်တည်း သတ်မှတ်ထားပါတယ်။ ဒါဟာ သဘာဝထိန်းသိမ်းတာလို့ နယ်သာလန် အစိုးရက ဆိုပါတယ်' လို့ ပြောပါတယ်။

(၄) ပန်းကန်တွေ သုံးရမှာ နှမြောတယ်။

ကိုယ်တိုင်ယူစနစ်စားသောက်ဆိုင်တွေမှာ ကျွန်မတို့ သတိထား မိတာက ဒတ်(ချ်)လူမျိုးတွေဟာ သုံးပြီးသား ပန်းကန်တွေနဲ့ ပဲ ထပ်ထပ် သုံးတာကို တွေ့ခဲ့ရပါတယ်။ နယ်သာလန် အစိုးရက ပြည်သူအများကို 'ထမင်းတစ်ခါစားရင် ပန်းကန်တစ်ချပ်ပဲ အသုံးပြုမယ်' ဆိုတဲ့ လှုပ်ရှားမှုနဲ့ အားပေးထောက်ခံခဲ့တယ်။ ပန်းကန်ဆေးရည်၊ သန့်ရှင်းရေးအသုံးပြု ဆေးရ

ည်တွေဟာ ရေထုနဲ့ လေထုကို ကြီးမားတဲ့ ညစ်ညမ်းမှု ဖြစ်စေပါ တယ်။ နယ်သာလန်မှာ စွန့်ပစ်ရေတွေကို စွန့်ပစ်ရေစီမံပြုပြင်ရေးစက်တွေ နဲ့ လုပ်ဆောင်ပြီး တစ်ဖန်ပြန်လည်သုံးစွဲကြပါတယ်။ အကယ်၍ စွန့်ပစ် ရေထဲမှာ သန့်ရှင်းရေးအသုံးပြုဆေးရည်တွေ ပါဝင်နေခဲ့ရင် ပိုခက်ခဲ ရှုပ်ထွေးတဲ့ စီမံဆောင်ရွက်မှုတွေပြုလုပ်ပြီးမှ အဲဒီရေကို တစ်ဖန်ပြန်လည်သုံးစွဲရတာဖြစ်ပါတယ်။ ငွေကြေး၊ အချိန်၊ လုပ်အားတွေ ပိုကုန်ကျတာကြောင့် လူတွေကို ပန်းကန်လျှော်သုံးဖို့ အစိုးရက လှုံ့ဆော်ခဲ့တာဖြစ်ပါတယ်။

ဒေသ့်လမ်းညွှန် ရှင်းပြတာတွေကို နားထောင်ပြီး ကျွန်မတို့ အသိတရားရခဲ့ကြပါတယ်။ ကမ္ဘာကြီးက ကျွန်မတို့ လူသားတိုင်းရဲ့ ဘုံအိမ် ဖြစ်ပါတယ်။ လူတစ်ယောက်တည်း ဒါမှ မဟုတ် နိုင်ငံတစ်နိုင်ငံတည်းနဲ့ ဒီကမ္ဘာကြီးကို မြတ်နိုး

တန်ဖိုးထားဖို့ ဆိုတာ မဖြစ်နိုင်ပါဘူး။ လူသား အားလုံး ချစ်မြတ်နိုးကာကွယ်မှ သာ သန့်ရှင်း ကျန်းမာတဲ့ ပတ်ဝန်းကျင်တစ်ခုကို ကျွန်မတို့ ရမှာ ဖြစ်ပါတယ်။

ကပ်စေးနဲ့တယ်ဆိုတဲ့ ဒတ်(ချ်)လူမျိုးတွေ ဟာ တကယ်တော့ စိတ်နှလုံးပြည့်ဝသူတွေဖြ စ်ပါတယ်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟာ ဒ တ်(ချ်)လူမျိုးတွေရဲ့ ဘဝမှာ တစ်စိတ်တစ်ဒေ သအဖြစ် ပါဝင်ပတ်သက်နေပြီဖြစ်ပါတယ်။ ညစ်ညမ်းတဲ့ ပတ်ဝန်းကျင်ဟာ မကျန်းမာတဲ့ လူနေမှုဘဝကို ဖြစ်စေရုံမက ဒါဟာ ကမ္ဘာ့အ လ ယ မ ၂၁ သေးသိမ်နိမ့်ကျတဲ့ အရာတစ်ခုလည်း ဖြစ်ပါတယ်။ သဘာဝပတ် ဝန်းကျင်ထိန်းသိမ်းတာကို ကြော်ငြာဆောင်ပု ဒ်၊ အပြောတွေနဲ့ တင် မလုံလောက်ဘဲ လူတိုင်း

လူတိုင်း လက်တွေ့ပါဝင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ကိုယ့်နံဘေးက အရာသေးသေးလေးတွေကနေတစ်ဆင့် စတင် ဆောင်ရွက်တာဟာလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အားပေးကူညီရာ ရောက်ပါတယ်။

မူရင်းရေးသားသူ-Wang Jun

ချစ်ခင်လေးစားစွာဖြင့်

နိုင်းနိုင်းစနေ

*